# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၉) ရက် ၊ တနင်္လာနေ့ ၊ (29-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ်ရှိ ဝါ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)ကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)သို့ ရောက်ရှိပြီး စျေးကွက်ဝင်ချည်များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံရှင်းလင်းဆောင်၌ အရာထမ်းများနှင့်တွေ့ဆုံပြီး ပြည်တွင်းမှ ထွက်ရှိသည့် ၁/၄၀ ချည်များဖြင့် အထည်များရက်လုပ်ရာတွင် တိုင်ချည်အဖြစ် အသုံးပြုနိုင်သည်ထိ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ချည်တစ်ပင်ချင်းစီ၏ ဆွဲဆန့်မှုခံနိုင်ရည်ကို စာမျက်နှာ ၁၈ ကော်လံ ၁

## တိုက်ကြီးမြို့နယ် ရေဘေးသင့်ပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံ ယမန်နေ့နေ့လယ်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများ သွားရောက်၍ အားပေးစကားများပြောကြားပြီး အခြေခံစားသောက်ကုန်ပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ရေကြီးနစ်မြုပ်နေသည့်ကျေးရွာများကို တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများက

စာမျက်နှာ ၁၈ ကော်လံ ၁




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**(၉၇)နှစ်မြောက်မှသည် ထောင်စုနှစ်များစွာဆီတည်ရှိစေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်** ဆောင်းပါး စာမျက်နှာ-၁၉





Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်း ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ စျေးဝယ်ခြင်း ၊

E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊

Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်

၂၀၂၄ ခုနှစ်တွင်ကျင်းပမည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက်က နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များကို တောက်လျှောက်လက်ဆင့်ကမ်းခဲ့ကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်ရှိကြသည့် ဝါသနာရှင်မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုတို့ကိုအခြေခံပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို လူအား၊ ငွေအား၊ အချိန်များပံ့ပိုး၍ စဉ်ဆက်မပြတ်ကျင်းပနေခြင်းဖြစ်ပြီး ယခုနှစ်တွင် (၂၅)ကြိမ်မြောက် ငွေရတုတိုင်ခဲ့ပြီဖြစ်ပေသည်။

လွန်ခဲ့သော ၁၉၉၃ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှအစပြုကာ အဆိုပါပြိုင်ပွဲများ သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ဖွင့်ပေးခဲ့ရာ ဈေးကွက်စီးပွားရေးစနစ်နှင့်အတူ အနောက်တိုင်းယဉ်ကျေးမှုအငွေ့အသက်တို့ လွှမ်းလွှမ်းကဲကဲဝင်ရောက်လာသောကြောင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရေး ထိန်းသိမ်းရန်လိုအပ်လာသည်။ ထိုမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကိုကျင်းပပြုလုပ်ခြင်းဖြင့် တတ်နိုင်သမျှအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းကြရန် စတင်လိုက်ခြင်းဖြစ်ပေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၂၀၁၆ ခုနှစ်တွင် (၂၂) ကြိမ်မြောက်အဖြစ် ကျင်းပနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိကျင်းပနိုင်ခြင်းမရှိခဲ့ပေ။ ၂၀၂၂ ခုနှစ်တွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နေပြည်တော်၌ ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာဂီတကိုဖန်တီးသော အခြေခံတူရိယာ "ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်"ဟူသည့် မြန်မာတို့၏မူလတူရိယာငါးပါးတွင် တစ်ထပ်တည်းပါဝင်တူညီနေကြသကဲ့သို့ တိုင်းရင်းသားများ၏ အကအခြေခံမူအားလုံးသည်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်"ဟူသည့် မြန်မာနိုင်ငံသားအားလုံး၏ အကအခြေခံစနစ်တွင် တစ်ထပ်တည်း အခြေတည်လျက်ရှိသည်။

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နိုင်ငံတော်အဆင့်ကျင်းပပေးနေခြင်းဖြင့် ရိုးရာယဉ်ကျေးမှု ဂီတအနုပညာအမွေအနှစ်များကို မျိုးဆက်သစ်များ ချစ်မြတ်နိုးလာပြီး ထိန်းသိမ်းစောင့်ရှောက်မှု၊ ဆက်လက်မြှင့်တင်မှုတို့ကို ဆောင်ရွက်နိုင်ကြသကဲ့သို့ အနုပညာရှင်များစွာလည်း မွေးထုတ်ပေးနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာလူမျိုးတို့၏ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိမြဲမြဲစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ကုသိုလ်တော်ဘုရားသို့ လာရောက်ဖူးမြော်သည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူး တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်ထိရှိ



**မန္တလေး ဇူလိုင် ၂၈**

မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားသို့ လာရောက်ဖူးမြော်သည့် ပြည်တွင်း၊ ပြည်ပဘုရားဖူးတစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်ထိရှိကြောင်း ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့အတွင်း အထင်ကရနေရာအများအပြားရှိသည့်အနက် ကုသိုလ်တော် ဘုရားမှာလည်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက် ဖူးမြော်လျက်ရှိသည့် ဘုရားတစ်ဆူဖြစ်ကြောင်း၊ ယခုလက်ရှိ ကုသိုလ်တော်ဘုရားသို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေမှာ ဇူလိုင်လ စတုတ္ထပတ်မှစ၍ များပြားလျက်ရှိကြောင်း သိရသည်။

"ကုသိုလ်တော်ဘုရားကို လာရောက်ဖူးမြော်ရင်းနဲ့ ကျောက်စာချပ်တွေကိုလေ့လာတဲ့ ပြည်တွင်း၊ ပြည်ပကဘုရားဖူးတွေ တော်တော်လေး ပြန်များလာပါတယ်။ မန္တလေးမြို့အပြင် အခြားနယ်ဝေးဒေသတွေဖြစ်တဲ့ ပြင်ဦးလွင်၊ ရန်ကုန် စတဲ့မြို့တွေကနေ လာရောက်ဘုရားဖူးမြော်သူတွေလဲ ပြန်ပြီးများပြားလာပါတယ်"ဟု ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောပြသည်။

ကုသိုလ်တော်ဘုရားသို့ ဇူလိုင်လ ဒုတိယပတ်က လာရောက်ဖူးမြော်သည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေမှာ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်သာရှိခဲ့သော်လည်း ဇူလိုင်လ စတုတ္ထပတ်မှစ၍ လာရောက်ဖူးမြော်သည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

ကုသိုလ်တော်ဘုရားတွင် နံနက် ၅ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဘုရားဖူးပြည်သူများကို ဝင်၊ ထွက် ဖူးမြော်ခွင့်ပေးထားကြောင်း ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့မှ သိရသည်။

(၁၈၄)

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း မတ်ပဲသီးနှံ ဧက ၈၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲသီးနှံ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်အရောက်ကွင်းဆင်းပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မတ်ပဲသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုး ခြောက်ပြည်စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက မတ်ပဲ ၁၁ ဒသမ ၄၈ တင်းထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး အသိပညာပေးခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည်တို့ကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ဆွေက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများက ဇူလိုင်လ ပထမပတ်မှစ၍ ဝယ်ယူမှုကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ ကျိုက်လတ်ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေပြီး ကွက်ရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုပေါက်နေတဲ့ ကွမ်းရွက်ဈေးနှုန်းက ကွမ်းရွက်စိုက်တဲ့သူတွေ အဆင်ပြေတဲ့ ဈေးနှုန်းဖြစ်ပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ကျိုက်လတ်မြို့ ဈေးကွက်အပြင် မအူပင်ဘက်နဲ့ အခြားဒေသတွေက ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်အရောင်းအဝယ် ပြုလုပ်သူတွေကလဲ ဒေသထွက်ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ဆွေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နဂါးမောက်သီး အလုံးရေ ၃၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း နဂါးမောက်သီးအလုံးရေ ၃၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ်မှ နဂါးမောက်သီးစိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက နဂါးမောက်သီးအလုံးရေ ၂၉၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန် ၁ ရက် မှ ၃၀ ရက်ထိ နဂါးမောက်သီးအလုံးရေ ၃၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသတွင် ဒေသခံစိုက်ပျိုးရေးလုပ်ငန်းကိုင်သူများ အော်ဂဲနစ်နည်းဖြင့်စိုက်ပျိုးသည့် နဂါးမောက်သီးများထွက်ရှိကြောင်း သိရသည်။

"မြန်အောင်မြို့နယ်မှာက အော်ဂဲနစ်နည်းနဲ့ နဂါးမောက်သီးတွေကို စိုက်ပျိုးထုတ်လုပ်နေပါတယ်။ အော်ဂဲနစ်နည်းနဲ့ စိုက်ပျိုးထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ အရသာလဲ ကောင်းပါတယ်။ ဈေးကွက်မှာလဲ ရောင်းပန်းလှသလို ဝယ်ယူသူတွေကလဲ ရှိုးရှိုးအသီးနဲ့ ယှဉ်ရင် ပိုကြိုက်နှစ်သက်ပါတယ်။ မြန်အောင်မြို့နယ်ဘက်မှာ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေကို ရန်ကုန်ဈေးကွက်ဆီ တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု မြန်အောင်မြို့နယ်မှ နဂါးမောက်သီးစိုက်ပျိုး ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဇာခြည်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် အော်ဂဲနစ်နည်းဖြင့် တောင်သူ တစ်ဦးလျှင် နဂါးမောက်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြပြီး စိုက်နည်းစနစ်များကို ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များက ပူးပေါင်း စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေသဖြင့် လာမည့်ဆောင်းကာလတွင် နဂါးမောက်ကေ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်အောင်မြို့နယ်မှ နဂါးမောက်သီး စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၉ လမ်း၊ ၈၆လမ်း-၈၇ လမ်းကြားနေ ဒေါ်မြင့်သောင်း မိသားစုက ကွယ်လွန်သူမိခင် ဒေါ်မိန်းကလေးနှင့် သား ဦးကျော်ကျော်ထွန်းတို့အား ရည်စူး၍ ဆွမ်း၊ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၆၅၀၀၀၀ လှူဒါန်းရာ နာယကဆရာကြီး ဦးတင်မောင်၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မိတ္ထီလာခရိုင် ရေဝေရေလဲဒေသထိန်းသိမ်းရေးလုပ်ငန်းစီစဉ်ဆောင်ရွက်မှု မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ကွင်းဆင်းစစ်ဆေး



**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင်အတွင်းရှိ ဆည်များ၏ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် သစ်တောဦးစီးဌာန တာဝန်ရှိသူများက ခရိုင်ဆိုင်ရာ အချက်အလက်များနှင့်ခရိုင်အတွင်းရှိဆည်များ၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ ရေဝေရေလဲ စိုက်ခင်းတည်ထောင်ခြင်းနှင့်အတူ ဆောင်ရွက်မည့် သဘာဝတောပြုစုထိန်းသိမ်းခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ဆောင်ရွက်ခြင်း၊ ရေမြေတိုက်စားမှုထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ သယံဇာတရေးရာဝန်ကြီးသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းဘေးမိုင်တိုင်အမှတ် (၁၀/၃) မှ (၁၁/၀)၊ မုန်တိုင်ကြိုးဝိုင်းအကွက် အမှတ်(၄) အတွင်း ဒဟတ်သစ်စေ့ထုတ် ၁၀ ဧက တည်ထောင်ဆောင်ရွက်ထားရှိမှုနှင့် သစ်စေ့စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ဘားအံမြို့နယ် ဖာလင်(၂)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ ဇူလိုင် ၂၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဝင်းကျန်ကျေးရွာအုပ်စု ဖာလင်(၂) ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖာလင်(၂) ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)ဦးမင်းဝေဖြိုးက ရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဖာလင်(၂)ကျေးရွာ၌ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့်ရေစင်အောက်ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၈ သန်းဖြင့် Bright Future ကုမ္ပဏီက ယခုနှစ် ဇွန် ၃ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၃၆၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၃၆၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ပဲတီစိမ်း ၉၆၀၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၃၆၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူခရိုင်အတွင်း ပဲတီစိမ်း ဧက ၉၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၈၈၇၁၅ ဧကနှင့်ကျွန်းလှမြို့နယ်တွင် ၄၉၅၃ ဧက စုစုပေါင်း ၉၃၆၆၈ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ပဲတီစိမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် မိုးကြိုပဲတီစိမ်း ဧက ၆၆၅၀၊ မိုးပဲတီစိမ်း ၈၃၉၄၄ ဧကနှင့် ကျွန်းလှမြို့နယ်တွင် မိုးပဲတီစိမ်း ၅၄၁၂ ဧက စုစုပေါင်း ၉၆၀၀၆ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# အများ၏ ယုံကြည်မှု

## ချစ်နိုင်(စိတ်ပညာ)

**လူတိုင်း ကမ္ဘာကြီးကို ပြောင်းလဲရန် စဉ်းစားသော်လည်း မည်သူမျှ မိမိကိုယ်ကိုပြောင်းလဲရန် မစဉ်းစားကြပေ။**

**လီယိုတော်စတွိုင်း(၁၈၂၈-၁၉၁၀)**
**(ရုရှားစာရေးဆရာ)**

စစ်မြေပြင်တွင် ရန်သူပေါင်းအထောင်အသောင်းကို ခေါင်းဆောင်ချေမှုန်းလိုက်နိုင်သူသည် စွမ်းအားကြီးမားသူဖြစ်ပါ၏။ ထို့ထက်မှာမူ မိမိကိုယ်မှာရှိနေသော ရိုင်းစိုင်းကြမ်းတမ်း၍ လုပ်ချင်ရာလုပ်၊ မွှေချင်သလို မွှေတတ်သော စိတ်တစ်ခုကို ယဉ်ကျေးအောင်ဆုံးမထိန်းသိမ်းခြင်း၌ အောင်နိုင်သူသည် ပိုမိုစွမ်းအားကြီးသူဟု ခေါ်ဆိုနိုင်၏။ ပညာရှိများ ဤကဲ့သို့ မိန့်ကြားလေ့ရှိသည်မဟုတ်ပါလား။

အလွန်တရာ နှိမ်နင်းရခက်ခဲပြီး အလွန်လျင်မြန်၊ အလွန်လျှပ်ပေါ်လော်လည်၊ အလွန်ခုန်ပေါက်ပြေးလွှား၊ မိမိထားရာမှာမနေ၊ သူသွားချင်ရာသွား၊ သူဆော့ချင်သလို ဆော့မြူးတတ်သော စိတ်ရူးကို တည်ကြည်ငြိမ်သက်အောင် ထိန်းသိမ်းနိုင်ရေးသည် အရေးကြီးလှ၏။

မိမိစိတ်ကို မထိန်းနိုင်သူများက တစ်စု၊ မိမိစိတ်ကို ယဉ်ကျေးအောင် ကောင်းစွာထိန်းချုပ်နိုင်သူများက တစ်စု အုပ်စုနှစ်စုရှိကြသည်ဆိုပါစို့။ မိမိစိတ်ကို ထိန်းမနိုင် သိမ်းမရဖြစ်သူများမှာ ငယ်သား၊ တပည့်၊ နောက်လိုက်ဖြစ်ကြရ၏။ သူတစ်ပါး ညွှန်ကြားမှု၊ စေခိုင်းမှုကို နာခံရ၏။

မိမိစိတ်ကို ကောင်းစွာအောင်နိုင်သူများသည်ကား မကောင်းမှုကို ရှောင်နိုင်သည်။ ကောင်းမှုများကို အခါမလပ်တိုးပွားအောင် လုပ်ဆောင်နေတတ်သည်။ သူ၏ စိတ်ကိုဖြူစင်အောင် လေ့ကျင့်ပျိုးထောင်ထားလေသည်။ သူသည် လူအများ၏ ယုံကြည်အားကိုးမှုကို ရရှိသည်။ သူတစ်ပါးက စိတ်ချရသည်။ ကမ္ဘာကြီးအပေါ် စွမ်းအားအာနိသင်သက်ရောက်စေရန် အထိရောက်ဆုံးနည်းလမ်းသည်ကား လူတစ်ဦးစီအပေါ်စွမ်းအားအာနိသင် သက်ရောက်စေအောင် လုပ်ရန်ပင်ဖြစ်၏။

ဩဇာလွှမ်းမိုးခြင်းဟုလည်းခေါ်၏။ ခေါင်းဆောင်မှုဟုလည်း ခေါ်ဝေါ်ကြ၏။ သူတို့ဘဝတွေ တိုးတက်ပြောင်းလဲသွားစေအောင် ယခင်နှင့်မတူတော့ဘဲ ခြားနားသွားအောင် သင်လုပ်နိုင်မည်ဟု လူအများက ယုံကြည်ကြပါရဲ့လား။ ဩဇာလွှမ်းမိုးသူဖြစ်စေရန် ဘာများလိုသလဲဟု မေးသင့်သည်။ ပိုက်ဆံချမ်းသာရန်လိုသည်ဟု အချို့ကထင်ကြသည်။ ငွေနှင့်ပေါက်တိုင်း အရာမရောက်မှုများလည်းရှိသေး၏။ အတွေ့အကြုံများရမည်ဟု အချို့ကဆို၏။ အသက်ကြီးသော်လည်း အချိန်မစီးသူများရှိတတ်သည်။ သတ္တိရှိရမည်။ တိုက်ပွဲဝင်ရဲရမည်ဟု အချို့က ပြောတတ်ကြ၏။ ဉာဏ်ပညာဦးစီးခြင်းမရှိသော ရဲရဲတောက်များသည် ကြယ်ကြွေသကဲ့သို့ ကြွေလွင့်သွားကြရရှာသည်။ နည်းပရိယာယ် ကျွမ်းကျင်ခြင်းနှင့် ကြောင်းကျိုးဆီလျော်စွာ မသုံးတတ်ခြင်းတို့ကြောင့် သတ္တိရှိပါလျက် ဉာဏသမ္ပယုတ် (ဉာဏ်ဆင်ခြင်တုံတရား နည်းပါးကင်းမဲ့ခြင်းကြောင့်) မသေသင့်ဘဲ သေရပြီး မအိုသင့်ဘဲ အိုမင်းသွားရရှာလေသည်။ သင်ခန်းစာယူစရာဖြစ်ပါ၏။

ဩဇာလွှမ်းမိုးသည့် လူသည် အောက်ပါအခြေခံလိုအပ်ချက် ၁၀ ချက် ပြည့်စုံရန်လိုအပ်သည်ဟု ခေါင်းဆောင်မှုပညာရပ်ဆိုင်ရာ စာအုပ်ပေါင်း သန်း ၃၀ ကျော် ရောင်းချပြီးသည့် (Best Seller) စာရေးဆရာ ဂျွန်စီမက်(ဇ်)ဝဲလ်က HOW TO INFLUENCE PEOPLE စာအုပ်တွင် ဖော်ပြခဲ့ပေသည်။

ခေါင်းဆောင်လုပ်မည့်သူသည် ပြင်ပရုပ်ဝတ္ထုများအပေါ်တွင် အာရုံစိုက်မှားနေတတ်သည်။ခေါင်းဆောင်ဖြစ်ချင်သူသည် မဲဆန္ဒရှင်များဆီမှ ထောက်ခံမဲများလိုချင်တောင့်တသဖြင့် သူ့ကိုမဲပေးလျှင် ဘာလုပ်ပေးမည်။ ညာလုပ်ပေးမည်ဟူသော အချက်များဖြင့် သူတစ်ပါးကို ဆွဲဆောင်စည်းရုံးနေတတ်သည်။ ဤလုပ်ရပ်ကို မှားသည်ဟု မဆိုပါ။ လွဲသည်ဟု မပြောပါ။ အဓိကအကျဆုံးအချက်က မိမိကိုယ်တိုင်၏ အတွင်းသားအနှစ်သာရ အရည်အသွေးဟု နားလည်လက်ခံရပါမည်။ ဤသဘောတရားကို မလွဲမချော်စေလိုပေ။

Greatness is within.

ကြီးကျယ်မြင့်မြတ်မှုသည် သင့်ရင်ထဲမှာပင်။

သင်၏ စိတ်နေစိတ်ထား၊ သင်၏ အစွမ်းအစ၊

**❖ မိမိစိတ်ကို မထိန်းနိုင်သူများက တစ်စု၊ မိမိစိတ်ကို ယဉ်ကျေးအောင် ကောင်းစွာထိန်းချုပ်နိုင်သူများက တစ်စု အုပ်စုနှစ်စုရှိကြသည်ဆိုပါစို့။ မိမိစိတ်ကိုထိန်းမနိုင် သိမ်းမရဖြစ်သူများမှာ ငယ်သား၊ တပည့်၊ နောက်လိုက်ဖြစ်ကြရ၏။ သူတစ်ပါးညွှန်ကြားမှု၊ စေခိုင်းမှုကို နာခံရ၏။ မိမိစိတ်ကို ကောင်းစွာအောင်နိုင်သူများသည်ကား မကောင်းမှုကိုရှောင်နိုင်သည်။ ကောင်းမှုများကို အခါမလပ်တိုးပွားအောင် လုပ်ဆောင်နေတတ်သည်။ သူ၏ စိတ်ကိုဖြူစင်အောင် လေ့ကျင့်ပျိုးထောင်ထားလေသည်။ သူသည် လူအများ၏ယုံကြည်အားကိုးမှုကို ရရှိသည်။ ❖**

သင်၏ အောက်ပါအချင်းအရာ (Traits) ပေါ်မှာသာလျှင် ဩဇာလွှမ်းမိုးနိုင်စွမ်းက တည်ရှိသည်။

(၁) ဩဇာလွှမ်းမိုးသူသည် လူအများအပေါ် ရိုးဖြောင့်သည်။
(၂) လူများကို ယုံကြည်မှုရှိသည်။
(၃) လူများကို နားထောင်ပေးတတ်သည်။
(၄) လူများအပေါ် ပြုစုစောင့်ရှောက်ပေးတတ်သည်။
(၅) လူများကို နားလည်သည်။
(၆) လူများကို မြှင့်တင်ပေးသည်။
(၇) လမ်းပြထိန်းကျောင်းပေးသည်။
(၈) လူများနှင့် ထိတွေ့ချိတ်ဆက်ထားသည်။
(၉) လူများကို အာဏာခွဲဝေလွှဲအပ်ပေးသည်။
(၁၀) အခြားသော ခေါင်းဆောင်အဆင့်ဆင့်များကို ပျိုးထောင်မွေးမြူပေးသည်။

ဤအချက်များကို စာဖတ်သူကို အသေးစိတ်ဖော်ပြလျက် အဓိပ္ပာယ်ဖွင့်ဆိုချက် မပေးတော့ပေ။

လူများအပေါ် ရိုးဖြောင့်ရမည်။ စာရိတ္တကောင်းရမည်ဟူသော အချက်မျိုးသည် အလွန်ရိုးရှင်းပြီး နားလည်လွယ်သည်။

၁။ ဩဇာတိက္ကမရှိသူတို့နောက်ကို လိုက်နေကြသူများရှိလေသည်။ ရပိုင်ခွင့်တစ်ခုခု၊ ရာထူးအာဏာ၊ နေရာတစ်စုံတစ်ခုရလိုမှုကြောင့် ဝန်းရံနေကြခြင်းသာဖြစ်၏။ အခက်အခဲကြုံခြင်း၊ ရှုံးနိမ့်ခြင်းများ အရေးမလှခြင်းများနှင့် ရင်ဆိုင်ရလျှင် ဇွဲရှိသူများမရှိနိုင်။ ။

၂။ လူများ သင့်နောက်လိုက်ပါသည်။ လိုက်ချင်၍ လိုက်ပါနေခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် သင်၏ ဩဇာအမှန်သက်ရောက်မှုရှိသည့် လက္ခဏာပင်ဖြစ်၏။

၃။ တစ်ခါတစ်ရံ ရလဒ်ကြောင့်လည်း ဖြစ်တတ်၏။ လူများက သင့်နောက်လိုက်နေကြခြင်းမှာ အဖွဲ့အစည်းအတွက် သင်လုပ်ခဲ့ခြင်းများကြောင့်ဖြစ်၏။ ကျဉ်းမြောင်းသော အဖွဲ့အစည်းမှ နိုင်ငံနှင့်လူမျိုးအကျိုးအထိ ကျယ်ပြန့်စေသင့်၏။ အုပ်စုငယ်၊ အဖွဲ့ဝင်အနည်းငယ်အပေါ်သာ ဩဇာညောင်းပြီး လူထုအပေါ် မသက်ရောက်နိုင်ပါက ဟန်မကျသေး။

၄။ လူများက သင့်နောက်လိုက်နေကြခြင်းမှာ သူတို့ကောင်းကျိုးအတွက် သင်ဆောင်ရွက်ပေးခဲ့မှုရှိခြင်းကြောင့် ဖြစ်တတ်၏။ ဤအချက်သည် ကျယ်လည်း ကျယ်ပြန့်သည်။ ခိုင်လည်း ခိုင်မြဲသည်။ လူအများ၏ တိုးတက်ကြီးပွားရေးအတွက် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဝမ်းသာကြည်နူးစရာကုသိုလ်ဖြစ်သကဲ့သို့ လူအများအပေါ် ဩဇာသက်ရောက်စေနိုင်၏။

၅။ လူများက သင့်နောက်ကို လိုက်ပါနေကြသည်။ အဘယ်ကြောင့်ဆိုသော် သင့် ကိုယ်စားပြုချက်၊ သင်ဘယ်သူလဲဆိုသည့်အချက်ကြောင့်ဖြစ်၏။ ဤအဆင့်သည် လေးစားရိုသေမှုကို အခြေခံသည်။ ဩဇာသက်ရောက်မှု၏ အထွတ်အထိပ်အမှတ်လက္ခဏာဖြစ်၏။

ကျောင်းဆရာတစ်ယောက်၊ ဆရာမတစ်ယောက်သည် သူ့တပည့်ငါးတန်းကျောင်းသားလေးအပေါ်တွင် ခံစားမှု၊ စိတ်လှုပ်ရှားမှုကောင်းတစ်ခုကို အသည်းထိအောင် စွဲငြိအောင် မေတ္တာတရား၊ ယုံကြည်အားပေးမှုတို့ဖြင့် လုပ်ဆောင်ပေးခဲ့ခြင်းရှိသည်ဆိုပါစို့။ ဖြစ်ရပ်မှန်သာဓက။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကဖြစ်၏။ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် ဖြစ်၏။ စဉ့်ကိုင်အထက်တန်းကျောင်း ပဉ္စမတန်းတွင် မြန်မာစာသင်ပြသော အလယ်တန်းပြဆရာမ ဒေါ်အေးငွေဆိုသည့် ဆရာမတစ်ယောက်ရှိခဲ့၏။

"သားတို့ သမီးတို့ရေ သင်ပုန်းပေါ်မှာ ဆရာမ ဒွေးချိုးကဗျာ လင်္ကာတစ်ပုဒ် ရေးထားတယ်။ ဒါကို တပည့်တို့ကဖတ်ပြီး စိတ်ကူးနဲ့ စာစီစာကုံးတစ်ပုဒ် ရေးပြပါ"လို့ ကလေးများကို ခိုင်းလိုက်သည်။

- ချိုးနှစ်ကောင်
ထနောင်းပင် ညီနောင်က
လွမ်းအောင်ကူချွဲ။
ပန်တော်ဖြူ
ပင်မြက်နေစာထူလှ
ဖိုးတောင်သူတဲ။

ငါးတန်းကျောင်းသားများ စာစီစာကုံးရေးကြရ၏။ အချို့မှာ အခက်အခဲရှိနေ၏။ ချိုးငှက်ကို မသိ။ ထနောင်းပင်ကို သတိမထားမိ။ ကူချွဲတယ်ဆိုတာ ဘယ်လို စာမျိုးလဲ။ စိတ်ကူးထဲမှာ မပေါ်ကြ။ ပန်တော်ဖြူဆိုတာ ဘယ်လိုဟာလဲ။ ပင်မြက်နေစာက ဘာပါလိမ့်။ ဒုက္ခပါပဲ။ စာစီစာကုံးရေးရန်အတွက် တွေးရခက်၏။

စိတ်ကူးပေါ်ရာ ထင်ရာမြင်ရာ လျှောက်ရေးကြလေ၏။ စဉ့်ကိုင်နှင့် ခြောက်မိုင်ကျော်ကျော်ဝေးသော ထန်းပင်ကုန်းရွာမှ စက်ဘီးအိုလေးစီးလာပြီး ကျောင်းတက်ရရှာသော တောသားလေးတစ်ယောက်ကတော့ တပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ်နှင့် မနားတမ်းရေးနေတော့၏။

သူတို့ရွာမှာ ချိုးဆိုတာ နှစ်ကောင်ဘယ်ကမှာလဲ။ ချိုးငှက်တွေက အများကြီးမြင်ဖူးတယ်။ လည်ပင်းမှာ အပြောက်ကလေးတွေနဲ့ ခိုလိုငှက်ကလေးတွေ။ ထနောင်းပင်နှစ်ပင်ပေါ်က "တကူးကူး ကူး၊ တကူးကူး ကူး"နှင့် ချိုးလေးနှစ်ကောင် ဖိုသံ၊ မသံပေး၍ နေဟန်ကို စာစီစာကုံးထဲမှာပင် ပေါ်လွင်အောင်ရေးဖွဲ့သည်။

ပန်တော်ဖြူ၊ ပန်တော်ညိုဆိုသည်မှာ နွားများ၊ ကျွဲများကြိုက်တတ်သော မြက်မျိုးပဲ။ ပန်တော်ဖြူမြက်၊ နေစာမြက်များ ထူထူထဲထဲပေါက်ရောက်နေသော မြင်ကွင်းအလယ်မှာ ဖိုးတောင်သူ၏ တဲလေးကို မြင်မိသည်။ ပေါ်လွင်အောင်စီကုံးသည်။

နောက်ဆုံးတော့ ဆရာမဒေါ်အေးငွေက အဖြေလွှာအားလုံးကို စစ်ဆေးပြီးနောက် မောင်တင်လှိုင်လေး၏ "ဖိုးတောင်သူတဲ"ဟု ခေါင်းစဉ်ပေးထားသည့် စာစီစာကုံးလေးကို တစ်ခန်းလုံး တစ်တန်းလုံးကြားအောင် ဖတ်ပြသည်။ စိတ်ဝင်စားဖွယ် ရေးထားပါလား။ ကျောင်းသားများအားလုံး အံ့ဩဝမ်းသာ ချီးမွမ်းကြရပါ၏။ တော်လိုက်တာ၊ ကောင်းလိုက်တာ။

ဆရာမက မောင်တင်လှိုင်လေး၏ အဖြေလွှာကို ပြန်ပေးရင်း "မင်းကတော့ ကြီးရင် စာရေးဆရာဖြစ်မှာပဲ"ဟု ဂုဏ်ပြုချီးကျူးကာ အသိအမှတ်ပြုလိုက်၏။ ထိုစကားသည် သူ၏ နားဝမှတစ်ဆင့် ရင်ထဲနှလုံးသားထဲထိ သံမှိုစွဲသကဲ့သို့ စွဲနစ်ဝင်ရောက်သွားခဲ့သည်။ တစ်သက်လုံး မမေ့တော့ပါ။

နောင်သောအခါ ထိုကျောင်းသားလေး မောင်တင်လှိုင်သည် တစ်သက်တာ စာပေဆုရ၊ အမျိုးသားစာပေဆုရ စည်သူဦးတင်လှိုင်( နိုင်ငံကျော် စာရေးဆရာကြီးလယ်တွင်းသားစောချစ်) ဖြစ်လာသည်အထိ ကြီးမားသော ဩဇာသက်ရောက်မှုရှိစေခဲ့ပါ၏။

ဆရာလယ်တွင်းသားစောချစ်သည် စာပေဟောပြောပွဲပေါင်းများစွာတွင် ပဉ္စမတန်း မြန်မာစာပြဆရာမ သူ့ဘဝ၏ ကျေးဇူးရှင်အကြောင်းကို တခမ်းတနားဟောပြောထုတ်ဖော်လေ့ရှိပါ၏။ ဆရာမ ဒေါ်အေးငွေ၏ ဂုဏ်သတင်းသည် စဉ့်ကိုင် အထက်တန်းကျောင်း၏ ၁၉၅၀-၁၉၆၀ ပြည့်နှစ်ကာလဆီက အချိန်ကို ကျော်လွန်ကာ ၂၁ ရာစု စာပေစကားဝိုင်းနှင့် စာပေဟောပြောပွဲများ နိုင်ငံအနှံ့အပြားပျံ့နှံ့ရောက်ရှိရာတိုင်းသို့ လေးစားအားကျစေခဲ့တော့သည်။ ဆရာမကြီး ဒေါ်အေးငွေ ကွယ်လွန်ပါသော်လည်း နာမည်နှင့် စေတနာ၊ ကြင်နာမှု၊ စာနာမှု၊ ကရုဏာတရားတို့သည်ကား ကျောက်စိုင်ကျောက်သားပမာ ဩဇာကြီးမားခိုင်မြဲပါပေ၏တကား။

လူအများ၏ ယုံကြည်အားကိုးခံထိုက်အောင် သင်လုပ်ဆောင်ရန်ဆိုသည်ကား ဘာမျှခက်ခက်ခဲခဲ ဝေးဝေးလံလံ မဟုတ်။ ကိုယ်လုပ်နေသည့်အလုပ်အပေါ်တွင် ရိုးဖြောင့်မှု (Sincerity) ရှိရမည်။ အကျင့်စာရိတ္တ (Character) ကောင်းရမည်။ အထက်တွင် ဖော်ပြခဲ့ပြီးသော အချက် (၁၀)ချက်ပြည့်စုံအောင် မိမိကိုယ်ကို ရှေးဦးစွာပထမဖြည့်တင်းပျိုးထောင်ယူရမည်။ အတ္တနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ၊ မိမိကိုယ်ကို ယုံကြည်သကဲ့သို့ လူအများကိုလည်း ယုံကြည်ရပေမည်။ ခေါင်းဆောင်ကောင်းများ အနှံ့အပြားတိုးပွားသည်နှင့်အမျှ တိုင်းပြည်နှင့်လူမျိုး ပိုမိုအကျိုးရှိလာပါလိမ့်မည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၁၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၆၈ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၅၀ နှင့် ဗန်းမောက်မြို့နယ်တွင် ၃၄၆ ဧက စုစုပေါင်း ၅၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ မြေပဲ ၉၁၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်”ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၄၄ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၅၀၊ ထီးချိုင့်မြို့နယ်တွင် ၃၂ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၃၈၇ ဧက စုစုပေါင်း ၉၁၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက မြေပဲ တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ကသာခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ကွင်းအုပ်စု ဇီးပင်ကွင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ဇီးပင်ကွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဇီးပင်ကွင်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ငွေကျပ်သိန်း ၃၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**

# ပြုံးပန်းပန်ဆင် လှစေချင်

- ဇာတိပုည ဂုဏ်မာနနှင့်
  လုံ့လထုတ်ကာ သိပညာဖြင့်
  သာယာအေးချမ်း ရည်မျှော်မှန်းလျက်
  စိတ်ဝမ်းညီတူ ဖေးမကူ
  မြန်ပြည်အလှ အောင်လံထူ။

-ဝံသာနုစိတ် ရင်မှာဖိတ်၍
  အတိတ်ချည်နှောင် ပြန်မဆောင်ချင်
  ပြည်ထောင်နွံနစ် ကျွန်ဖြစ်ခဲ့ရ
  ကာလချိန်ခါ သင်ခန်းစာကို
  ရင်မှာသတိ မြဲမြံသိ၍
  တို့၏မြန်ပြည် သာစေရည်။

- တို့ရွာတို့မြို့ ဖွံ့ဖြိုးဖို့လျှင်
  ရှေ့သို့ချီကာ သေအချာပင်
  သူငါအပြုံး ညီညွတ်ထုံးနှင့်
  လက်ရုံးထွန်းပြောင် ဂုဏ်ထူးဆောင်လျက်
  ပြည်ထောင်အလှ ဖော်ဆောင်ပြ
  ရေရှည်တည်ဖို့ ထိန်းသိမ်းကြ။

- အမျိုးဘာသာ သာသနာလည်း
  ရောင်ဝါထွန်းလင်း ကောင်းသတင်းနှင့်
  သားချင်းမျိုးဆွေ မိတ်ဖော်တွေနှင့်
  သည်မြေသည်လမ်း သည်ရိပ်နန်းဝယ်
  မွန် ရှမ်း ကယား ရခိုင်သားနှင့်
  နွယ်ဖွားကရင် မျိုးကချင်နှင့်
  ဖြူစင်စိတ်ရင်း ဗမာချင်းတို့
  ပွင့်လင်းဖော်ရွေ အနေအေးချမ်း
  ပြုံးပန်းပန်ဆင် လှစေချင်။ ။

**မောင်လေပြေ(တောင်တွင်း)**

# မိုင်းကိုင်မြို့နယ် ဝမ်ဖွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းကိုင် ဇူလိုင် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဖွီးကျေးရွာအုပ်စု ဝမ်ဖွီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်လှိုင်ထွန်းနှင့် တာဝန်ရှိသူများသည် ဝမ်ဖွီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၄၇၉ သိန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်နိုင်**

## နိုင်ငံတကာ သတင်းများ

# ကရိုင်းမီးယားကျွန်းဆွယ်အနီး ပင်လယ်နက်ဝေဟင်၌ ဗြိတိန်လေယာဉ်များကို ရုရှားတိုက်လေယာဉ်တစ်စင်းက ကြားဖြတ်ဟန့်တား



**မော်စကို ဇူလိုင် ၂၈**

ကရိုင်းမီးယား ကျွန်းဆွယ်အနီး ပင်လယ်နက်ဝေဟင် အတွင်း ပျံသန်းနေသည့် ဗြိတိန်လေတပ် သူလျှိုလေယာဉ်တစ်စင်းနှင့် ခြံရံလိုက်ပါလာသော တိုက်လေယာဉ်နှစ်စင်းတို့ကို ရုရှားလေတပ် တိုက်လေယာဉ်တစ်စင်းက အရေးပေါ်တက်ရောက်၍ ကြားဖြတ်ဟန့်တားခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဗြိတိန်လေတပ်လေယာဉ်များ ရုရှားနယ်စပ်အနီး ချဉ်းကပ်လာမှုကို တားဆီးရေးအတွက် အက်စ်ယူ-၂၇ အမျိုးအစား တိုက်လေယာဉ်တစ်စင်းကို အရေးပေါ် စေလွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပင်လယ်နက်ဝေဟင် အတွင်း ပျံသန်းခဲ့သော ဗြိတိန်လေယာဉ်များသည် ရုရှားဝေဟင်ပိုင်နက်ကို ချိုးဖောက်မှုမရှိခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ရုရှားတိုက်လေယာဉ် ကြားဖြတ်ဟန့်တားခဲ့သော ဗြိတိန်လေတပ် စစ်လေယာဉ်များမှာ အာရ်စီ-၁၃၅ ဒဗလျူအမျိုးအစား သူလျှိုလေယာဉ်နှင့် တိုင်ဖွန်အမျိုးအစား စစ်လေယာဉ်နှစ်စင်းဖြစ်သည်။

အာရ်စီ-၁၃၅ ဒဗလျူအမျိုးအစား သူလျှိုလေယာဉ်သည် အီလက်ထရောနစ် သတင်းအချက်အလက်များ ရယူစုဆောင်းပေးသည့် လေယာဉ်အမျိုးအစားဖြစ်သည်။

ယခင်ကလည်း ဗြိတိန်လေတပ်မှ ထောက်လှမ်းရေးလေယာဉ်များ ပင်လယ်နက် နိုင်ငံတကာဝေဟင်အတွင်း ကင်းလှည့်ပျံသန်းမှုများ ပြုလုပ်လေ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အမေရိကန် တာလတ်ပစ်ဒုံးကျည်စနစ်ဖြန့်ကြက်မှု ဖိလစ်ပိုင်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး သတိပေး

**ဗီယင်ကျန်း ဇူလိုင် ၂၈**

အမေရိကန်နိုင်ငံ၏ တာလတ်ပစ် ဒုံးကျည်စနစ်များ လက်ခံနေရာပေးထားမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဇူလိုင် ၂၆ ရက်တွင် သတိပေးလိုက်ကြောင်း သိရသည်။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး အင်ရီကေးမာနာလိုနှင့် တွေ့ဆုံဆွေးနွေးခဲ့စဉ် အမေရိကန်တာလတ်ပစ်ဒုံးကျည်စနစ်များ ဖိလစ်ပိုင်၌ ဖြန့်ကြက်ထားမှုအတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီးက သတိပေးခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်၌ ရောက်ရှိနေသည့် အမေရိကန်တာလတ်ပစ် ဒုံးကျည်စနစ်များကြောင့် ဒေသတွင်းတင်းမာမှုများနှင့် လက်နက်အပြိုင်တပ်ဆင်မှုများ ပေါ်ထွက်လာနိုင်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု အစီအစဉ်တစ်ရပ်အရ တိုင်ဖွန်အမျိုးအစား တာလတ်ပစ် ဒုံးကျည်စနစ်များကို ယခုနှစ်စပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ပို့ဆောင်ထားသည်။

သို့ရာတွင် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများတွင် အဆိုပါဒုံးကျည်စနစ်ကို ပစ်ခတ်ခြင်းမရှိခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက် တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယိ သတိပေးစကားနှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂျီဘရော်တာရေလက်ကြား၌ ရွက်လှေတစ်စီး ဝေလငါးများ၏တိုက်ခိုက်မှုကြောင့် နစ်မြုပ်ခဲ့

**လန်ဒန် ဇူလိုင် ၂၈**

အင်္ဂလန်နိုင်ငံသား တစ်ဦးနှင့် အခြားလူ နှစ်ဦးလိုက်ပါလာသည့် ရွက်လှေတစ်စီးသည် ဂျီဘရော်တာရေလက်ကြား၌ ဝေလငါးများ၏ တိုက်ခိုက်မှုကြောင့် နစ်မြုပ်ခဲ့ရကြောင်း ဇူလိုင် ၂၇ ရက်က ဖော်ပြခဲ့သည်။

ဘွန်ဟိုးမီးဝီလျံ အမည်ရှိ အဆိုပါ အပျော်စီးရွက်လှေသည် စပိန်နိုင်ငံတောင်ပိုင်း ဂျီဘရော်တာရေလက်ကြား ရေပြင်အတွင်း ဝေလငါးများ၏တိုက်ခိုက်မှုကြောင့် ဇူလိုင် ၂၅ ရက် ညပိုင်းက နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ဝေလငါးများ၏ တိုက်ခိုက်မှုကြောင့် ဘွန်ဟိုးမီးဝီလျံရွက်လှေငယ် နစ်မြုပ်ခဲ့ပြီးနောက် အဆိုပါ ရွက်လှေငယ်ပေါ် လိုက်ပါလာသူ သုံးဦးကို စပိန်ကမ်းခြေစောင့်တပ်က ကယ်တယ်နိုင်ခဲ့ကြောင်း သိရသည်။

ဝေလငါးများ၏ တိုက်ခိုက်မှုကြောင့် ရွက်လှေငယ်၏ တက်မ ပျက်စီးခဲ့ရပြီးနောက် နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း စပိန်ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ရွက်လှေငယ်များအား ဝေလငါးများက အုပ်စုဖွဲ့တိုက်ခိုက်မှု ဖြစ်စဉ်များ မြင့်တက်လာခဲ့သည်။

ဝေလငါးအုပ်စုများ အနေဖြင့် ငြီးငွေ့မှုကို ဖြေဖျောက်ရေးအတွက် ရွက်လှေငယ်များကို ဝင်တိုးတိုက်ခိုက်နေခြင်းဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ရုရှားရေတပ်မှ စစ်သင်္ဘောသုံးစီး ကျူးဘားနိုင်ငံသို့ရောက်ရှိ

**ဟာဗားနား ဇူလိုင် ၂၈**

ရုရှားရေတပ်မှ စစ်သင်္ဘောသုံးစီးသည် ဇူလိုင် ၂၆ ရက်က ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ ထပ်မံဝင်ရောက်လာကြောင်း သိရသည်။

လေ့ကျင့်ရေး သင်္ဘောတစ်စီး၊ ကင်းလှည့်ဖရီးဂိတ်သင်္ဘောတစ်စီးနှင့် လောင်စာဆီဖြည့်ရေယာဉ်တစ်စီးတို့ပါဝင်သည့် အဆိုပါ ရုရှားစစ်သင်္ဘောအုပ်စုသည် ဇူလိုင် ၃၁ ရက်ထိ ဟာဗားနားဆိပ်ကမ်း၌ ဆက်လက်ရှိနေနိုင်ကြောင်း ကျူးဘားတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ စစ်သင်္ဘောသုံးစီးသည် တစ်လတာကာလအတွင်း ကျူးဘားနိုင်ငံသို့ရောက်ရှိခဲ့သည့် ဒုတိယမြောက် ရုရှားစစ်သင်္ဘောအုပ်စုဖြစ်သည်။



ပြီးခဲ့သည့်လကလည်း နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးအပါအဝင် ရုရှားစစ်သင်္ဘောသုံးစီးသည် ကျူးဘားနိုင်ငံ ဟာဗားနားဆိပ်ကမ်းသို့ လာရောက်ခဲ့ပြီးဖြစ်သည်။

ရုရှားရေတပ်သင်္ဘောအုပ်စုများ၏ ဟာဗားနားခရီးစဉ်များသည် ကျူးဘားနှင့်ရုရှား နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာနက်ရှိုင်းလာမှု၏ သက်သေများဖြစ်ကြသည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါကမ်းရိုးတန်းနှင့် မိုင် ၁၀၀ သာကွာဝေးသည့် ကျူးဘားနိုင်ငံအတွက် ရုရှားနိုင်ငံမှာ အဓိကမဟာမိတ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ယူကရိန်းသို့သွားရောက်ဖွယ်ရှိ

**ဒေလီ ဇူလိုင် ၂၈**

လာမည့် ဩဂုတ်လအတွင်း ယူကရိန်းနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ သွားရောက်ဖွယ်ရှိကြောင်း ပြည်တွင်းမီဒီယာများက ဇူလိုင် ၂၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားသမ္မတ ပူတင်နှင့် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး သီတင်းပတ်အနည်းငယ်အကြာတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီအနေဖြင့် ယူကရိန်းသို့ သွားရောက်ဖွယ် ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ သတင်းများ မှန်ကန်ကြောင်း အတည်ပြုနိုင်ပါက ၎င်းခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ် မိုဒီအတွက် ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပထမဆုံး ယူကရိန်းခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ ယူကရိန်းခရီးစဉ်သတင်းနှင့်ပတ်သက်၍ ထုတ်ပြောနိုင်သည့် သတင်းအချက်အလက်မျိုးမရှိသေးကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ ယူကရိန်းသံရုံးက ပြောကြားထားသည်။

အလားတူ အဆိုပါခရီးစဉ်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီး နောက်ပိုင်း အနောက်အုပ်စုနိုင်ငံများက ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားသော်လည်း အိန္ဒိယနိုင်ငံကမူ ရုရှားနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် နိုင်ငံရေးဆက်ဆံမှုများ ဆက်လက်ထားရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်ခဲ့




**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဇူလိုင် ၂၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် Space-X အာကာသ နည်းပညာကုမ္ပဏီအတွက် ဇူလိုင် ၁၁ ရက်နောက်ပိုင်း ပထမဆုံး အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်တွင် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စတားလင့်ခ်ဂြိုဟ်တုအစင်း ၂၀ ကို လွှတ်တင်ခဲ့ရာ ဖယ်လ်ကွန်-၉ ဒုံးပျံ ပြဿနာတစ်ရပ်ကြောင့် ဂြိုဟ်တုအစင်း ၂၀ ကို ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## JUICE ကြာသပတေးဂြိုဟ် လေ့လာရေးအာကာသယာဉ်က ဩဂုတ်လအတွင်း ကမ္ဘာမြေနှင့်လကြား ဖြတ်ကျော်ပျံသန်းမည်ဖြစ်

**ပဲရစ် ဇူလိုင် ၂၈**

ဥရောပအာကာသအေဂျင်စီက လွှတ်တင်ထားသည့် JUICE အမည်ရှိ ကြာသပတေးဂြိုဟ် လေ့လာရေး အာကာသယာဉ်သည် ဩဂုတ်လအတွင်း ကမ္ဘာမြေနှင့်လကြား ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ခရီးစဉ်အတွက် ကမ္ဘာမြေဒြပ်ဆွဲအားအကူအညီဖြင့် ပျံသန်းရာလမ်းကြောင်းပြောင်းလဲမှု ပြုလုပ်ရန် ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်ထိ ကမ္ဘာမြေနှင့် လကြား ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အလေးချိန် ခြောက်တန်ရှိ JUICE အာကာသယာဉ်သည် ကမ္ဘာမြေနှင့် ကီလိုမီတာ ၁၀ သန်းခန့်အကွာတွင် ရောက်ရှိနေကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် JUICE အာကာသယာဉ်ကို ၂၀၂၃ ခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်နှင့်အဆိုပါဂြိုဟ်၏ ဂြိုဟ်ရံလများဖြစ်သည့် ဂါနီမီဒီ၊ ကယ်လစ္စတိုနှင့် ယူရိုပါဂြိုဟ်ရံလများကိုလည်း လေ့လာမည်ဖြစ်သည်။




JUICE အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ်အတွင်းသို့ ၂၀၃၁ ခုနှစ် ဇူလိုင်လတွင် ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## တိုင်ရန်နိုဆောရပ်ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိ

**ပေကျင်း ဇူလိုင် ၂၈**

တိုင်ရန်နိုဆောရပ်ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။




အဆိုပါ တိုင်ရန်နိုဆောရပ်မျိုးစိတ်သစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၇၂ သန်းနှင့် ၆၆ သန်းကြား ကာလ ခရီတေးရီးယပ်စ်ဘူမိခေတ်နှောင်းပိုင်းတွင် ရှင်သန်ခဲ့ကြကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ တိုင်ရန်နိုဆောရပ်မျိုးစိတ်သစ်ကို Asiatyrannus Xui ဟူ၍ တရုတ်သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Asiatyrannus Xui တိုင်ရန်နိုဆောရပ်စ် ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံအရှေ့တောင်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရှေးအကျဆုံး တိုင်ရန်နိုဆောရပ်ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၁၆၅ သန်းခန့်ကာလ ဂျူရက်ဆစ်ဘူမိခေတ်လယ်ကာလတွင် စတင်ပေါ်ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်ဝင်များသည် အာရှနှင့်မြောက်အမေရိကတို့၌ ခရီတေးရီးယပ်ဘူမိခေတ်နောက်ဆုံးကာလအပိုင်းအခြားတွင် ဂေဟစနစ်ကို စိုးမိုးထားသော အသားစား သတ္တဝါများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## စိုက်ပျိုးရေးလုပ်ငန်းသုံးပိုးသတ်ဆေးများနှင့် ထိတွေ့နေရသူများ ဆေးလိပ်သောက်သုံးပါက ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဇူလိုင် ၂၈**

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများနှင့် ထိတွေ့နေရသူများသည် ဆေးလိပ်သောက်သုံးသူများဖြစ်ပါက ကင်ဆာရောဂါဖြစ်နိုင်ခြေ ပိုမိုမြင့်မားနေနိုင်ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများနှင့်ထိတွေ့နေရသည့်အပြင် ဆေးလိပ်ပါသောက်သူများ၌ဖြစ်နိုင်ခြေအမြင့်မားဆုံး ကင်ဆာရောဂါများထဲတွင် သွေးကင်ဆာနှင့် ဆီးအိတ်ကင်ဆာရောဂါတို့လည်း ပါဝင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများနှင့်ထိတွေ့မှုကြောင့် ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမြင့်တက်နေတတ်သည်။

သို့ရာတွင် ပိုးသတ်ဆေးများနှင့်ထိတွေ့နေရသည့်အပြင် ဆေးလိပ်ပါသောက်သုံးခဲ့ပါက ကင်ဆာရောဂါများဖြစ်နိုင်ခြေမှာ ပို၍ပင် မြင့်တက်လာနိုင်သည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ စိုက်ပျိုးရေးနယ်မြေများ၌ နေထိုင်သူများသည် ပိုးသတ်ဆေး တစ်မျိုးတည်းနှင့်သာ ထိတွေ့နေရခြင်းမဟုတ်ဘဲ ပိုးသတ်ဆေးအမျိုးမျိုးနှင့်ထိတွေ့နေရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ခါးပတ်ရေယုန်ရောဂါကာကွယ်ဆေးသစ်က Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် ဇူလိုင် ၂၈**

ခါးပတ်ရေယုန်ရောဂါ (Shingles) ကာကွယ်ဆေးသစ်တစ်မျိုးသည် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Shingles ကဲ့သို့ ခါးပတ်ရေယုန်ကာကွယ်ဆေးသစ်များ၏ အာနိသင်ကို သက်ကြီးပိုင်းလူနာများဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Shingles ကာကွယ်ဆေးသစ်များ သုံးစွဲသူလူနာများသည် မသုံးစွဲသူလူနာများထက် Dementia ရောဂါလက္ခဏာများမရှိဘဲ နေထိုင်ရနိုင်ခြေ ၁၇ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် Shingles ကာကွယ်ဆေးသစ်များအနေဖြင့် Dementia လက္ခဏာများ ပေါ်လာနိုင်ခြေကို မည်သို့မည်ပုံလျှော့ချပေးနိုင်သည်ကို မသိရသေးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ခါးပတ်ရေယုန်ရောဂါကို ဖြစ်ပွားစေသည့် Herpes Zoster ပိုင်းရပ်သည် Dementia ရောဂါဖြစ်နိုင်ခြေနှင့် တစ်စုံတစ်ရာ ဆက်စပ်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်ကြားကာလအတွင်း Shingles ကာကွယ်ဆေးများရယူထားသူလူပေါင်း ၂၀၈၀၀၀ တို့၏ ဆေးပညာအချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**






# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကနေဒါအမျိုးသမီးအသင်းကို ရမှတ်ခြောက်မှတ်လျှော့ ပြစ်ဒဏ်ချမှတ်

**ဇူးရစ် ဇူလိုင် ၂၈**

အိုလံပစ်ပြိုင်ပွဲဝင်မည့် ကနေဒါအမျိုးသမီးအသင်း လက်ထောက်နည်းပြ ပရီးယက်စ်မန်းသည် နယူးဇီလန်အမျိုးသမီးအသင်း လေ့ကျင့်ရေးအစီအစဉ်ကို ဒရုန်းဖြင့် မှတ်တမ်းတင်ခဲ့သည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)က ကနေဒါ အမျိုးသမီးအသင်းကို ရမှတ်ခြောက်မှတ်လျှော့ ပြစ်ဒဏ်နှင့် နည်းပြပရီးယက်စ်မန်းကို တစ်နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

နည်းပြ ပရီးယက်စ်မန်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက နယူးဇီလန် အမျိုးသမီးအသင်း လေ့ကျင့်ရေးပြုလုပ်နေသည့် အချိန်တွင် ဒရုန်းဖြင့် ထောက်လှမ်းခဲ့သည့်အတွက် နယူးဇီလန်ဘောလုံးအဖွဲ့ချုပ်က ဖီဖာကို တိုင်ကြားမှုပြုလုပ်ခဲ့ရာ ပြစ်မှုထင်ရှားသောကြောင့် ကနေဒါအသင်းကို အိုလံပစ်ပြိုင်ပွဲအုပ်စုမစတင်မီ ရမှတ်ခြောက်မှတ်လျှော့ ပြစ်ဒဏ်နှင့် နည်းပြ ပရီးယက်စ်မန်းကို ဘောလုံးလောကနှင့် အဆက်အသွယ်မပြုလုပ်ရန် တစ်နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စနေနေ့က အတည်ပြုကြေညာခဲ့သည်။

ထို့ပြင် ကနေဒါဘောလုံးအဖွဲ့ချုပ်ကိုလည်း ဖီဖာကချမှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာရန် အားနည်းမှုကြောင့် ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၂၂၆၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး နည်းပြပရီးယက်စ်မန်းနှင့်အတူ ဒရုန်းဖြင့် ထောက်လှမ်းရာတွင် ပါဝင်ခဲ့သည့် နည်းပြအဖွဲ့ဝင်များဖြစ်သည့် လွန်ဘာဒီနှင့် မန်ဒါတို့နှစ်ဦးကိုလည်း တစ်နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

လက်ရှိ အိုလံပစ်ချန်ပီယံ ကနေဒါ အမျိုးသမီးအသင်းသည် နည်းပြပရီးယက်စ်မန်း၏နေရာတွင် အန်ဒီစပန့်နှင့် အစားထိုးခဲ့သော်လည်း အိုလံပစ်ပြိုင်ပွဲအုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ရန် ခက်ခဲသွားပြီး လက်ရှိ ချန်ပီယံဆုကို ကာကွယ်နိုင်ရန် မဖြစ်နိုင်တော့ကြောင်း သိရသည်။

လက်ရှိတွင် ကနေဒါဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ကီဗင်ဘလူးက ရမှတ်ခြောက်မှတ်လျှော့ပြစ်ဒဏ်အတွက် အယူခံတင်သွင်းသွားမည်ဖြစ်ပြီး ပြစ်ဒဏ်လျှော့ပေါ့ရေး ကြိုးစားသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**



# အိုလံပစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်၊ စပိန်နှင့် ဂျပန်အသင်းတို့တက်ရောက်



**ပဲရစ် ဇူလိုင် ၂၈**

အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘောလုံးပွဲစဉ်တွင် အုပ်စုပွဲစဉ်နှစ်ပွဲကစားအပြီးတွင် ပြင်သစ်အသင်း၊ စပိန်အသင်းနှင့် ဂျပန်အသင်းတို့ နိုင်ပွဲဆက်ခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အုပ်စု(A)မှ ပြင်သစ်အသင်းသည် အဖွင့်ပွဲစဉ်တွင် အမေရိကန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စုဒုတိယပွဲစဉ်တွင် ဂီနီယာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး အုပ်စု(C )မှ စပိန်အသင်းက အုပ်စုအဖွင့်ပွဲစဉ်တွင် ကာဇက်စတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ အုပ်စုဒုတိယပွဲစဉ်တွင် ဒိုမီနီကန်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း နိုင်ပွဲရရှိခဲ့သောကြောင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

အုပ်စု(D)မှ ဂျပန်အသင်းသည်လည်း အုပ်စုအဖွင့်ပွဲစဉ်တွင် ပါရာဂွေးအသင်းကို တစ်ယောက်အသာဖြင့်ကစားခဲ့ရာ ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ကာ ဒုတိယပွဲစဉ်တွင် မာလီအသင်းကို အကြိတ်အနယ်ကစားခဲ့ရသော်လည်း ပွဲကစားချိန် မိနစ် ၈၀ တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီး နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် ကွာတားဖိုင်နယ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အိုလံပစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်နှစ်ပွဲအပြီးတွင် အုပ်စု(B)မှ အာဂျင်တီးနား၊ ယူကရိန်း၊ မော်ရိုကိုနှင့် အီရတ်အသင်းတို့သည် ရမှတ်သုံးမှတ်စီ တူညီနေသောကြောင့် နောက်ဆုံးပွဲစဉ်ထိ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း အုပ်စု(A)မှဂီနီယာအသင်းနှင့် အုပ်စု(C )မှ ကာဇက်စတန်အသင်းတို့မှာ အုပ်စုပွဲစဉ်နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှ အစောဆုံးထွက်ခွာခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဗီဂတ်စ်ဦးဆောင်

**မင်နီဆိုတာ ဇူလိုင် ၂၈**

အမေရိကန် မင်နီဆိုတာပြည်နယ်တွင် ကျင်းပနေသည့် **3M Open** ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဗင်နီဇွဲလား ဂေါက်သီးရိုက် ကစားသမား ဗီဂတ်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်ကူချာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် မက်နယ်လေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

တတိယနေ့အပြီးတွင် အမှတ်ပေးဇယားရပ်တည်မှုမှာ အပြောင်းအလဲများခဲ့ပြီး ပထမနေ့နှင့် ဒုတိယနေ့တွင် ရလဒ်ကောင်းခဲ့သည့် ကနေဒါဂေါက်သီးရိုက် ကစားသမား ဟန်ဒရစ်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရစ်ချ်မန်းတို့မှာ တတိယနေ့တွင် ရလဒ်သိသိသာသာကျဆင်းကာ အမှတ်ပေးဇယား၏ T9 နေရာနှင့် T15 နေရာများသို့ ရောက်ရှိသွားခဲ့သည်။

တတိယနေ့ တစ်ရက်တည်း၌ပင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်အထိ လျှော့ရိုက်နိုင်ခဲ့သည့် ဗီဂတ်စ်အနေဖြင့် ကစားသမား ဘဝသက်တမ်းတစ်လျှောက် ရလဒ်အကောင်းဆုံး Round ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့် ခြေစမ်းပွဲစဉ်တွင် အသင်းတိုက်စစ်မှူး ဟိုက်လန်းနှင့် ခံစစ်ကစားသမား ယိုရိုတို့ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ကြောင်း မန်ယူအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- တောင်ပံကစားသမား ဆိုင်မွန်က ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့နိုင်မည့် အခွင့်အရေးကို ငြင်းပယ်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် လိုက်ပ်ဇစ်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။
- ဆိုစီဒက်အသင်း ခံစစ်ကစားသမား လီနော်မန်းသည် အေဗာတီကိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၄ သန်းဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

**ML**

# ဘိုကာဂျူနီယာကစားသမား အန်ဆယ်မင်နိုကို စတာလင်ပေါင် ၁၅ ဒသမ ၆ သန်းဖြင့် ချဲလ်ဆီးအသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၈**

ချဲလ်ဆီးအသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခြောက်ဦးထိ ခေါ်ယူခဲ့ပြီးနောက် ဘိုကာဂျူနီယာအသင်း ခံစစ်ကစားသမား အန်ဆန်မင်နိုကိုလည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅ ဒသမ ၆ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

အသက် ၂၉ နှစ်ရှိ ဗဟိုခံစစ်ကစားသမား အန်ဆယ်မင်နိုကို ချဲလ်ဆီးအသင်းက ၂၀၂၂ ခုနှစ်ကတည်းက ကာလရှည်စောင့်ကြည့်နေခဲ့ပြီး ဘိုကာဂျူနီယာအသင်းတွင် ခြေစွမ်းပိုင်း တိုးတက်လာသောကြောင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့သဖြင့် ကစားသမားအနေဖြင့် တနင်္လာနေ့တွင် ဆေးစစ်မှုခံယူရန်နှင့် အပြီးသတ်စာချုပ်ချုပ်ဆိုရန် လန်ဒန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။

ချဲလ်ဆီးအသင်းနှင့် ဘိုကာဂျူနီယာအသင်းတို့ကြား သဘောတူစာချုပ်တွင် ကစားသမားအနေဖြင့် လိုအပ်သည့် စာရွက်စာတမ်းကိစ္စရပ်များပြီးဆုံးပါက အာဂျင်တီးနားသို့ ပြန်မည်ဖြစ်ကာ အသင်းနှင့် ၂၀၂၄ ခုနှစ် ဘောလုံးရာသီကုန်ထိ ကစားသွားမည်ဖြစ်သကဲ့သို့ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလမှသာ ချဲလ်ဆီးအသင်းနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြသစ်မာရက်စ်ကာက ဗဟိုခံစစ်ပိုင်းတွင် ဖိုဖန်နာ၊ ဒီဆာစီ၊ အဒါရာဘီအိုယိုတို့ကို အသုံးပြုလျက်ရှိပြီး ချာလိုဘတ်ကို ရောင်းချမည်ဖြစ်သောကြောင့် ရာသီအကြိုခြေစမ်းပွဲကစားမည့် လူစာရင်းတွင် ချန်လှပ်ထားခဲ့ပြီးနောက် လူငယ်ကစားသမား အန်ဆယ်မင်နိုကို အနာဂတ်စီမံကိန်းအတွက် အသုံးပြုရန် ဆုံးဖြတ်ထားသည်။




ချဲလ်ဆီးအသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခြောက်ဦး ခေါ်ယူခဲ့သည့်အပြင် ဂိုးသမားဂျော်ဂျန်ဆန်ကိုခေါ်ယူနိုင်ရန် သေချာနေသော်လည်း အသင်းဘဏ္ဍာငွေ တိုးတက်ရရှိရန်အတွက် မာအက်ဆန်ကို စတာလင်ပေါင် သန်း ၄၀ ဖြင့် အေဗီလာအသင်းသို့ ရောင်းချခဲ့ပြီး လူးဝစ်ဟောကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် စတာလင်ပေါင် ၂၈ သန်းဖြင့် နယူးကာဆယ်အသင်းသို့ အငှားဖြင့်လည်းကောင်း၊ ဟက်ချင်ဆန်ကို အစ်ဝှစ်အသင်းသို့ စတာလင်ပေါင် သန်း ၂၀ ဖြင့်လည်းကောင်း ရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# Generali Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘာရက်တီနီ ဆွတ်ခူးရရှိ

**ကစ်ဇ်ဘူဟယ် ဇူလိုင် ၂၈**

ဩစတြီးယားနိုင်ငံ ကစ်ဇ်ဘူဟယ်မြို့တွင် ကျင်းပခဲ့သည့် **Generali Open** တင်းနစ်ပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဘာရက်တီနီနှင့် ပြင်သစ်တင်းနစ်ကစားသမား ဂတ်စတန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာရက်တီနီက (၇-၅၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာရက်တီနီသည် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီအတွင်း ဆုဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး **Generali Open** တင်းနစ်ပြိုင်ပွဲကိုလည်း နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘာရက်တီနီသည် ၂၀၂၄ ခုနှစ် တင်းနစ်ရာသီတွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဖြစ်သူ တစ်နိုင်ငံတည်းသား ဂျန်နစ်ဆင်နာ၊ စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့နှင့်အတူ ဆုဖလားအများဆုံး ဆွတ်ခူးထားသည့် ကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။



ဘာရက်တီနီက "ကျွန်တော့်အတွက်သိပ်ကိုခက်ခဲတဲ့ ဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဂတ်စတန်ကစားသွားတာ အရမ်းကောင်းပါတယ်။ ပထမပွဲငယ်မှာတော့ ကျွန်တော့်အနေနဲ့ Ace ရိုက်ချက်တွေရခဲ့လို့သာ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယပွဲငယ်မှာတော့ ကစားပုံ တော်တော်လေးကောင်းလာခဲ့တယ်။ ရလဒ်ကောင်းတစ်ခုနဲ့ အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ နောက်လာမဲ့ ပြိုင်ပွဲတွေမှာလည်း အခုလိုပဲ အောင်မြင်မှုတွေဆွတ်ခူးနိုင်အောင် ကြိုးစား သွားမယ်"ဟု ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် တင်းနစ်ရာသီသည် ဘာရက်တီနီအတွက် အအောင်မြင်ဆုံး ရာသီဖြစ်လာပြီး လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာလည်း အဆင့်(၄၀)သို့ ရောက်ရှိလာပြီဖြစ်သလို အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ပါက အဆင့်(၁၀)အတွင်း ဝင်ရောက်လာနိုင်ဖွယ် ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာရှုံးနိမ့်

**ရန်ကုန် ဇူလိုင် ၂၈**

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိသည့် ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ အုပ်စု(C ) အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဇူလိုင် ၂၇ ရက် မြန်မာစံတော်ချိန် ည ၁၂ နာရီတွင် ဂျပန်ထိပ်တန်းကြက်တောင်မယ် ယာမာဂူချီနှင့် မြန်မာကြက်တောင်မယ် သက်ထားသူဇာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဂျပန်ကြက်တောင်မယ် ယာမာဂူချီသည် လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၅)နေရာတွင် ရပ်တည်နေသည့် ထိပ်တန်းကြက်တောင်မယ် တစ်ဦးဖြစ်ပြီး သက်ထားသူဇာက ကမ္ဘာ့အဆင့်(၄၃)နေရာတွင် ရပ်တည်နေသူဖြစ်သည့်အတွက် ယာမာဂူချီက လက်ရည်အသာစီးဖြင့် ဖိအားပေးကစားကာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ယာမာဂူချီက သက်ထားသူဇာကို လက်ရည်အသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပထမပွဲငယ်တွင် ၂၁ မှတ် ၁၂ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၂၁ မှတ် ၁၀ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **STA**

# ဘရန့်ဝိတ်၏နေရာတွင် အိုဘရိုင်းယန့်နှင့်အစားထိုးရန် အဲဗာတန်အသင်းကြိုးပမ်း




**လန်ဒန် ဇူလိုင် ၂၈**

အဲဗာတန် အသင်းသည် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေသည့် ခံစစ်ကစားသမား ဘရန့်ဝိတ်၏နေရာတွင် လိုင်ယွန်အသင်း ခံစစ်ကစားသမား အိုဘရိုင်းယန့်နှင့်အစားထိုးရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အဲဗာတန် အသင်းသည် အိုဘရိုင်းယန့်ကိုခေါ်ယူရန် လိုင်ယွန်အသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် ယနေ့တွင် ဆေးစစ်မှုပြုလုပ်ရန်ပြင်ဆင်နေပြီး ဆေးစစ်မှုအောင်မြင်ပါက ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

လူငယ်ခံစစ် ကစားသမား ဘရန့်ဝိတ်သည် ယခုအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး မန်ယူအသင်းကလည်း ကစားသမားအတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် နှစ်ကြိမ်ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း အဲဗာတန်အသင်းကပယ်ချခဲ့ပြီး အသင်းအနေဖြင့် ကစားသမားကို လက်လွှတ်သွားမည်မဟုတ်ကြောင်း မန်ယူအသင်းကို တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် အဲဗာတန်အသင်းသည် ဘရန့်ဝိတ်ကို ထိန်းသိမ်းရန်ခက်ခဲလာသောကြောင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပရီးမီးယားလိဂ်ကလပ် ပဲလေ့စ်အသင်းတွင် ကစားခဲ့သည့် အိုဘရိုင်းယန့်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဲဗာတန်အသင်းသည် ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကာ ခြေစမ်းပွဲစဉ်များဖြစ်သည့် ဆလီဂိုးရှိဗာအသင်းကို သုံးဂိုးစီသရေနှင့် ဆဲလ်ဖို့ဒ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့် ဇူလိုင် ၃၁ ရက်တွင် ကိုဗင်ထရီအသင်းနှင့် ခြေစမ်းပွဲ ထပ်မံကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# မြန်မာအမျိုးသမီးလိဂ် ပွဲစဉ်(၁၀)တွင် ISPE အသင်း နိုင်ပွဲရရှိ၊ မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ISPE အသင်း နိုင်ပွဲရရှိခဲ့ပြီး မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် နုနု၊ ပွဲချိန် ၄၇ မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၅၄ မိနစ်တွင် ယဉ်လွန်းအိန်တို့က သွင်းယူပေးခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၉၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မေစပယ်ဖူးက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် မြဝတီအသင်းတို့ ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများဖြင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် ဝင်းသီရိထွန်း၊ ပွဲချိန် ၆၁ မိနစ်တွင် ယုယုနိုင်တို့က သွင်းယူပေးခဲ့ပြီး မြဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀ တွင် ရှုပါခိုင်နှင့် ပွဲချိန် ၉၁ မိနစ်တွင် ဖြူဖြူဝင်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရောဝတီအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၄)တွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ကိုးမိနစ်တွင် ဆအောင်ပြည့်ကို၊ ပွဲချိန် ၃၅ မိနစ်တွင် သက်ဝေမိုးတို့က ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၂ မိနစ်တွင် ဇွဲခန့်မင်း၊ ပွဲချိန် ၇၃ မိနစ်တွင် သက်ဝေမိုးတို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၈၉ မိနစ်တွင် မင်းမော်ဦးက သစ္စာအားမာန်အသင်းအတွက် ချေပဂိုး



တစ်ဂိုး သွင်းယူပေးခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မေတ္တာရိပ်အောက်ရောက်ရှိစဉ် (၁)

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**

ခေတ်စနစ်နှင့်အညီ အစိုးရ၏ အုပ်ချုပ်မှုသီအိုရီများက ပြောင်းလဲရသည်ဆိုသော်လည်း အစိုးရ၏မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရသည်က ဝန်ထမ်းများပင်ဖြစ်သည်။ အစိုးရ၏မူဝါဒများ ထိရောက်ကောင်းမွန်ပြီး ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးတွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်က ပဓာနကျလှသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ပြည်သူအကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ရသည့် နိုင်ငံ့ဝန်ထမ်းများသည် အရည်အချင်းပြည့်ဝနေရန် လိုအပ်သည်။ နည်းပညာအသစ်အဆန်းများက အစိုးရဌာန၊ အဖွဲ့အစည်းများကို စိန်ခေါ်မှုအသစ်အဆန်းများအဖြစ် ဝင်ရောက်နေသည့်အချိန်တွင် အစိုးရယန္တရား၏ ပင်နယန်(**Pinion**) များဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများက စိတ်ဓာတ်ခွန်အားအပြည့်ဖြင့် ရင်ဆိုင်နိုင်ရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အရည်အချင်းတို့ကို ဖြည့်တင်းထားရန်လိုအပ်သည်။

'ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်'ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကွပ်ကဲမှုအောက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များက နိုင်ငံ့ဝန်ထမ်းများသို့ ရာထူးအဆင့်အလိုက် သင်တန်းများကိုဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးနေသည်ကို တွေ့ရသည်။ အချိန်နှင့်လုပ်အားတို့ကို ပြည်သူလူထုအကျိုးစီးပွားအတွက် အစဉ်အမြဲပေးအပ်ထားပြီး ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များဖြင့် သစ္စာခိုင်မြဲ ခြောက်ရပ်ကို ဦးထိပ်ပန်ဆင်ထားသည့် နိုင်ငံ့ဝန်ထမ်းများက ကိုယ်တိုင်အရည်အချင်းပြည့်ဝ၍ နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ရန်အတွက် လိုအပ်သည့် ပညာရပ်များကို ဖြည့်တင်းထားရမည်ဖြစ်သည်။ မွန်မြတ်သောဘဝတွင် ရှင်သန်နေကြသူများဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပညာရည်ပြည့်ဝ၍ နှလုံးရည်လှကြသူများဖြစ်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ မေတ္တာရိပ်အောက် ရောက်ရှိစဉ်တွင် အချိန်ကိုအကျိုးရှိရှိ အသုံးချမည်ဆိုပါက အစိုးရနှင့် ပြည်သူလူထုအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။

**လေ့ကျင့်သင်ကြားပေးနေ**

လူတိုင်းသည် ဘဝအတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို မဖြစ်မနေ လိုက်ကိုင်ကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ သမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးက အဓိကပင်ဖြစ်သည်။ ပြည်သူလူထု၏ မေတ္တာနှင့်လေးစားမှုကို ရယူပိုင်ဆိုင်ထားပြီးဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကို အလုပ်အကျွေးပြုရင်းက အစိုးရနှင့်ပြည်သူ လက်တွဲခိုင်မာစေရေး ကြိုးစားဆောင်ရွက်နေသည့်အချိန်တွင် ပညာရည်ပြည့်ဝစေရေးအတွက် အချိန်ပြည့် လေ့လာသင်ယူနေရမည်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကလည်း ပိုမိုများပြားလာပြီး အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ ပြည်သူလူထု၏ လိုအင်ဆန္ဒနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ဝန်ဆောင်မှုပေးနေသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တိုးတက်မှုကို ဖန်တီးပုံဖော်နိုင်ရန်အတွက် လိုအပ်သည့် ပညာရပ်များကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းတက်ရောက်လေ့လာနိုင်သည်။

ဝန်ထမ်းနှင့်သင်တန်းသည် ခွဲခြား၍မရသဖြင့် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းကို ၁၉၆၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၇၇ ခုနှစ် မေ ၅ ရက်တွင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းကို ဗဟိုဝန်ထမ်းတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး တက္ကသိုလ်၏အမည်ကိုလည်း ဖွင့်လှစ်သည့်ဒေသကိုအစွဲပြု၍ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဟု အမည်သတ်မှတ်ခဲ့သည်။

❖ အချိန်နှင့်လုပ်အားတို့ကို ပြည်သူလူထုအကျိုးစီးပွားအတွက် အစဉ်အမြဲပေးအပ်ထားပြီး ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များဖြင့် သစ္စာခိုင်မြဲ ခြောက်ရပ်ကို ဦးထိပ်ပန်ဆင်ထားသည့် နိုင်ငံ့ဝန်ထမ်းများက ကိုယ်တိုင်အရည်အချင်းပြည့်ဝ၍ နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ရန်အတွက် လိုအပ်သည့်ပညာရပ်များကို ဖြည့်တင်းထားရမည်ဖြစ်သည်။ မွန်မြတ်သောဘဝတွင် ရှင်သန်နေကြသူများဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပညာရည်ပြည့်ဝ၍ နှလုံးရည်လှကြသူများဖြစ်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ မေတ္တာရိပ်အောက် ရောက်ရှိစဉ်တွင် အချိန်ကို အကျိုးရှိရှိအသုံးချမည်ဆိုပါက အစိုးရနှင့် ပြည်သူလူထုအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ ❖

၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ကို ထပ်မံဖွင့်လှစ်ခဲ့သည်။ ၂၀၁၆ ခုနှစ် မေ ၂၇ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဟု အမည်ပြောင်းလဲခဲ့သည်။

၁၉၆၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေ ၂၈ ရက်ထိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် သင်တန်း ၁၁၄၅ ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၆၆၅၉၈ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင်လည်း ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ သင်တန်း ၁၂၃ ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၁၂၈၃၁ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှစ၍ ယနေ့အချိန်ထိ သင်တန်းသား ၁၇၇၃၂၄ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်ကို တွေ့ရပြီး လက်ရှိတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ရာထူးအဆင့်အလိုက် သက်ဆိုင်ရာသင်တန်းများတွင် သင်တန်းတက်ရောက်နေသူ ၁၇၉၂ ဦးရှိသည်ကို တွေ့ရသည်။

**အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၈)ကို ဖွင့်လှစ်ခဲ့**

အဆင့်မြင့်အရာရှိများအနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ကောင်းမွန်စွာ သိရှိနားလည်သဘောပေါက်စေရန်၊ နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားအတွင်း သိရှိနားလည်ထားသင့်သော နိုင်ငံအုပ်ချုပ်ရေးကဏ္ဍတွင် ဦးဆောင်နိုင်မှုစွမ်းရည်မြင့်မားလာစေရန်၊ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များကို အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်မည့် အနာဂတ် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာရေး ပျိုးထောင်လေ့ကျင့်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၈)ကို ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ စတင်ဖွင့်လှစ်ခဲ့သည်။ မိမိအပါအဝင် အဆင့်မြင့်အရာရှိ ၄၁ ဦးသည် နိုင်ငံတော်နှင့်ပြည်သူလူထုကအားထားရသည့် အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် လိုအပ်သောပညာရပ်များကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၏ မေတ္တာရိပ်အောက်တွင် ခေတ္တရောက်ရှိကာ လေ့လာနေကြပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုနယ်ပယ်တွင် တာဝန်ယူကြရမည့် အဆင့်မြင့်အရာထမ်းများ၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များနှင့် ခေါင်းဆောင်မှုအရည်အသွေးတို့က အခရာကျသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင်လည်း ဌာန၊ အဖွဲ့အစည်းကို ကောင်းမွန်စွာဦးဆောင်နိုင်သော အဆင့်မြင့်အရာရှိကောင်းများ ပေါ်ထွက်လာစေရေးအတွက် အဆင့်မြင့်အရာထမ်းသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးနေသည်။ သင်တန်းကာလရက်သတ္တ ရှစ်ပတ်တာကာလအတွင်းတွင် မိမိအပါအဝင် အဆင့်မြင့်အရာရှိများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အများပြည်သူအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနိုင်ရေး လိုအပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများကို သိရှိနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကိုသိရှိပြီး စီမံခန့်ခွဲရေးလုပ်ငန်းတာဝန် ထမ်းဆောင်ကြရာတွင် ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာဆောင်ရွက်တတ်စေရန်၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ပိုမို၍ကျေညက်စေရန်၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆန်းသစ်သော ခေတ်မီအတွေးအခေါ်၊ အယူအဆသစ်များကို လေ့လာသိရှိရန်နှင့် မိမိတာဝန်ယူရသည့် စီမံခန့်ခွဲသည့် ပညာရပ်များကို ဆည်းပူးသွားမည်ဖြစ်သည်။

**အကျိုးရှိတာသိခဲ့ရသည်**

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလက ပြည်ထောင်စုရာထူးဝန်အဖွဲ့ကခေါ်ယူသည့် ပြန်တမ်းဝင်အရာရှိ စာမေးပွဲကိုဖြေဆိုအောင်မြင်ခဲ့ပြီး အရာထမ်းလောင်းသင်တန်းတက်ရောက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ မေတ္တာရိပ်အောက်သို့ ရောက်ရှိခဲ့ဖူးသည်။ မွန်မြတ်သောနှလုံးသားပိုင်ရှင်တို့ ကွန်းခိုရာအရပ်ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းလောကသို့ အခြေချရမည့် မိမိအနေဖြင့် တတ်သိအပ်သောပညာရပ်များကို လေ့လာခွင့်ရခဲ့သည်။ အဆင့်မြင့်အရာထမ်းသင်တန်းတက်ရောက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရင်ခွင်အောက်ရောက်ရှိချိန်တွင် အရာထမ်းလောင်းဘဝက သင်ကြားလေ့လာခဲ့ရပုံများကို ပြန်လည်သတိရမိသည်။ ထိုအချိန်က စီမံခန့်ခွဲမှု၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေးသိပ္ပံ၊ နိုင်ငံရေးသိပ္ပံ၊ အင်္ဂလိပ်စာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး စသည့်ပညာရပ်များကို လေ့လာခဲ့ရသည်။

ကာကွယ်ရေးပညာဌာနမှ လာရောက်ပို့ချသည့် ကာကွယ်ရေးပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားရသည်။ ဘယ်၊ညာလျှောက်ကာ စစ်ရေးပြလေ့ကျင့်ခဲ့ရသည်။ နံနက်ခင်းတွင် ကျန်းမာရေးအတွက် လေ့ကျင့်ခန်းပြုလုပ်ရသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ ရုံးလုပ်ငန်းလက်စွဲ စသည့် ပညာရပ်များကို မဖြစ်မနေသင်ကြားရသည်။ အရာရှိဖြစ်မည့်သူများဖြစ်သဖြင့် ခေါင်းဆောင်မှုပညာရပ်များကိုလည်း ထည့်သွင်းသင်ကြားရသည်။ ပင်ပန်းသည်ဟု စိတ်ထဲတွင် ထင်မှတ်မိခဲ့သည်။ သင်တန်းကာလပြီးမြောက်၍ လုပ်ငန်းခွင်ရောက်ရှိချိန်တွင် ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် အခြားသော စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရသည့်အချိန်တွင် သင်တန်းတွင် သင်ကြားပေးခဲ့သည့် ဘာသာရပ်များ၏ အရေးပါမှုကို သိခဲ့ရသည်။

**မေတ္တာရိပ်အောက်ရောက်ရှိစဉ်**

နိုင်ငံ့ဝန်ထမ်းများအတွက် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးတည့်မည့်ဘာသာရပ်များကို စာတွေ့၊လက်တွေ့ သင်ကြားပေးနေသည့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ မေတ္တာရိပ်အောက်သို့ နိုင်ငံ့ဝန်ထမ်းတိုင်း ရောက်ရှိကြရမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များက ပညာရပ်ဆိုင်ရာအရည်အသွေးပြည့်ဝရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးတို့အတွက် မေတ္တာဖြင့်သင်ကြားပေးနေသည်။ ဝါသနာ၊ စေတနာ၊ အနစ်နာဆိုသည့် နာသုံးနာကို အရင်းတည်၍ နိုင်ငံ့ဝန်ထမ်းတော်ဝင်ပန်းကလေးများ ပွင့်လန်းစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးနေသည့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ ဆရာ၊ဆရာမများ၏မေတ္တာကို အသိအမှတ်ပြုရင်း နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ Website (https://www.ucsb.gov.mm )**
- **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ Website (https://www.cicsum.edu.mm )**

**လင်းလက်**

# သဘင်ဘဏ်တိုက်အမည်ဖြင့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် မင်းသား အဂ္ဂမောင်၏ဖျော်ဖြေမှုကို Channel K မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇူလိုင် ၂၈**

သဘင်ဘဏ်တိုက်အမည်ဖြင့် မျိုးဆက်သစ် သဘင်ပညာရှင် လူငယ်များ ပါဝင်ဖျော်ဖြေမည့် မြန်မာ့သဘင်ဖျော်ဖြေတင်ဆက်မှု အစီအစဉ်တွင် မင်းသား အဂ္ဂမောင်၏ ဖျော်ဖြေမှုကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဇာတ်မင်းသား အဂ္ဂမောင်က ပြောပြ၍ သိရသည်။

အဆိုပါ အစီအစဉ်တွင် မျိုးဆက်သစ် ဇာတ်မင်းသားများ ဖြစ်ကြသည့် ဘွန်း၊ ဆန်းမြင့်အောင်၊ ဇွဲမာန်ဟိန်း၊ ချမ်းညီညီ၊ ဝေလင်းထက်၊ အဂ္ဂမောင်တို့အပြင် ဝါရင့်ဇာတ်မင်းသားများဖြစ်သည့် တင်မောင်ဆန်းမင်းဝင်း၊ ဟန်ဇာမိုးဝင်း၊ ဖိုးချစ်တို့ကလည်း အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သဘင်ဥယျာဉ်ကြီးမှာ အရောင်အသွေးစုံလင်စွာနဲ့ ပွင့်လန်းလာနေတဲ့ မျိုးဆက်သစ် သဘင်ဇာတ်မင်းသားလေးတစ်ဦးဖြစ်တဲ့ ကျွန်တော်ရဲ့ အက၊ အလှုတွေနဲ့ ထူးခြားတဲ့ဖျော်ဖြေတင်မှုတွေကို သဘင်ဘဏ်တိုက် အပိုင်း (၄) အစီအစဉ်အဖြစ် ဩဂုတ် ၃ ရက်မှာ ပရိသတ်တွေ ကြည့်ရှုအားပေးနိုင်မှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား အဂ္ဂမောင်က ပြောပြသည်။

အဆိုပါ သဘင်ဘဏ်တိုက် အစီအစဉ်ကို ပြီးခဲ့သည့် ဇူလိုင် ၇ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီနှင့် ည ၉ နာရီ မိနစ် ၄၀ တို့တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# Deadpool and Wolverine ဇာတ်ကား အကြိုပွဲနေ့ဝင်ငွေ ကန်ဒေါ်လာ ၃၈ သန်းကျော်ရရှိ

**နယူးယောက် ဇူလိုင် ၂၈**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကားသစ်သည် အကြိုပွဲများစတင်ပြသခဲ့သော ဇူလိုင် ၂၅ ရက်တစ်ရက်တည်းမှာပင် ဝင်ငွေအမေရိကန်ဒေါ်လာ ၃၈ သန်းကျော်ထိ ရရှိခဲ့ကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

အထက်ပါ ဝင်ငွေပမာဏကြောင့် Dead Pool and Wolverine ဇာတ်ကားသည် သမိုင်းတစ်လျှောက် အကြိုပွဲနေ့ဝင်ငွေ အဋ္ဌမမြောက် အကောင်းဆုံးဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မာဗယ်စတူဒီယိုသည် Dead Pool and Wolverine ဇာတ်ကားကို ဇူလိုင် ၂၆ ရက်တွင် နိုင်ငံတကာဈေးကွက်၌စတင်ရုံတင်ပြသလျက်ရှိသည်။

Dead Pool and Wolverine ဇာတ်ကားသည် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက် နှစ်ရက်တာကာလအတွင်း စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၈ သန်းထိရရှိထားကြောင်း သိရသည်။

Dead Pool and Wolverine ဇာတ်ကားသစ် တတိယမြောက် Dead Pool ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ရေးနိုး၊ ဟက်ဂျက်မင်းနှင့် မင်းသမီး အမ်မာကော်ရင်တို့ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# မျက်ရည်တံခါးပြဇာတ်ကို Sky Net ၊ Myanmar Arts မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဇူလိုင် ၂၈**

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် ဖျော်ဖြေတင်ဆက်သည့် မျက်ရည်တံခါးပြဇာတ်ကို Sky Net ရုပ်သံလိုင်း၊ Myanmar Arts ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။




သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော်ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာရွှေမန်းသဘင်အဖွဲ့၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင် အလှတို့ကို Sky Net၊ Myanmar Arts ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ မွန်းတည့် ၁၂ နာရီတွင် ထုတ်လွှင့်ပေးလျက်ရှိပြီး အထူးသဖြင့် ဇာတ်မင်းသားကြီး ဦးချမ်းသာ၏ ထင်ရှားကျော်ကြားလူကြိုက်များသည့် အော်ပရာနှင့် ပြဇာတ်များကို ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

"ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်ကြီးရဲ့ လက်ရွေးစင် ဇာတ်လမ်းဇာတ်အိမ်တွေကို ရွေးချယ်ပြီး အချစ်၊ အလွမ်း၊ အဆွေး ရသစုံလှတဲ့ ရွှေမန်းချမ်းသာရဲ့ ပြဇာတ်ကောင်းတွေ၊ အကအလှတေးသံသာတွေကို Sky Net၊ Myanmar Arts ရုပ်သံလိုင်းကနေ ပြသပေးနေပါတယ်။ လာမဲ့ ဩဂုတ် ၃ ရက်မှာ မျက်ရည်တံခါး အပိုင်း (၁) ၊ (၂) ပြဇာတ်ကောင်းလေးကို စတင်ပြီးတော့ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင် အစီအစဉ်တွင် ဇာတ်မင်းသားကြီး ဦးချမ်းသာကိုယ်တိုင်ရေးသား ဇာတ်ညွှန်းခွဲကာ ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ် ကပြခဲ့သည့် ထင်ရှားအောင်မြင်သည့် စင်တင် ပြဇာတ်ပေါင်း ၉၀ ခန့်အနက်မှ လူကြိုက်အများဆုံး ပြဇာတ်များ၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ခေတ်မှသား ရွှေမန်းချမ်းသာ ခေတ်ထိ ထင်ရှားခဲ့သည့် နှစ်ပါး အကအလှများကိုလည်း တင်ဆက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# I Am Legend-2 ဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာ ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၈**

ဝါနာဘရားသားရုပ်ရှင် ကုမ္ပဏီ၏ I am Legend-2 ဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက တာဝန်ယူရိုက်ကူးပေးနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဝါနာဘရားသားကုမ္ပဏီအနေဖြင့် I am Legend-2 ဇာတ်ကားအတွက် ဒါရိုက်တာအဖြစ် စတီဗင်ကာပယ် ဂျူနီယာကို တာဝန်ပေးရန် စိတ်ဝင်စားနေကြောင်း သိရသည်။

I am Legend-2 ဇာတ်ကားတွင် မင်းသား ဝီစမစ်နှင့် မိုက်ကယ်ဘီဂျော်ဒန်တို့ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာသည် Transformers: Rise of the Beasts ဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

အကယ်၍ I am Legend-2 ဇာတ်ကားကို ရိုက်ကူးရေးအတွက် သဘောတူညီချက် ရရှိခဲ့ပါက ဒါရိုက်တာ စတီဗင်ဂျူနီယာအနေဖြင့် မိုက်ကယ်ဘီဂျော်ဒန်နှင့် တစ်ဖန်ပြန်လည်လက်တွဲရမည်ဖြစ်ကြောင်း သိရသည်။

စတီဗင်ကာပယ်ဂျူနီယာသည် မိုက်ကယ်ဘီဂျော်ဒန်ပါဝင်သရုပ်ဆောင်ခဲ့သည့် Creed II ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်၍ ဩဂုတ်လအတွင်း ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇူလိုင် ၂၈**

သစ္စာဖြင့်သာစီရင်စေ ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်၍ ဩဂုတ်လအတွင်း Mahar Application မှ ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေကြောင်း အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးထားသည့် ဒါရိုက်တာ မင်းဦးက ပြောပြ၍ သိရသည်။

သစ္စာဖြင့်သာ စီရင်စေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သျှင်မက ရေးသားထားပြီး ကကြိုးသျှင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ မင်းဦးက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ကျွန်တော့်ရဲ့ ပထမဆုံးဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဇာတ်လမ်းစပြီး လာပေးကတည်းက Actor တွေများတယ်။ ခု ဒီဇာတ်ကလဲ မိသားစုတစ်စုကကလေးတွေကနေ မြေးတွေရလာတဲ့ထိဆိုတော့ သရုပ်ဆောင်က များသွားတယ်ဆိုပေမဲ့ သူ့အပိုင်းနဲ့သူပေါ့။ ဒီဇာတ်လမ်းတွဲက Challenge တစ်ခုအနေနဲ့ ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲလို့ ပြောလို့ရပါတယ်။ အခုကတော့ ဒီဇူလိုင်လထဲမှာ အပြီးသတ်ပြီမို့ ဩဂုတ်လထဲ ပြသနိုင်ဖို့ စီစဉ်နေပါတယ်"ဟု ဒါရိုက်တာ မင်းဦးက ပြောပြသည်။

သစ္စာဖြင့်သာ စီရင်စေဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ညီနန္ဒ၊ ကျော်ကျော်၊ နေထွဋ်၊ ကျော်ဇင်ထွဋ်၊ မယ်လိုဒီ၊ လင်းဇာနည်ဇော်၊ ဆုပန်ထွာ၊ ဖူးစုံ၊ ရွှေသမီး၊ ခြူးလေး၊ မိုးပွင့်ဖြူ၊ ယွန်းဝင့်လွှာအောင်၊ နှင်းဝတ်ရည်ကျော်၊ တာတာနှင့် ကလေးသရုပ်ဆောင်များအဖြစ် ဇွဲဝေယံထက်၊ ရှင်ပြုံးခင်၊ နန်းကုဋေစံဦး၊ မိကြယ်စင်ကျော်ကျော်၊ ဟိန်းသီရိစံတို့အပြင် အထူးဧည့်သည်သရုပ်ဆောင် မြင့်မြင့်ခိုင်တို့ ပါဝင်ထားကြောင်း သိရသည်။ ASH

# All sown acres of summer paddy harvested in Monywa District


Farmers are seen harvesting summer paddy in a field.

**Monywa July 28**

All plantations of summer paddy has been reaped in Monywa District of Sagaing Region, said the statistics of Monywa District Agriculture Department.

Cultivated in 2023-24 summer season, summer paddy plantations were harvested starting from June this year in Monywa District. It yielded 87.54 baskets per acre.

"Local farmers planted 746 acres of summer paddy in Monywa District and they have harvested all plantations so far. Our department helped local farmers keep paddy under shelter in time," said Daw San San Myint, Head of Monywa District Agriculture Department.

In this regard, Budalin Township harvested 148 acres of summer paddy, Ayadaw Township 352 acres and ChaungU Township 246 acres, totalling 746 acres.

The district this year earmarked 1,210 acres of summer paddy, but local farmers planted 746 acres. Relevant township agricultural departments cooperate with local farmers in growing summer paddy in a smooth process.

Agricultural staff provide agricultural techniques to local farmers with broadcasting of fertilizer, use of pesticides and systematic weeding.

206

# Turkish forces kill 16 "terrorists" in N. Syria, Iraq

**Ankara July 28**

The Turkish military has neutralized a total of 16 "terrorists" in operations in northern Iraq and northern Syria, the country's Defense Ministry said Sunday.

The Turkish forces killed 11 members of the outlawed Kurdistan Workers' Party (PKK) in Hakurk, Gara and Asos regions in northern Iraq, said the ministry in a statement, without specifying the time frame of the operations.

Turkish authorities often use the term "neutralized" in their statements to imply the "terrorists" in question surrendered or were killed or captured.

In a separate operation in northern Syria, the Turkish forces "neutralized" five members of the Syrian Kurdish People's Protection Units (YPG), the ministry said in a statement.

The Turkish army launched Operation Euphrates Shield in 2016, Operation Olive Branch in 2018, Operation Peace Spring in 2019, and Operation Spring Shield in 2020 in northern Syria to create a YPG-free zone along its border with the neighboring country.

Türkiye sees the YPG group as the PKK's Syrian branch.

The PKK, listed as a terrorist organization by Türkiye, the United States and the European Union, has rebelled against the Turkish government for more than three decades.

Xinhua

# Six Mandalay Townships generate over 1,300 tonnes of waste daily

**Mandalay July 28**

More than 1,300 tonnes of waste are produced daily within the six townships of Mandalay City, according to U Zaw Win Naing, deputy head of the Water and Sanitation Department of the Mandalay City Development Committee (MCDC).

In Mandalay City, the department is collecting garbage from homes and markets in Pyigyitagon, Chanayethazan, Chanmyathazan, Aungmyethazan, Mahaaungmye and Amarapura townships.

"The township that generates the most garbage in Mandalay is Aungmyethazan Township. Amarapura Township is among the townships that produce the least tonnes of garbage. Households in the six townships need to properly dispose of household waste when they dispose of it," he continued.

"People living in the six townships of Mandalay should wrap their household waste properly in plastic bags and dispose of it in garbage bins and garbage trucks. They should not throw it into the drains. If you dump it in the drains, the drains may get clogged and smell bad and the water flow may be bad," he continued.

184


Municipal personnel are seen handling garbage in Mandalay city.

# Park Fire explodes in size, among largest in California's history

**Sacramento July 28**

A massive wildfire torching Northern California, known as Park Fire, has quickly grown to nearly 1,400 square kilometers in just three days, making it the seventh-largest wildfire in the state's history.

The Park Fire "reaches No. 7 on the list of Top 10 Largest Wildfires in California," announced the California Department of Forestry and Fire Protection (Cal Fire) in a post on social media X on Saturday afternoon.

"Extreme fire conditions continue to challenge firefighters as the blaze has now grown to over 345,000 acres (1,396.2 square kilometers)," the post said.

The fire started on Wednesday afternoon in a park near Chico. It rapidly moved into wildland to the north, exploding from 400 acres (1.7 square kilometers) to more than 71,000 acres (287.3 square kilometers) in several hours, according to Cal Fire.

As of Saturday afternoon, containment efforts have been overwhelmed, with Cal Fire reporting zero percent containment due to the fire's rapid spread.

Two individuals were injured, while an estimated 134 structures were destroyed. The fire threatened an additional 4,200 structures, forcing thousands of residents in Butte and Tehama counties to evacuate their homes.

The entire town of Paradise, north of California's capital city of Sacramento, is under an evacuation warning on Saturday. Residents were advised to prepare to evacuate if officials instructed them to do so.

This community was the site of the deadly Camp Fire in 2018, which caused over 80 deaths and is considered to be the worst wildfire in modern state history. Xinhua

# Kyaukmyaung sub-Township farmers cultivate 2,897 acres of rain-fed green beans

**Kyaukmyaung July 28**

A total of 2,897 acres of green beans have been planted during this year's rain crops planting season in Kyaukmyaung sub-Township, Shwebo District, Sagaing Region, according to statistics from the Department of Agriculture for Kyaukmyaung sub-Township.

During the 2024-2025 rain crops planting season, 1,559 acres of pre-rainy green beans and 3,821 acres of rain-fed green beans are planned to be planted in Kyaukmyaung sub-Township. Since May of this year, 2,897 acres of green beans have been planted.

"We are working to ensure that the designated acres can be planted. There will be education on how to expand green bean cultivation, and using good varieties to improve yields," said Daw Khin Win, head of the Department of Agriculture for Kyaukmyaung sub-Township.

This year, the department has encouraged the farmers to cultivate pre-rainy green beans and rain-fed green beans in the pre-rainy season in Kyaukmyaung sub-Township and they are working to raise awareness with good varieties suitable for the region, obtaining a clean breed correct planting method, pest control, proper use of fertilizers, and the improvement of yield. 206

# Kawlin District finishes cultivation of 878 acres of sugarcane against 1,779-acre target this monsoon


A sugarcane plantation.

**Kawlin July 28**

Kawlin District Agriculture Department stated that a total of 878 acres of sugarcane plantations has been planted this monsoon.

In 2024-25 monsoon season, the district earmarked cultivation of 1,779 acres of sugarcane plantations in Kawlin District but local farmers have grown 843 acres of sugarcane plantations in Kawlin Township and 35 acres in Wuntho Township so far, totalling 878.

"Farmers have planted more than 800 acres of sugarcane plantations against the target of more than 1,000 acres in Kawlin District this year. Now, they are trying hard to meet the target cultivation. The Agriculture Department encourages local farmers to expand sown acreage of sugarcane plantations in the district," said U Win Thein, Head of the District Agriculture Department.

This year, Kawlin Township earmarked 1,744 acres of sugarcane and Wuntho Township 35 acres. Local farmers need to cost K600,000 to K700,000 per acre of growing sugarcane plants, producing 30 tons of sugarcane per acre.

Local farmers prefer to use K95/84, Nawade-4, Phormoza and Shweshweli strains of sugarcane in Sagaing Region.

Sugarcane plants are grown in Kawlin, Shwebo, Kanbalu and Katha districts of Sagaing Region, Katha and Kanbalu districts of which grow the largest acreage of sugarcane.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kangyidaunt Township farmers cultivate 145,013 acres of crops

**Kangyidaunt July 28**

A total of 145,013 acres of multi-crops will be planted in Kangyidaunt Township, Pathein District, Ayeyawady Region in this year rain crops planting season, said U Win Soe, head of Department of Agriculture for Pathein District.

In this year's rain crop planting season, 145,013 acres of mixed crops, including paddy, will be planted in the last week of July. Among them, 143,988 acres of paddy, 21 acres of maize, 30 acres of peanuts, 96 acres of pepper and 878 acres of vegetables have been earmarked to plant.

"The Department of Agriculture has been conducting outreach activities since the time before the crops were planted," said U Win Soe, head of Department of Agriculture for Pathein District.

In Kangyidaunt Township, departmental organizations such as the Department of Agriculture, the Department of Agricultural Mechanization, the Department of Irrigation and Water Utilization Management, and the administration team have cooperated to plant various crops in this year's rain crops planting season.

KKL


A vast stretch of paddy fields.

# More than 1,800 acres of vegetable plants thriving in Bamauk Township

**Bamauk July 28**

Statistics of Katha District Agriculture Department indicated that a total of 1,826 acres of vegetable crops have been planted in Bamauk Township of Sagaing Region this monsoon.

In 2024-25 monsoon season, the township planned to grow 2,690 acres of vegetable plants. But, local farmers have planted 1,826 acres of vegetables against the target cultivation.

U Myint Soe, Head of the District Agriculture Department, said: "Local farmers emphasize cultivation of mustard, chilli, tomato, eggplant, cabbage, cauliflower, ladyfinger and so on in the township. We educate local farmers to grow crops in GAP system and share agricultural techniques with them to produce least chemical residue."

The township Agriculture Department raises farmer awareness to expand sown acreage of vegetable plants, use GAP system and produce healthy crops with the use of natural fertilizers and pesticides.

Local farmers grow seasonal vegetable plants yearly. So, they can earn incomes for families. Township Agriculture Department helps those farmers use correct agricultural techniques, prevent pests, use natural fertilizers and pesticides.

206


A vegetable plantation.

# Farmers plant more than 8,000 acres of green gram this year

**Shwebo July 28**

According to the statistics of Shwebo Township Agriculture Department, croplands have been placed under 8,148 acres of green gram in monsoon crop cultivation season of this year in Shwebo Township of Sagaing Region.

In 2024-25 monsoon season, the township earmarked cultivation of 10,204 acres of pre-monsoon green gram and 1,646 acres of monsoon green gram. Local farmers started cultivation of pre-monsoon green gram on 5,497 acres and monsoon green gram on 2,651 acres, totalling 8,148 acres.

"This year, local farmers have planted more than 8,000 acres of green gram against the target of more than 10,000 acres. They are trying their best to meet the target cultivation. Our department helped local farmers expand sown acreage, use high yield strains of crops and fertilizers," said U Hsan Oo, Head of Shwebo Township Agricultural Deparment.

Agricultural staff raise farmer awareness to use quality strains of crops and good agricultural techniques, prevent pests and emphasize systematic use of fertilizers and boosting per-acre yield of crops.

This year, the township department joins hands with local farmers in use of quality strains of crops, inputs and post-harvest technology.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဗြိတိန်အခြေစိုက် BAE နှင့် Chess Dynamics ကုမ္ပဏီတို့က Tridon Mk2 လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ



BAE Systems Bofors သည် Tridon Mk2 လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် ပစ်ခတ်မှုထိန်းချုပ်လုပ်ဆောင်ရေးအပိုင်းအတွက် ဗြိတိန်နိုင်ငံအခြေစိုက် Chess Dynamics နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် ဇွန်လတွင် ထုတ်ဖော်ပြသခဲ့သည့် Tridon Mk2 လက်နက်စနစ်သည် ဒရုန်းများ၊ လေယာဉ်များ၊ ခရုဇ် ဒုံးကျည်များနှင့် သံချပ်ကာယာဉ်များကဲ့သို့သော ခြိမ်းခြောက်မှုအမျိုးမျိုးကို ထိရောက်စွာ တန်ပြန်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

လက်နက်စနစ်သည် ထိရောက်အကွာအဝေး ၁၂ ကီလိုမီတာ (၇ ဒသမ ၄မိုင်) ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသော Bofors 40 မီလီမီတာ ယာဉ်တင်လေယာဉ်ပစ်အမြောက်တစ်လက်ကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်လုပ်ဆောင်နိုင်မှုအပေါ် အခြေခံထားခြင်းဖြစ်သည်။ အဆိုပါ လေယာဉ်ပစ်အမြောက်ကို ယာဉ်အမျိုးမျိုးတွင် တပ်ဆင်အသုံးပြုနိုင်မည်လည်းဖြစ်သည်။

Chess Dynamics ထုတ် Hawkeye လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် မူကွဲတစ်မျိုးဖြစ်သော Mk2 ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်သည် ပွဲထိန်းကျည် အမျိုးအစားအားလုံးအတွက် ပေါင်းစည်းအသုံးပြုနိုင်သော ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်တစ်မျိုးဖြစ်သည်ဟု သိရသည်။ ၎င်းတွင် ကြည်လင်ပြတ်သားသော ပုံရိပ်ဖော်ပြမှုစနစ် Thermal Imager ၊ TV sensor များနှင့် စွမ်းဆောင်ရည်မြင့် လေဆာအကွာအဝေးရှာကိရိယာတို့ ပါဝင်ဖွဲ့စည်းထားပြီး ကိရိယာအားလုံးသည် ဆုံလည်တစ်ခုတည်းပေါ်တွင်တပ်ဆင်အသုံးပြုထားသည်။ ထိုပစ္စည်းကိရိယာများစုပေါင်းအသုံးပြုထားခြင်းကို Hawkeye ဟု အမည်ပေးထားခြင်းလည်းဖြစ်သည်။ Hawkeye ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်သည် ပစ်မှတ်အားခြေရာခံထိန်းကျောင်းနိုင်မည့် In-Built Tracker တပ်ဆင်ထားသောကြောင့် တိုက်ပွဲဝင်ရာတွင် ပစ်မှတ်၏သုံးဘက်မြင် ကိုဩဒိနိတ်များကို တိကျစွာ ထောက်ပံ့ပေးနိုင်သည်။

"ဒီလိုမျိုးအရေးကြီးတဲ့ ပရောဂျက်အတွက် BAE Systems Bofors နဲ့ တွဲလုပ်ရတာ အရမ်းဂုဏ်ယူမိပါတယ်"ဟု Chess Dynamics ၏ မန်နေဂျင်းဒါရိုက်တာ David Tuddenham က ပြောကြားခဲ့သည်။

"BAE Systems ထုတ် Bofors ၄၀ မမ လေယာဉ်ပစ်အမြောက် လက်နက်စနစ်နဲ့ Tridon Mk2 ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်တို့ပေါင်းစည်းပြီး မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်မှာ ထိပ်တန်းနည်းပညာနဲ့ စွမ်းဆောင်ရည်ပိုင်းမျိုး ပိုင်ဆိုင်ထားနိုင်မှာဖြစ်သလို ကုန်း၊ ရေနှစ်သွယ် အသုံးပြုနိုင်မှာလဲ ဖြစ်ပါတယ်"ဟု ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

**BAE, Chess Dynamics Team for Tridon Mk2 Air Defense Fire Control ကို ဘာသာပြန်ဆိုထားပါသည်။**

## စပိန်နိုင်ငံက ယူကရိန်းကို Hawk လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ ထပ်မံပေးအပ်သွားမည်

စပိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Margarita Robles သည် ယူကရိန်းကာကွယ်ရေးဝန်ကြီး Rustem Umerov နှင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းThe Defense Post သတင်းဌာနက ဇူလိုင် ၂၄ ရက်ကပင် ရေးသားဖော်ပြခဲ့သည်။

ဆွေးနွေးပွဲအတွင်း ဝန်ကြီး Umerov က ယူကရိန်းနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောပြခဲ့ပြီး ယူကရိန်းတပ်မတော်၏ အရေးတကြီးလိုအပ်ချက်များကို ထည့်သွင်းဖော်ပြခဲ့သည်။ စပိန်နိုင်ငံဘက်မှ ဝန်ကြီး Robles သည် စပိန်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ တင်ပို့ရောင်းချပေးနိုင်မှုကို အသေးစိတ်ထည့်ပြောသွားခဲ့ပြီး ယူကရိန်းစစ်သည် ၅၀၀၀ ကို စစ်သင်တန်းပေး၊ လေ့ကျင့်သင်ကြားနေမှုများတွင် တိုးတက်မှုများရှိနေကြောင်း မီးမောင်းထိုးပြခဲ့သည်။

စပိန်ကာကွယ်ရေးဝန်ကြီး Robles ၏ ကြေညာချက်တွင် အရေးကြီးစစ်လက်နက်ပစ္စည်းများပေးပို့ခြင်းနှင့်ပတ်သက်၍ ပါဝင်နေပြီး ဝန်ကြီးနှစ်ဦးတွေ့ဆုံဆွေးနွေးမှုစကားဝိုင်း၏ အဓိကအကြောင်းအရာများဖြစ်သည်။ စက်တင်ဘာလတွင် ယူကရိန်းနိုင်ငံသည် တိုက်ပွဲဝင်အသင့်အသုံးပြုနိုင်မည့် Hawk လက်နက်စနစ် တပ်ခွဲတစ်ခွဲစာ လက်ခံရရှိမည်ဖြစ်ကာ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးက အတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် လူသားချင်းစာနာမှုဆိုင်ရာ ကတိကဝတ်ကို အလေးပေးပြောကြားခဲ့ပြီး ယူကရိန်းတပ်မတော်မှ အရာရှိများ၏ မိဘမဲ့ကလေးများနှင့် မိသားစုဝင်များကိုပံ့ပိုးရန် ကြိုးပမ်းနေမှုများကိုပါ အသေးစိတ် ထည့်သွင်းပြောကြားခဲ့ကြသည်။ ဤပံ့ပိုးမှုတွင် ပိုလန်နိုင်ငံလည်း ပူးပေါင်းပါဝင်လျက်ရှိပြီး စပိန်သို့ သယ်ယူပို့ဆောင်ရေးအတွက် တာဝန်ယူစီစဉ်ပေးမည်ဖြစ်ကာ ၎င်းတို့ကို လုံခြုံနွေးထွေးစွာ ရက်အနည်းငယ်ကြာ တည်းခိုနေထိုင်မှုကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

Hawk လက်နက်စနစ်သည် အနိမ့်ပျံမှ အလယ်အလတ်အမြင့်ထိ တိုက်ပွဲဝင်နိုင်သော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်ပြီး အကွာအဝေးနှင့် အမြင့်အမျိုးမျိုးတွင် ဝေဟင်ပစ်မှတ်များကို ကြားဖြတ်ဟန့်တားရန် ဒီဇိုင်းထုတ်ထားသည့် ဒုံးကျည်စနစ်ဖြစ်သည်။ ပြင်သစ်၊ ဂရိ၊ အီရန်၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ ကူဝိတ်၊ နယ်သာလန်၊ အီဂျစ်၊ ဂျော်ဒန်၊ မော်ရိုကို၊ ရိုမေးနီးယား၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ စပိန်၊ တောင်ကိုရီးယား၊ ဆွီဒင်၊ တရုတ်(တိုင်ပေ)၊ တူကီယဲ၊ ယူကရိန်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စုအပါအဝင် နိုင်ငံအများအပြားက အသုံးပြုလျက်ရှိကြသည်။ Hawk ဒုံးကျည်ကို Dual-Thrust အစိုင်အခဲလောင်စာသုံး၊ Booster Sustainer ဒုံးပျံမော်တာဖြင့် မောင်းနှင်ထားပြီး အလျင်နှုန်း Mach 2.7 ထိမြန်နှုန်းမြင့် ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။ ဒုံးကျည်အမျိုးအစားနှစ်မျိုးအသုံးပြုထားပြီး MIM-23Aနှင့်MIM-23B ဒုံးကျည်တို့ဖြစ်သည်။



ယခုကဲ့သို့ လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်များ ပေးအပ်မှုနှင့် ပတ်သက်ပြီး ယူကရိန်းကာကွယ်ရေးဝန်ကြီး Rustem Umerov က စပိန်နိုင်ငံဘက်မှ ပံ့ပိုးကူညီနေမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**Spain to Provide New Hawk Surface-to-Air Missile System to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း အလုံးရေ ၁၀၀ ပါ ဘဲဥကတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း အလုံးရေ ၁၀၀ ပါဘဲဥကတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးဇော်ဇော်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ဘဲဥအလုံးရေ ၁၀၀ ပါကတ်ရေ ၂၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ဘဲဥအလုံးရေ ၁၀၀ ပါကတ်ရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်က ဥစားဘဲ မွေးမြူသူတွေအတွက် အဆင်ပြေဝင်ငွေကောင်းလာတဲ့နှစ်လို့ ပြောလို့ရပါတယ်။ လက်ရှိမှာ ဘဲအစာဈေးနှုန်းကလဲ သက်သာနေပါတယ်။ ဒီနှစ် ဘဲဥအထွက်နှုန်းကလဲကောင်းမွန်ပါတယ်။လက်ရှိဘဲဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားတာကြောင့် အရောင်းအဝယ်ကလဲကောင်းနေပါတယ်။ ဘိုကလေးမြို့နယ်ကထွက်ရှိတဲ့ ဘဲဥတွေကို ရန်ကုန်ဈေးကွက်ထဲအဓိကထားတင်ပို့ရောင်းချနေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ မွေးမြူရေး ထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးဇော်ဇော်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင်ဘဲအကောင်ရေ ၁၀၀၀ မှ ၂၅၀၀ ထိ မွေးမြူကြကြောင်း၊ အဆိုပါ ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ဘဲဥများကို စနစ်တကျသန့်စင်ပြီး ကတ်များဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဥစားဘဲကို မွေးမြူပါကအကောင်ရေ ၁၀၀၀ မွေးမြူလျှင် အထွေထွေကုန်ကျစရိတ်ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းထိ ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ခြင်းပြုလုပ်

**ပွင့်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လက်ခုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဖော်ဆောင်နိုင်ရေးစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များရွေးချယ်ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးလှဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် အကျိုးခံစားခွင့်များ၊ ရန်ပုံငွေထုတ်ချေးရာ၌ အကျိုးဝင်သောလုပ်ငန်းအမျိုးအစားများကို ပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့် အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကိုရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် လက်ခုပ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# တောင်သာမြို့နယ် ချောင်းဝင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချောင်းဝင်ကျေးရွာ၌ ပဥ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ အကြောင်းအရာများ၊ ချေးငွေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံတို့ကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ချောင်းဝင်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၂၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ချောင်းဝင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသားဦးရေ ၆၀ အတွက် ငွေကျပ် သိန်း ၂၀၀ ကို အသင်းသားတစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၇-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ညောင်ပင်စျေးဓာတ်အားခွဲရုံနှင့် အသုတ်ပင်မဓာတ်အားခွဲရုံတို့ကို ဒုတိယဝန်ကြီး ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ညောင်ပင်စျေးဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဆိုင်ယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုအချိန်တွင် ဧရာဝတီမြစ်ရေသည် နေ့စဉ် အချိန်နှင့်အမျှ မြင့်တက်လာနေသဖြင့် လျှပ်စစ်အန္တရာယ်ကင်းစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်၊ ဓာတ်အားခွဲရုံရှိ ဓာတ်အားလွှတ်ပစ္စည်းများကို ပုံမှန်စစ်ဆေး၍ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ဆိုင်ယာဒ်အတွင်းရှိ ဓာတ်အားလွှတ်ပစ္စည်း



များသို့ တိရစ္ဆာန်များ မတက်ရောက်နိုင်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန်နှင့် လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဟင်္သာတခရိုင်အတွင်းရှိ ဒေါင့်ကြီးကျေးရွာသို့ရောက်ရှိရာ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းစေရန် ယာယီဓာတ်အားဖြတ်တောက် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အလေးထား ဆောင်ရွက်ကြရန်၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အသိ၊ သတိဖြင့် အသုံးပြုစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးကြရန်၊ မြစ်ရေပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက ဓာတ်အားလိုင်းများ၊ မီတာများနှင့် အိမ်တွင်း လျှပ်စစ်ဝိုင်ယာသွယ်တန်းထားရှိမှုကို စနစ်တကျ စိစစ်ပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်ခရိုင် အသုတ်မြို့ရှိ ၂၃၀/၆၆ ကေဗွီ ၁၀၀ အမ်ဗွီအေ အသုတ်ပင်မဓာတ်အားခွဲရုံသို့ သွားရောက်ကာ ဆိုင်ယာဒ်အတွင်း ၆၆ ကေဗွီ **Switch Bay** အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး ဓာတ်အားချိတ်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဓာတ်အားလွှတ်ပစ္စည်းများ၏အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းစျေးနှုန်း တစ်ပိဿာလျှင် ၅၄၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့စျေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် စျေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB စျေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းစျေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် စျေးကွက်နှင့် စျေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်ထိ ရန်ကုန်အထိုင်စျေး အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၄၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းစျေးကွက်အတွင်း စျေးနှုန်းမြင့်တင်ရောင်းချခြင်း၊ စျေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းစျေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ **Website: www.doca.gov.mm**၊ **Facebook Page** နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ **Facebook Page** တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

၂၁ **ရှေ့ဖုံးမှအဆက်**

ပိုမိုမြင့်မားစေရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် စစ်ဆေးရမည့်နေရာများသတ်မှတ်၍ စစ်ဆေးဆောင်ရွက်ရန်၊ ထို့ပြင် ချည်လုံးများ၏ အရွယ်အစားညီညွတ်မှုရှိစေရေး၊ ချောမွေ့မှုရှိစေရေးအတွက် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ချိန်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဝါမှ အထည်အလိပ်ဖြစ်သည်အထိ ဆောင်ရွက်ရသည့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုရရှိလာမည်ဖြစ်၍ ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ အမှတ်(၂) အထည်စက်ရုံ(ပလိပ်)သို့ ရောက်ရှိပြီး ချည်များထုတ်လုပ်နေမှု၊ ဆေးဆိုးနေမှု၊ အထည်ဖြတ်စညပ်စများမှ ချည်များပြန်လည်ထုတ်လုပ်နေမှု (**Texitile Circular Economy**) အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် တီထွင်ကြံဆ၍ ကြိုးစားစီမံဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့မှ အရာထမ်းများနှင့်တွေ့ဆုံ၍ အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းချိုသာသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အလေအလွင့်မရှိအောင် ကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း)သို့ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ ဝမ်းတွင်းမြို့နယ်ရှိ ဝါ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းရှင်များအနေဖြင့် ဝါမှ အထည်အလိပ်ဖြစ်သည်အထိ ဆောင်ရွက်ရသည့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကဏ္ဍအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇) အထည်စက်ရုံခွဲ(ဝမ်းတွင်း) **Leders Textile Public Co., Ltd.** နှင့် ဖိုးပြုံးချိုကုမ္ပဏီတို့တွင် အထည်များရက်လုပ်နေမှု၊ ချည်မျှင်များထုတ်လုပ်နေမှု၊ ချည်များကို ဆေးဆိုးနေမှု၊ ဂျပန်ရိုးရာအထည်များ ထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီရက်ကန်းစက်များဖြင့် ပိတ်များရက်လုပ်နေမှု၊ ပြည်ပပို့ကုန် အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☐ **ရေဘေးသင့်ပြည်သူများမှအဆက်**

ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကိုလည်းကောင်း၊ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး လိုအပ်သည့်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်အရောက် လိုက်လံပေးအပ်ကြရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အန္တရာယ်မဖြစ်စေရေး အထူးအလေးအနက်ထားဆောင်ရွက်ကြရန်၊ ယခု သဘာဝဘေးကျရောက်နေမှုအပေါ် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥက္ကံမြို့ ရှေးဟောင်းသမိုင်းဝင် မြသက်သာ စေတီတော်မြတ်ကြီးအတွင်း၌ ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး မြသက်သာ၊ ဝဲကြီး၊ ညောင်ကုန်း၊ ကံကလေးကျေးရွာတို့မှ အိမ်ထောင်စု ၁၄၅ စု ဒေသခံရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်ကျေးရွာ ရေဘေးသင့်ပြည်သူများထံသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့က စက်လှေများဖြင့် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ်သည့်နေရာသို့ရောက်ရှိရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီး-အဖျောက်လမ်း အင်းတိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၁၀/၆ နှင့် ၁၁ အကြားတွင် ကားလမ်းရေကျော်နေမှုကိုလည်းကောင်း၊ အဖျောက်မြို့ ပိတုန်းပိတ်ပန်းတာကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည့် ဖိုးခေါင်ကျေးရွာ ရတနာမဥ္ဇူကျောင်းတိုက်သို့ ရောက်ရှိပြီး မြသက်သာဘုန်းတော်ကြီးကျောင်း၊ အိုင်ကလောင်တိုက်ကျောင်း၊ ရွှေဂူကျောင်း၊ မင်္ဂလာသိရိကျောင်းနှင့် ရတနာမဥ္ဇူကျောင်းတို့တွင် ထားရှိသည့် ရေဘေးသင့်အိမ်ထောင်စု ၁၄၀ အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြပြီး ကျောင်းထိုင်ဆရာတော် ဦးတိက္ခိန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**ဝန်းရံ**

# (၉၇)နှစ်မြောက်မှသည် ထောင်စုနှစ်များစွာဆီတည်ရှိစေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်

ထက်မြတ်




တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့တာဆိုတော့ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်ဟာ သူ့ရဲ့ ၉၇ နှစ်တာခရီးကို ရောက်ရှိမှာဖြစ်ပါတယ်။

စတင်သန္ဓေတည်တုန်းက တပ်ဖွဲ့ငယ်လေးတစ်ခုအဖြစ်နဲ့သာ စတင်ခဲ့ပေမယ့်လည်း ယနေ့အချိန်အခါမှာတော့ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုရတဲ့ စစ်အင်အားအကြီးဆုံးနဲ့ အင်အားတောင့်တင်းခိုင်မာလှတဲ့ တပ်မတော်တွေထဲက တစ်ခုဖြစ်လာပါပြီ။

ဒီနေ့လိုအချိန်အခါမှာကျရောက်လာတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ဟာ နိုင်ငံတော်ရဲ့လုံခြုံရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် သမိုင်းမှတ်တိုင်အသစ်တစ်ရပ်စိုက်ထူနိုင်မယ့် နောက်ထပ်နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်တယ်လို့ပြောရင်မမှားပါဘူး။

ဒါကြောင့် လာမယ့်နှစ်အနည်းငယ်အတွင်း ရာစုနှစ်တစ်ခုဆီရောက်ရှိတော့မယ့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းအကျဉ်းလေးကို ဦးစွာပဏာမတင်ပြချင်ပါတယ်။

### တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) စတင်ဖြစ်တည်ရာ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)ဟာ တရုတ်ကွန်မြူနစ်ပါတီဦးဆောင်တဲ့ နန်ချန်းတော်လှန်ရေးနဲ့အတူ စတင်ပေါ်ပေါက်လာတာပါ။ တရုတ်ကွန်မြူနစ်ပါတီရဲ့ တိုက်ခိုက်ရေးလက်ရုံးတစ်ခုအနေနဲ့ပေါ့။

ပြောက်ကျားတပ်ဖွဲ့ငယ်လေးတစ်ခုကနေအစပြုခဲ့တဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို အဲဒီအချိန်တုန်းက တပ်နီတော်လို့ခေါ်ခဲ့တာပါ။ အဲဒီနောက် အမျိုးသားတော်လှန်ရေးတပ် ဖြစ်လာပါတယ်။သူ့အောက်မှာ အမှတ်(၄)တပ်တော်သစ်နဲ့ အမှတ်(၈)ခရီးလမ်းတပ်တော်ဆိုပြီးရှိပါတယ်။

သူတို့စတင်ဖွဲ့စည်းပေါ်ပေါက်လာတုန်းက ကူမင်တန်တို့ကိုတိုက်ခိုက်ဖို့ဖြစ်ပေမယ့်လည်း ဒုတိယကမ္ဘာစစ်အတွင်းမှာတော့ အမျိုးသားတော်လှန်ရေးတပ်ဟာ ကူမင်တန်တို့နဲ့အတူပူးပေါင်းပြီး ဂျပန်တို့ရဲ့နယ်ချဲ့မှုကို တွန်းလှန်တိုက်ထုတ်ခဲ့ပါသေးတယ်။

ဒုတိယကမ္ဘာစစ်ပြီးသွားပြီးတဲ့နောက် ၁၉၄၇ ခုနှစ်မှာ အမှတ်(၄)တပ်တော်သစ်နဲ့ အမှတ်(၈)ခရီးလမ်း တပ်တော်တို့ကို ပူးပေါင်းပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အဖြစ် သတ်မှတ်ဖွဲ့စည်းလိုက်တာဖြစ်ပါတယ်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စတင်ဖွဲ့စည်းလိုက်တာက ၁၉၄၇ ခုနှစ်မှဖြစ်ပေမယ့်လည်း ဒီလိုဖွဲ့စည်းနိုင်ဖို့အတွက် နန်ချန်းတော်လှန်ရေးဖြစ်ပွားချိန် ၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ စတင်ခဲ့တာဖြစ်လို့ အဲဒီနေ့ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ဆိုပြီး သတ်မှတ်လိုက်တာဖြစ်ပါတယ်။

အစောပိုင်းကာလများမှာတုန်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှာ ပါဝင်သူတော်တော်များများဟာ တောင်သူလယ်သမားများသာများပါတယ်။ အားလုံးဟာ သာတူညီမျှစိတ်ဓာတ်နဲ့ တိုက်ပွဲပေါင်းများစွာကို အနိုင်တိုက်နိုင်ခဲ့ကြတာပါ။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှာ ယခင်ကအမြင့်ဆုံးစစ်သည်အင်အားဟာ လေးသန်းကျော်အထိ ရှိခဲ့တာပါ။

အဲဒီအချိန်တုန်းကတော့ လူအင်အားအင်မတန်ဖောင်းပွပြီး ထိရောက်မှုမရှိတဲ့ အနေအထားဖြစ်နေတာကြောင့် စစ်သည်အင်အားကိုလျှော့ချခဲ့ရာ ယနေ့အချိန်အခါမှာ စစ်သည်အင်အား နှစ်သန်းကျော်နဲ့ ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်လာနေပါပြီ။

ယခင်တုန်းက ခြေလျင်တပ်ဖွဲ့တစ်ခုတည်းနဲ့စတင်အခြေတည်ခဲ့တဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ယနေ့မှာ မြေပြင်တပ်ဖွဲ့၊ ရေတပ်ဖွဲ့၊ လေတပ်ဖွဲ့၊ ဒုံးတပ်ဖွဲ့နဲ့ မဟာဗျူဟာမြောက်ထောက်ပံ့ရေးတပ်ဖွဲ့ဆိုတဲ့ တပ်ဖွဲ့ကြီးငါးခုနဲ့ ဖွဲ့စည်းဖြစ်တည်လာပါတယ်။

တပ်ဖွဲ့ကြီးတစ်ခုစီကလည်း တရုတ်နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရာနဲ့ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိုထိန်းသိမ်းရာတို့မှာ အလွန်အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်လာတာကိုမြင်တွေ့ရပါတယ်။

### ခေတ်မီလာတဲ့ PLA တပ်မတော်

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ခေတ်မီတပ်မတော်ဖြစ်လာအောင် ၁၉၇၀ ပြည့်နှစ်အလွန်ကာလများမှာ စတင်အကောင်အထည်ဖော်လာခဲ့တာဖြစ်ပါတယ်။

ယနေ့မြင်တွေ့နေရတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဖြစ်လာစေဖို့ဆိုတာ ခေတ်အဆက်ဆက် တရုတ်နိုင်ငံခေါင်းဆောင်များရဲ့ ဦးစားပေးရည်မှန်းချက်တစ်ခုပါ။

ဒီနေ့လိုဖြစ်လာစေဖို့အတွက် တရုတ်နိုင်ငံဟာ နည်းပညာတိုးတက်ရေး၊ လေ့ကျင့်ရေးနဲ့ စစ်လက်နက်ပစ္စည်းဝယ်ယူရေးတို့မှာ ငွေကြေးပမာဏကြီးမားစွာ၊ အချိန်ကာလများပြားစွာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ခဲ့ရပါတယ်။

နည်းပညာပိုင်းဆိုင်ရာတိုးတက်မှုတွေက နောက်ဆုံးပေါ်စစ်လက်နက်ပစ္စည်းများနဲ့ တိုက်ခိုက်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်စေခဲ့တာပါ။

ဒါကြောင့်လည်း ၂၁ ရာစုမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကမ္ဘာ့အဆင့်မီ ထိပ်တန်းတပ်မတော်တစ်ရပ်အဖြစ်ကို ရောက်လာရတာဖြစ်ပါတယ်။

ဒီကနေ့အချိန်အခါမှာဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ မြေပြင်တပ်ဖွဲ့ဟာ အဆင့်မြင့်စစ်လက်နက်ပစ္စည်းများကို ပိုင်ဆိုင်လာရုံသာမက စစ်သည်များရဲ့အရည်အချင်းသည်လည်း ပိုမိုတိုးတက်လာတာကိုတွေ့ရပါတယ်။

နည်းပညာတိုးတက်မှုနဲ့အတူ စက်ရုပ်စနစ်များကိုပါတည်ဆောက်ပြီး စစ်ဆင်ရေးလုပ်ငန်းများမှာ အသုံးပြုလာနိုင်တာဟာ တော်ရုံတန်ရုံတိုးတက်မှုတော့မဟုတ်ပါဘူး။

အလားတူ ရေတပ်ဖွဲ့သည်လည်း ကမ္ဘာ့အဆင့်မီရေတပ်ဖြစ်လာစေရေးအတွက် ကြိုးပမ်းခဲ့ရာမှာ အခုဆိုရင် လေယာဉ်တင်သင်္ဘောသုံးစင်းအထိကို ပိုင်ဆိုင်လာနိုင်ပါပြီ။ တခြားသောစစ်ရေယာဉ်များကတော့ ပြောဖို့တောင်မလိုလောက်အောင် ပမာဏအများအပြားကို အရှိန်ပြင်းပြင်းနဲ့ ထုတ်လုပ်အသုံးပြုလာနေတာပါ။

လေယာဉ်တင်သင်္ဘောသုံးစင်းအနက် နှစ်စင်းကို ကိုယ်ပိုင်နည်းပညာနဲ့ပြည်တွင်းမှာသာထုတ်လုပ်ထားတာပါ။ ဒါ့အပြင် စတုတ္ထမြောက် လေယာဉ်တင်သင်္ဘောကိုလည်း စတင်တည်ဆောက်နေပြီလို့ သတင်းတွေမှာတွေ့ရပါတယ်။

လေတပ်ဆိုရင်လည်း ပဉ္စမမျိုးဆက်တိုက်လေယာဉ်ဖြစ်တဲ့ J-20 ကိုသာမက အခြားသော တာဝေးပုံးကြဲလေယာဉ်များကို ကိုယ်တိုင်ထုတ်လုပ်အသုံးပြုလာနိုင်နေပါပြီ။

ဒါ့အပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ မောင်းသူမဲ့လေယာဉ်နည်းပညာမှာ သူမတူအောင်သာလွန်လာတာကိုလည်းတွေ့ရပါတယ်။



နောက်ထပ်တိုးတက်လာတဲ့နယ်ပယ်တစ်ခုက ဒုံးလက်နက်နည်းပညာပါ။ ဒီနေရာမှာတော့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အမေရိကန်ထက်ကိုသာလွန်ပြီး အသံနှုန်းလွန်ဒုံးကျည်များကိုပိုင်ဆိုင်နိုင်တဲ့အထိဖြစ်လာပါတယ်။

ဒါတင်မကသေးပါဘူး။ ဆိုက်ဘာစစ်ဆင်ရေး၊ ဉာဏ်ရည်တုနည်းပညာ၊ ကွမ်တမ်နည်းပညာ စတဲ့အဆင့်မြင့်နည်းပညာတွေကိုလည်း ပေါင်းစပ်အသုံးပြုပြီး တပ်မတော်ကို အဆင့်မြှင့်တင်လာနိုင်ပါပြီ။

တစ်နည်းပြောရမယ်ဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ ဒီနေ့လိုအခြေအနေမျိုးရောက်လာဖို့အတွက် ဘက်စုံထောင့်စုံကနေ ကြိုးစားအားထုတ်မှုတွေကို အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ခဲ့ရတာပါ။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

အထူးသဖြင့် ကာကွယ်ရေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ်တိုးမြှင့်လာတယ်။ ဒီလိုတိုးမြှင့်နိုင်အောင်လည်း နိုင်ငံတော်က စီးပွားရေးကိုတိုးမြှင့်လုပ်ဆောင်တယ်။

စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးအတွက် အဓိကကျတဲ့ သုတေသနလုပ်ငန်းကို ရင်းနှီးမြှုပ်နှံမှုကြီးစွာထည့်ပြီး လုပ်ဆောင်လာပါတယ်။ ဒီလိုအားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်မှုကြောင့်ပဲ အခုလိုမျိုး ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်လာရတာလို့ ဆိုချင်ပါတယ်။

## PLA နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ်ဖြစ်လာတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ ပြည်တွင်းမှာသာမက ပြည်ပရေးရာကိစ္စများမှာလည်း အားတက်သရောပါဝင်ဆောင်ရွက်လာပါတယ်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ရာနေရာတွေမှာ ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကိုသာမက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်တွေမှာလည်း ပါဝင်ဆောင်ရွက်ပေးမှုကြောင့် များပြားလှစွာသောဒုက္ခသည်များရဲ့ အသက်နှင့်ခန္ဓာကိုကယ်ဆယ်နိုင်ခဲ့ပါတယ်။

တရုတ်နိုင်ငံက ဒေသတွင်းမှာသာမက တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ ငြိမ်းချမ်းစေဖို့အတွက် ကတိပြုထားပါတယ်။ အဲဒီကတိပြုချက်ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အကောင်အထည်ဖော်ရပါတယ်။

ဒီလိုအကောင်အထည်ဖော်ဖို့အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွပါဝင်ဆောင်ရွက်လာပါတယ်။

ကမ္ဘာပေါ်က ပဋိပက္ခဖြစ်တဲ့နေရာတိုင်းမှာ အဲဒီပဋိပက္ခကိုဖျန်ဖြေပေးနိုင်ဖို့အတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင်များကအသင့်ရှိနေပါတယ်။

ဒါ့အပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟာ ဖွံ့ဖြိုးတိုးတက်မှုအားနည်းတဲ့ အာဖရိကဒေသမှာ စစ်အခြေစိုက်စခန်းကိုဖွင့်လှစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးလုပ်ငန်းများကိုသာမက ပင်လယ်ဓားပြရန်ကာကွယ်ရေးလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံလုပ်ဆောင်ပေးနေပါတယ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ ဒီလိုမျိုးနယ်ပယ်ကဏ္ဍအစုံမှာ ပါဝင်ဆောင်ရွက်နေခြင်းကြောင့် တရုတ်နိုင်ငံဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကမ္ဘာကြီးအေးချမ်းသာယာရေးအတွက် ယူသင့်ယူထိုက်တဲ့တာဝန်တွေကို ခွဲဝေရယူပေးနေတယ်ဆိုတာ ပိုမိုထင်ရှားလာစေပါတယ်။

## မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှကုန်းမြေမကြီးရဲ့ အနောက်မြောက်ဘက်အကျဆုံး နိုင်ငံတစ်ခုဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများကတော့ အရှေ့ဘက်မှာ လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်မှာ ထိုင်းနိုင်ငံ၊ အနောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အနောက်မြောက်ဘက်မှာ အိန္ဒိယနိုင်ငံတို့နဲ့ မြောက်ဘက်နဲ့အရှေ့မြောက်ဘက်မှာ တရုတ်နိုင်ငံတို့ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာဆိုရင် အိမ်နီးချင်းနိုင်ငံတွေထဲမှာ နယ်နိမိတ်ထိစပ်မှု အရှည်လျားဆုံးဖြစ်တဲ့နိုင်ငံဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက် တရုတ်နိုင်ငံဟာ အရေးကြီးတဲ့အိမ်နီးချင်းကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့အပြင် တရုတ်နိုင်ငံအတွက် မြန်မာနိုင်ငံဟာလည်း ပထဝီနိုင်ငံရေးအရ အလေးထားရတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံဟာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှသည် မဟာဗျူဟာမြောက် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေးအဆင့်ကို လျှောက်လှမ်းနေတာဖြစ်တဲ့အတွက် အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စိတ်ချရမှုတို့ကို ပိုမိုခိုင်မာအောင်တည်ဆောက်နေကြတာဖြစ်ပါတယ်။ မြန်မာနဲ့တရုတ်ဟာ ယဉ်ကျေးမှုလည်းတူ၊ တောတောင်ရေမြေသဘာဝအလှတွေလည်းတူ၊ နှစ်နိုင်ငံသမိုင်းကြောင်းတွေလည်း တူညီမှုတွေရှိကြပါတယ်။

ရှေးမြန်မာဘုရင်တွေ လက်ထက်ကတည်းက မြန်မာနဲ့တရုတ်တို့ဟာ ရွှေလမ်းငွေလမ်းဖောက်ပြီး နှစ်ပြည်ထောင်ချစ်ကြည်ရေးကို ထူထောင်ခဲ့ကြတာဖြစ်ပြီး ယနေ့တိုင် ဘိုးဘွားတို့ချန်ထားခဲ့တဲ့ အမွေကောင်းကို ဆက်လက်တည်တံ့အောင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆိုတာ အလွန်ရှည်လျားတဲ့နယ်နိမိတ်မျဉ်းတစ်လျှောက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်သလို ဘယ်လိုမှခွဲထုတ်လို့မရတဲ့ ညီရင်းအစ်ကို ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ထူထောင်ထားကြတာပါ။ သဘာဝတောတောင်ရေမြေချင်း များစွာထိစပ်နေမှုကို ကြည့်ရင်လည်း သံလွင်မြစ်၊ မဲခေါင်မြစ်တို့က အစပြုခဲ့တာဖြစ်ပြီး တရုတ်နဲ့မြန်မာတို့ရဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးကို ကမ္ဘာတည်သရွေ့ တည်ရှိနေမှာဖြစ်ပါတယ်။

နှစ်နိုင်ငံခေါင်းဆောင်တွေ၊ တပ်မတော်ခေါင်းဆောင်တွေဟာ မိသားစုသဖွယ်ဆက်ဆံရေးနဲ့အတူ လျှောက်လှမ်းခဲ့ကြတာဟာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ၉၇ နှစ်တာခရီးရောက်တဲ့ထိပဲဖြစ်ပါတယ်။

အလားတူပဲ မြန်မာ့တပ်မတော်နဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့ကလည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို တစ်ဆင့်ပြီးတစ်ဆင့်မြှင့်တင်လာနိုင်ခဲ့ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုဟာ ဒေသတွင်းပထဝီနိုင်ငံရေးအတွက်လည်း များစွာအရေးပါအရာရောက်တဲ့အနေအထားမှာ ရှိနေပါတယ်။ ဒါဟာ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုရဲ့ ထူးခြားတဲ့ ဝိသေသတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်မှုကို တရားဝင်အသိအမှတ်ပြုခဲ့တဲ့ကြေညာချက်တစ်ရပ်ကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ ထုတ်ပြန်ပေးခဲ့ပါတယ်။ ဒီလိုအသိအမှတ်ပြုတဲ့နိုင်ငံတွေထဲမှာ မြန်မာဟာ အာရှတိုက်မှာ အစောဆုံး အသိအမှတ်ပြုတဲ့နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း မြန်မာရဲ့အသိအမှတ်ပြုမှုအပေါ်မှာ ကျေးဇူးတင်ဝမ်းသာကြောင်း ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

မြန်မာနဲ့တရုတ်နှစ်နိုင်ငံဟာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို လိုက်နာဆောင်ရွက်နေကြတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာ့တပ်မတော်မှ အရာရှိများနဲ့စစ်သည်များကို တရုတ်နိုင်ငံရဲ့ စစ်ကျောင်းအသီးသီးမှာ ပညာသင်ယူခွင့်ပြုခြင်း၊ အဆင့်မြင့်အရာရှိကြီးများက အပြန်အလှန်ချစ်ကြည်ရေးခရီးများသွားရောက်လည်ပတ်ခြင်း၊ ထိုခရီးစဉ်များအတွင်း များပြားလှစွာသော သဘောတူညီချက်များ ရရှိခြင်းတို့ဟာ တပ်မတော်နှစ်ရပ်ကြား ရင်းနှီးမှုနဲ့အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို မြင့်မားတိုးတက်စေခဲ့တာ ဖြစ်ပါတယ်။

ဒီလိုပူးပေါင်းဆောင်ရွက်မှုများအပြင် တပ်မတော်နှစ်ရပ်ကြားစစ်ရေးလေ့ကျင့်ခန်းများကို ပူးတွဲဆောင်ရွက်ခြင်းကလည်း စစ်သည်များရဲ့ စွမ်းဆောင်ရည်များကို မြင့်တက်စေရုံသာမက နှစ်ဖက်ဆက်ဆံရေးကိုလည်း ပိုမိုခိုင်မြဲလာစေပါတယ်။

တပ်မတော်နှစ်ရပ်ကြားပူးတွဲလုပ်ဆောင်တဲ့စစ်ရေးလေ့ကျင့်ခန်းများက အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သဘာဝဘေးတုံ့ပြန်ကူညီရေးနဲ့ နယ်စပ်ဒေသလုံခြုံရေးတို့အပေါ် အဓိကထားလုပ်ဆောင်ကြတာပါ။

နှစ်နိုင်ငံကြား ထိစပ်နေတဲ့နယ်နိမိတ်ရှည်လျားတဲ့အလျောက် နယ်စပ်ဒေသများမှာဖြစ်ပွားလေ့ရှိတဲ့ တရားမဝင်ကိစ္စတွေ၊ မှောင်ခိုကူးမှုတွေကို တိုက်ဖျက်ဖို့အတွက် တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းပြီး ကင်းလှည့်ခြင်း၊ ထောက်လှမ်းရေးသတင်းမျှဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် မြန်မာ့တပ်မတော်နဲ့တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့ကြားကဆက်ဆံရေးဟာ သာမန်ဆက်ဆံရေးထက်ပိုတဲ့ မဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဆင့်အထိ တက်လှမ်းလာနိုင်မှာဖြစ်ပါတယ်။

## ထောင်စုနှစ်များစွာဆီ တည်ရှိစေသော်

အခုဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့သက်တမ်းဟာ ၉၇ နှစ်တာခရီးကို ရောက်ရှိလာပါပြီ။ ၂၀၂၇ ခုနှစ်ဆိုရင် ရာပြည့်တပ်မတော်နေ့ကို ဆင်နွှဲရတော့မှာပါ။

ကျွန်တော်တို့တွေ့ရသလောက်ကိုပြောရမယ်ဆိုရင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က အနာဂတ်ရည်မှန်းချက်များစွာနဲ့အတူ အရှိန်ပြင်းပြင်းနဲ့ရှေ့ဆက်လျှောက်လှမ်းနေတဲ့ ကမ္ဘာ့တပ်မတော်တစ်ရပ်လို့ပင်ဆိုရမှာပါ။

သက်တမ်းအားဖြင့် နှစ်ပေါင်းများစွာကြာမြင့်လာပေမယ့်လည်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကတော့ ပိုလို့တောင်ဖျတ်လတ်တက်ကြွနေဆဲပါပဲ။

တရုတ်နိုင်ငံက ကမ္ဘာ့စင်မြင့်ထက်မှာ ပိုမိုနေရာရရှိလာလေလေ တရုတ်နိုင်ငံရဲ့ အင်အားတောင့်တင်းခိုင်မာမှု၊ လုံခြုံမှု၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့အတွက်သာမက ဒေသတွင်းမှသည် တစ်ကမ္ဘာလုံးအတိုင်းအတာအထိ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက်ကိုပါ တရုတ်ပြည်သူ့လွတ်မြောက်တပ်မတော်က တာဝန်ယူလာရတော့မှာဖြစ်သလို ပိုမိုအရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်လာရတော့မှာဖြစ်ပါတယ်။

ဒါကြောင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေနဲ့ နိုင်ငံ့အကျိုး၊ ဒေသတွင်းအကျိုးနဲ့ ကမ္ဘာ့အကျိုးတို့ကို အောင်မြင်စွာဖော်ဆောင်ရင်း ရာစုနှစ်များစွာမှသည် ထောင်စုနှစ်များစွာဆီအထိ နှစ်ပေါင်းများစွာကြာ ဆက်လက်အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး ကမ္ဘာကြီးကိုစောင့်ရှောက်နိုင်တဲ့ တပ်မတော်တစ်ရပ်ဖြစ်လာပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ရပါတယ်။ ။


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၂၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှလှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**



## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပုဂံခေတ်က 'နှပ်'

**ဒေါက်တာထွန်းတင့်**

(ယမန်နေ့မှအဆက်)

### စပ်၊ စံ၊ စမ်း

စပ်၏အနက်မှာ ပူး၊ ကပ်၊ တွဲ၊ ယှဉ် စသည်ဖြစ်သည်။ စံ၏အနက်လည်း ပူး၊ ကပ်၊ တွဲ၊ ယှဉ် ပင်ဖြစ်သည်။ ကောင်း မကောင်း၊ သင့် မသင့်၊ သာ မသာ စသည်ကိုသိနိုင်ရန် နှစ်ခုကို ပူးကြည့်၊ ကပ်ကြည့်၊ ယှဉ်ကြည့်၊ စပ်ကြည့်ရသကဲ့သို့ နှစ်ခုကို ပူးကြည့်၊ ကပ်ကြည့်၊ ယှဉ်ကြည့်၊ စပ်ကြည့် ရသကဲ့သို့ပင် စံကြည့်၍လည်း သိနိုင်သည်။ စပ်၏အနက်ယှဉ်ပြိုင်ဟု ယူနိုင်သကဲ့သို့ စံ၏အနက်လည်း ယှဉ်ပြိုင်သည်ဟု သိနိုင်သည်။ စံသည် တက်သံဖြစ်၍ စမ်းသည် နိမ့်သံဖြစ်သည်။ စမ်း၏အနက်လည်း ယှဉ်ပြိုင်ဖြစ်သည်။ စပ်၊ စံ၊ စမ်းအနက်ဟူသည်မှာ စုတူသတ်စနစ်၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။

### နပ် နှင့် နံ

မြန်မာဝေါဟာရနယ်ပယ်တွင် အသုံးတွင်ကျယ်နေသည်မှာ အကျိုးနပ်သည်ဟူသော ဝေါဟာရဖြစ်ပါသည်။ အကျိုးနပ်သည်ဆိုသည်မှာ အကျိုးရှိသည် ဟူသောအဓိပ္ပာယ်ဖြစ်သည်။ မွေးရကျိုးနပ်သည်၊ သင်တန်းတက်ရကျိုးနပ်သည်၊ ခရီးသွားရကျိုးနပ်သည် စသည်ဖြင့်သုံးကြသည်။ အကျိုးနပ်သည်ကိုပင် အကျိုးနံသည်ဟုလည်း သုံးခဲ့ကြသည်။ "ငါတို့ပြုထား၊ ကောင်းမှုဆယ်ထပ်၊ အကျိုးနပ် ဖြင့်" (ဓမ္မ*၇၀) ဟူသောအသုံးရှိသကဲ့သို့၊ "အကျိုးမနံ၊ ပဲနှယ်ယွံသည်၊ ဝေးလံယခုထက်တိုက်တည်း" (သံ*၁၆) ဟူသောအသုံးလည်းရှိသည်ကို သတိမူရပေမည်။ ဤတွင် နပ်နှင့်နံ အနက်တူသည်ဟူသော သာဓကတစ်ခုတွေ့ကြရပေသည်။ ပ သတ်နှင့် သေးသေးတင် အနက်တူသည်ဟူသော အဆို၏ သာဓကတစ်ခုဖြစ်သည်။

### ယပ် နှင့် ယံ

ယပ်၏အဓိပ္ပာယ်မှာ အမြင့်ဖြစ်သည်။ ကမ်းယပ်၏အဓိပ္ပာယ်မှာ ကမ်းမြင့်၊ အိမ်ယပ်၏ အဓိပ္ပာယ်မှာ အိမ်အမြင့်၊ အိမ်မြင့်ဖြစ်သည်။ တိမ်ယပ် ၏အဓိပ္ပာယ်မှာ တိမ်မြင့်၊ မိုးယပ်၏ အဓိပ္ပာယ်သည်လည်း မိုးမြင့် ဖြစ်သည်။ "ဝေးကျူးကမ်းယပ်၊ မှာဘက်ရပ်သို့၊ မခပ်နိုင်ရာ" (ဇနက* ၂၆) မှ ကမ်းယပ်၏ အဓိပ္ပာယ်မှာ ကမ်းမြင့်ဖြစ်သည်။ "အိမ်နီးအိမ်စပ်၊ အိမ်ယပ် အိမ်မိုး၊ ချွန်းဝင်ချိုး၍ (ဝရ* ၁၈၅)မှ အိမ်ယပ် ၏အဓိပ္ပာယ်မှာ အိမ်မြင့် ဖြစ်သည်။ "မိုးဖျားလျှပ်လျှပ်၊ တိမ်ယပ်လေသာ၊ ရတနာတံခွန်" (ပြည်စုန်* ၃၁)မှ တိမ်ယပ်၏အဓိပ္ပာယ်မှာ တိမ်မြင့်ဖြစ်သည်။ "အထပ်ထပ်လျှင်၊ မိုးယပ်ထိအောင်၊ ငေါကိုးချောင်နှင့်" (ရွှေစာ* ၈)မှ မိုးယပ်၏အဓိပ္ပာယ်မှာ မိုးမြင့်ဖြစ်သည်။

ယံ၏အဓိပ္ပာယ်သည်လည်း နေရာအပိုင်းအခြား၊ အထူးသဖြင့် မြင့်သောနေရာအပိုင်းအခြားဖြစ်သည်။ ကမ်းယံ၊ မိုးယံ၊ တိမ်ယံ စသည်အသုံးရှိသည်။ "ဆွေညဲမောင်နှံ၊ နေရောင်ခံ၏။ ကမ်းယံ မှီခိုင်း၊ ရွှေဥဗျိုင်းလည်း" (ဘုံခန်း* ၂၂)မှ ကမ်းယံဆိုသည်မှာ ကမ်းမြင့်ဖြစ်သည်။ "သိကြားစေခံ၊ ဝိသုကံ၊ မိုးယံချီးအံ့အဲ" (ကဝိ*၂၈၇) မှ မိုးယံဆိုသည်မှာ မိုးမြင့်ဖြစ်သည်။ "နေရောင်ဖြိုးလျှံ၊ မိုးသက်တံ၊ တိမ်ယံထုတ်ချင်းပဲ" (ကဝိ* ၃၁၅) မှ တိမ်ယံဆိုသည်မှာ တိမ်အမြင့်၊ တိမ်မြင့်ဖြစ်သည်။

ထိုနည်းတူစွာပင် လျှပ်နှင့် လျှံ၊ သွပ်နှင့် သွံ၊ အပ်နှင့် အံတို့တွင်လည်း လျှပ်လျှံ၊ သွပ်သွံ၊ အပ်အံတို့ အပြန်အလှန်အနက်တူကြောင်း သိသာသည်။

အဆိုပါသာဓကများကိုထောက်၍ ပသတ်နှင့် သေးသေးတင်တို့ အပြန်အလှန်အနက်တူကြောင်း၊ အဓိပ္ပာယ်တူကြောင်း ယုံမှားဖွယ်မရှိပါ။ ထို့ကြောင့်ပင် ပုဂံခေတ်မှ နှပ်၏ အဓိပ္ပာယ်သည်နှံ၏ အဓိပ္ပာယ်နှင့် ထပ်မျှတူညီသည်ဟု ယုံကြည်ရမည်ပင်ဖြစ်သည်။

ကောက်ချက်ချရသော် -

နှပ်= နှံ = ကပ် ၊ ဆက်၊ ပေး၊ အပ် ဖြစ်သည်။

ထို့ကြောင့် -

နှပ်လေသုရှော = ဆက်ကပ်လေသောအခါ။

သူခိုးဟုမင်း နှပ်၏=သူခိုးဟုမင်း (အား) ဆက်၏။

ခိုးသူလေးယောက် (မင်း) နှပ်လာ၏ =ခိုးသူလေးယောက် (မင်းအား) ဆက်လှာ၏။ လိပ်ကိုနဂါးမင်းနှပ်၏ = လိပ်ကို နဂါးမင်း(အား) ဆက်၏ဟူ၍ မှတ်ယူရပါသည်။

အထူးမှတ်ချက်။ ။၁။ နှပ်သည် နှံနှင့် အပ်ပေါင်း၍ ဖြစ်လာသည်မဟုတ်။ နှပ်သည် နှံပင်ဖြစ်သည်။ ပ သတ်နှင့် သေးသေးတင်တူသည်။ ဆက်၊ ကပ်၊ နက်ဖြစ်သည်။

၂။ နှခေါင်းတွင်း၌ ကပ်တတ်သော၊ ကပ်နေသော အရာကို နှပ်ဟု ခေါ်သည်ကို သတိပြုမိပါစေသော။

**မြန်မာစာကိုချစ်မြတ်နိုးတတ်ပါစေ။**

### ❖ ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲမှအဆက်

ဝါရင့်လက်ဝှေ့မား နှစ်ဦးဖြစ်ကြသည့် ချီဆိုရာနှင့် ဂျိုးဂျွင်းစီတို့၏ စိန်ခေါ်ပွဲသည် လက်ဝှေ့ပရိသတ်များ မျှော်လင့်နေသည့် ပွဲစဉ်ဖြစ်ပြီး အပြန်အလှန်ဖိအားပေးထိုးသတ်ကာ ပရိသတ်များကို ဖျော်ဖြေမှု အပြည့်အဝပေးနိုင်ခဲ့သည်။ အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက ၉၆-၉၄ မှတ်ဖြင့်လည်းကောင်း၊ ကျန်တစ်ဦးက ၉၇-၉၂ မှတ်ဖြင့်လည်းကောင်း ချီဆိုရာကို အနိုင်ပေးခဲ့ခြင်းဖြစ်ပြီး ချီဆိုရာက ဂျိုးဂျွင်းစီနှင့်ပွဲစဉ်သည် ၎င်း၏ကစားသမားဘဝ O2 Arena ကွင်းတွင် နောက်ဆုံးထိုးသတ်သည့် စိန်ခေါ်ပွဲစဉ်ဖြစ်ကြောင်း ပရိသတ်များကို အသိပေးကြေညာခဲ့သည်။ ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်သည့် ချီဆိုရာသည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် O2 Arena ၌ပင် ဝါရှင်တန်နှင့်ထိုးသတ်ခဲ့ပြီး ယင်းစိန်ခေါ်ပွဲတွင်လည်း ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။ ချီဆိုရာအတွက် ပြီးခဲ့သည့်ငါးနှစ်တာကာလအတွင်း စိန်ခေါ်ပွဲနှစ်ပွဲဆက်တိုက် ပထမဆုံးအကြိမ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

အသက် ၄၀ နှစ်ရှိ ချီဆိုရာသည် စိန်ခေါ်ပွဲ နှစ်ပွဲ ထပ်မံစီစဉ်ထားပြီး ယင်းစိန်ခေါ်ပွဲနှစ်ပွဲအပြီးတွင် ကစားသမားဘဝမှ အနားယူဖွယ်ရှိနေသည်။

ချီဆိုရာက "ဒီစိန်ခေါ်ပွဲဟာ ကစားသမားဘဝရဲ့ နောက်ဆုံးစိန်ခေါ်ပွဲမဟုတ်ပါဘူး။ O2 Arena မှာထိုးသတ်တဲ့ နောက်ဆုံးပွဲစဉ်တော့ ဟုတ်ပါတယ်။ စိန်ခေါ်ပွဲနောက်ထပ် နှစ်ပွဲစီစဉ်ထားပါသေးတယ်။ ဒီနှစ်ပွဲထိုးသတ်ပြီးမှပဲ အနာဂတ်နဲ့ပတ်သက်လို့ဆုံးဖြတ်သွားမယ်။ လာမယ့်ဒီဇင်ဘာလမှာ မန်ချက်စတာမြို့မှာ စိန်ခေါ်ပွဲ ထိုးသတ်သွားမယ်"ဟု ပြောကြားခဲ့သည်။

ဂျိုးဂျွင်းစီက "ကျွန်တော့်ရဲ့ကစားသမားဘဝ အဆုံးသတ်သွားပြီလားဆိုတာတော့ မပြောနိုင်သေးပါဘူး။ ပရိသတ်တွေအနေနဲ့ ကျွန်တော့်ရဲ့ စိန်ခေါ်ပွဲတွေကို နောက်ထပ်ကြည့်ချင်သေးလား"ဟုသာ တုံ့ပြန်သွားခဲ့သည်။ ဂျိုးဂျွင်းစီသည် ချီဆိုရာနှင့်ပွဲစဉ်မတိုင်မီ တရုတ်လက်ဝှေ့သမား ကျိလီကျန်းကို နှစ်ပွဲဆက်တိုက် ရှုံးနိမ့်ထားသူလည်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: AZL**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ
















**နေပြည်တော် ဇူလိုင် ၂၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် **Shoe Making Machinery and Equipment** တစ်လုံးအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၂၃၂၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် **60% Cotton 40% Polyester Pique** ၆၀၄၂ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၆၄၆၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Nissan Diesel Truck** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၆၄၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မောတောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် **My Boy** နို့ဆီနှင့် နို့စိမ်းဘူး ၁၆၈၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၉၀၀၀၀၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Dong Feng Tractor Head** တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ နှင့် ညောင်ခါးရှည် **X-Ray** စက် စစ်ဆေးရေးဂိတ်၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယိုးဒယားစာတမ်းပါ ပဲပိစပ်ဆီ ငါးလီတာပါ ဘူး ၁၂၀အပါအဝင် ကုန်ပစ္စည်းသုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၉၀၀၀၊အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် **Yutong Bus** တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဇူလိုင်၂၈ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၄ ဒသမ ဝ၅၃ တန်၊ သစ်မာ ၃ ဒသမ ၇၂၁ တန်၊ အခြားသစ် ၁၆ ဒသမ ၂၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၁၀၀၀၁ ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၄၅၉၀၀၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၅ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိသည့် စုစုပေါင်းအမှုတွဲ ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၁၆၅၉၂၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ ဖမ်းဆီးရမိမှုမှအဆက်**

ဘိန်းဖြူ ၁ ဒသမ ၈၇၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၇၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက် သမုန်းကုန်း(၄)လမ်းတွင် ဖွဲမာန်ဦး(ခ)ချစ်တီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ပြား၊ ညနေ ၃ နာရီ မိနစ် ၄၀ တွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်ရှိ ဝင်းထိုက်(ခ)ဝင်းကို၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာအနီးတွင် သက်ဖြိုးအောင်(ခ)သာလိကာ မောင်းနှင်ပြီး အောင်ဇေယျာဖြိုး(ခ)ကြက်တူရွေး လိုက်ပါလာသည့် **NISSAN DIESEL** ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း **Ammonium Nitrate** ကီလို ၁၂၈၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ထိန်းချုပ်ဓာတုပစ္စည်း **Ammonium Nitrate** များ သယ်ဆောင်ခိုင်းသူ သီဟဇင်အား ကျိုင်းတုံမြို့ ရပ်ကွက်(၄) ခွာညို(၂)လမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုက ခရီးသွားလုပ်ငန်းကို ထိခိုက်မှုများဖြစ်ပေါ်ခဲ့



**အော့တဝါ ဇူလိုင် ၂၈**

ကနေဒါနိုင်ငံတွင် ပြင်းထန်စွာလောင်ကျွမ်းနေသော တောမီးများသည် နိုင်ငံ၏ စီးပွားရေးအမြတ်အစွန်းများကိုရရှိစေသည့်ခရီးသွားလုပ်ငန်းကို ထိခိုက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကနေဒါတောမီး လောင်ကျွမ်းမှုမှ ထွက်ရှိလာသည့် မီးခိုးနှင့်ပြာမှုန်များသည် ကောင်းကင်အလှနှင့် ပတ်ဝန်းကျင်ရှုခင်းကို ထိခိုက်စေသည်သာမက လေထုညစ်ညမ်းမှုကိုပါ ဖြစ်ပေါ်စေခဲ့သည့်အတွက် တောမီးလောင်ကျွမ်းမှု ပြင်းထန်သောအချိန်ကာလများတွင် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်မှုလျော့နည်းခဲ့ကြောင်း၊ တောမီးသည် ဇူလိုင်လအစကတည်းကလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ယခုသီတင်းပတ်အတွင်း ကနေဒါနိုင်ငံ ရော့ကီးတောင်တန်းရှိ ခရီးသွားများလည်ပတ်လေ့အရှိဆုံး ခရီးသွားမြို့ဖြစ်သည့် ဂျက်စပါမြို့ကိုပျက်စီးစေခဲ့ကြောင်း သိရသည်။

"ဇူလိုင်လနဲ့ ဩဂုတ်လဟာ ပုံမှန်အားဖြင့် ပြည်ပခရီးသွားလာရောက်လည်ပတ်မှုများတဲ့ ကာလမို့ ဒေသတွင်းပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်း အများဆုံးရတဲ့လတွေပါ။ ဒါပေမဲ့လဲ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ တောမီးလောင်ကျွမ်းမှုတွေက နိုင်ငံ့စီးပွားရေးကိုသာမက ပြည်သူတွေကိုပါ ထိခိုက်ဆုံးရှုံးစေပါတယ်" ဟု Thompson Okanagan ခရီးသွားလုပ်ငန်း၏ အကြီးအကဲ Ellen Walker-Matthews က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ကနေဒါနိုင်ငံရှိ ဘရစ်တစ်ရှ်ကိုလံဘီယာနှင့် အယ်ဘတ်တာပြည်နယ်တို့တွင်လည်း တောမီးလောင်ကျွမ်းမှု စုစုပေါင်း နေရာ ၆၀၀ ခန့်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်က ဘရစ်တစ်ရှ်ကိုလံဘီယာပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် ကနေဒါဒေါ်လာ ၇ ဒသမ ၂ ဘီလီယံ၊ အယ်ဘတ်တာပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် ကနေဒါဒေါ်လာ ၉ ဒသမ ၉ ဘီလီယံပံ့ပိုးနိုင်ခဲ့ကြောင်း အစိုးရ၏ သတင်းအချက်အလက်များအရ သိရသည်။

ယခုအခါ တောမီးလောင်ကျွမ်းမှုကြောင့် နိုင်ငံအတွင်းပြည်ပခရီးသွားများ ဝင်ရောက်မှုလျော့နည်းလာပြီး နိုင်ငံခြားဝင်ငွေများဆုံးရှုံးခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# ဂျပန်နိုင်ငံ၌ ၂၀၂၃ ခုနှစ်က အပူလှိုင်း ဖြတ်သန်းခဲ့ခြင်းကြောင့် ယခုနှစ်တွင် ဆန် မလုံလောက်မှုဖြင့် ရင်ဆိုင်နေရ

**တိုကျို ဇူလိုင် ၂၈**

ဂျပန်နိုင်ငံတွင် ၂၀၂၃ ခုနှစ်က အပူလှိုင်းဖြတ်သန်းခဲ့ပြီး အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် စပါးစိုက်ခင်းများ ပျက်စီးမှုရှိခဲ့ကာ အထွက်နှုန်းလည်း လျော့ကျခဲ့သည့်အတွက် ယခုနှစ်တွင် ဆန်မလုံလောက်သည့် ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတုလွန်ကဲမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုများမြင့်မားခဲ့သဖြင့် ရာသီဥတုလွန်ကဲမှုလျော့ချနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရှိန်မြှင့်တင်သွားသင့်ကြောင်း ဂျပန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဂျပန်နိုင်ငံမှာသက်တမ်းတစ်လျှောက် အပူလှိုင်းကြောင့် ဆန်စပါးမလုံလောက်မှုနဲ့ ပထမဦးဆုံးအကြိမ် ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ အအေးလှိုင်းသာဖြတ်သန်းလေ့ရှိတဲ့ နိုင်ငံမှာ အပူလှိုင်းဖြတ်သန်းတာဟာ ရာသီဥတုလွန်ကဲမှုတွေ မြင့်တက်လာတဲ့လက္ခဏာဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်တုန်းက အအေးလှိုင်းကြောင့် အခုလိုဖြစ်စဉ်တွေ ဖြစ်ခဲ့ဖူးပါတယ်။ ဆန်စပါးမလုံလောက်မှုကြောင့် ဈေးကွက်ထဲမှာ ဆန်ဈေးတွေ အရမ်းမြင့်တက်နေတယ်" ဟု ဆန်စပါးကုန်သွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အကီဘာက ပြောကြားသွားခဲ့သည်။

ယခုနှစ်အတွင်း၌လည်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုများဖြစ်ပေါ်နေသောကြောင့် စပါးရိတ်သိမ်းချိန်နီးနေပြီဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ်ကဖြစ်စဉ်မျိုး ထပ်မံကြုံတွေ့ရမည်ကို တောင်သူများကစိုးရိမ်ပူပန်လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် ဆန်မလုံလောက်သည့် ပြဿနာဖြင့် ပထမဦးဆုံးအကြိမ် ရင်ဆိုင်ခဲ့ရခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# တရုတ်နိုင်ငံရှိ ဟန်ကျန်းမြစ်တွင် ယခုနှစ်အတွင်း ပဉ္စမအကြိမ်မြောက် မြစ်ရေလျှံတက်မှုဖြစ်ပွား

**ပေကျင်း ဇူလိုင် ၂၈**

တရုတ်နိုင်ငံ၏ အဓိက မြစ်တစ်စင်းဖြစ်သည့် ယန်ဇီမြစ်ဝှမ်း၏ မြစ်လက်တက်ဖြစ်သော ဟန်ကျန်းမြစ်တွင် ယခုနှစ်အတွင်း ပဉ္စမအကြိမ်မြောက် မြစ်ရေလျှံတက်မှုဖြစ်ပွားနေကြောင်း တရုတ်နိုင်ငံရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မြစ်ရေလျှံတက်မှုကြောင့် ဆန်ဟီရေလှောင်တမံတွင် ရေပမာဏမြင့်တက်နေပြီး တာတမံကျိုးပေါက်မှုမဖြစ်ပွားစေရေးအတွက် ရေဖောက်ချရမည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ မြစ်ရေလျှံတက်မှုနှင့်အတူ တာတမံကျိုးပေါက်မှုမှ ကာကွယ်ရေးအတွက် ရေဖောက်ချမှုများပြုလုပ်သွားရမည်ဆိုပါက ရေကြီးရေလျှံမှုမှာအခြေအနေဆိုးရွားလာနိုင်သည့်အတွက် ဟန်ကျန်းမြစ်အနီးတွင် နေထိုင်သော ဒေသခံများကို ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်လည်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

"ဟန်ကျန်းမြစ်ရေပမာဏမြင့်တက်ပြီး စိုးရိမ်မှတ်ကိုရောက်ရှိနေပါတယ်။ မြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပြီဖြစ်တဲ့အတွက် မြစ်ဝှမ်းတစ်လျှောက်မှာရှိတဲ့ ဒေသတွေမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်"ဟု တရုတ်နိုင်ငံ ရေထုအရင်းအမြစ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။



ရေကြီးရေလျှံမှုပြဿနာဖြင့် အဓိက ရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်မှာ ဂျီလင်ပြည်နယ်ဖြစ်ပြီး ဒေသခံများကို ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်သွားရန်လည်း အာဏာပိုင်အဖွဲ့အစည်းကသတိပေးချက်ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဗြိတိန်ကမ်းရိုးတန်းတစ်လျှောက်ရှိ လင်းပိုင်နှင့် ဝေလငါး ကောင်ရေကို မှတ်တမ်းတင် ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်နေ

**လန်ဒန် ဇူလိုင် ၂၈**

ဗြိတိန်ကမ်းရိုးတန်းတစ်လျှောက်ရှိလင်းပိုင်နှင့် ဝေလငါးကောင်ရေကိုမှတ်တမ်းတင်ပြီး ထိန်းသိမ်းကာကွယ်မှုများကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေး တက်ကြွလှုပ်ရှားသူများက ဆောင်ရွက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အမျိုးသားလင်းပိုင်နှင့် ဝေလငါးစောင့်ကြည့်မှု လုပ်ငန်းစဉ်ကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်ထိ အဏ္ဏဝါသတ္တဝါစောင့်ကြည့်ရေးဖောင်ဒေးရှင်းက ဦးဆောင်ပြီး ဗြိတိန်ကမ်းရိုးတန်းတစ်လျှောက် အဏ္ဏဝါနို့တိုက်သတ္တဝါများကို လေ့လာ မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း၊ အဏ္ဏဝါနို့တိုက်သတ္တဝါများကို လေ့လာမှတ်တမ်းတင်နိုင်ရေးကို တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးတက်ကြွလှုပ်ရှားသူဦးရေ ထောင်ကျော်ပါဝင်ခဲ့ကြောင်း သိရသည်။

"မျိုးစိတ်တွေရဲ့ အမူအကျင့်ပြောင်းလဲမှုတွေ၊ လျော့နည်းလာတဲ့ ရေနေသတ္တဝါတွေနဲ့ သူတို့ရင်ဆိုင်နေရတဲ့ ရာသီဥတု ဖိအားတွေကို အဓိက စစ်တမ်းကောက်ယူတာပါ။ ဒါတွေအကုန်လုံးက ရာသီဥတုပြောင်းလဲမှုနဲ့ ဆက်နွယ်နေပြီး ရေနေသတ္တဝါတွေကို အချိန်မီထိန်းသိမ်းစောင့်ရှောက်ရေးဟာ အရမ်းအရေးကြီးတယ်။ လက်ရှိ ဗြိတိန်ကမ်းရိုးတန်းတစ်လျှောက် ကျက်စားနေတဲ့ ရေနေမျိုးစိတ် ၃၀လောက်ကို မှတ်တမ်းတင်နေပါတယ်"ဟု အဏ္ဏဝါသတ္တဝါ စောင့်ကြည့်ရေးဖောင်ဒေးရှင်း ဒါရိုက်တာ Peter Evans က ပြောကြားခဲ့သည်။

ဗြိတိန်ကမ်းရိုးတန်းတစ်လျှောက်သည် လင်းပိုင်များနှင့် ဝေလငါးများအပါအဝင် ရေနေသတ္တဝါအတော်များများ၏ နားခိုရာနေရာဖြစ်ကြောင်း၊ အဆိုပါ မျိုးစိတ်အများစုသည် ယခုအခါ ရေထုညစ်ညမ်းမှုနှင့် ပင်လယ်ရေအပူချိန် မြင့်တက်လာခြင်းကဲ့သို့ သဘာဝဘေးများကို ခံစားနေကြရကြောင်း၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေး တက်ကြွလှုပ်ရှားသူများနှင့် ကျွမ်းကျင်သူများ၏ စုဆောင်းရရှိသော အချက်အလက်များက ရေနေသတ္တဝါများကို ထိန်းသိမ်းကာကွယ်ခြင်း၊ သိပ္ပံနည်းကျသုတေသနပြုခြင်းများအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# ပါကစ္စတန်နိုင်ငံ ဆင်းဟ်ပြည်နယ်တွင် ရေဘေးအန္တရာယ်ကာကွယ်ရေးအတားအဆီးများ တည်ဆောက်သွားရန် ADB ဘဏ်ကချေးငွေအဖြစ် ကန်ဒေါ်လာသန်း ၄၀၀ ခွင့်ပြု

**အစ္စလာမ်မာဘတ် ဇူလိုင် ၂၈**

ပါကစ္စတန်နိုင်ငံ ဆင်းဟ်ပြည်နယ်သည် နှစ်စဉ်နှစ်တိုင်းရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်အတွက် ရေဘေးအန္တရာယ်ကာကွယ်ရေးအတားအဆီးများ တည်ဆောက်သွားရန် Asian Development Bank (ADB) ဘဏ်က ချေးငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခွင့်ပြုလိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆင်းဟ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းကလည်း ရေဘေးအန္တရာယ်ကာကွယ်ရေးအဆောက်အအုံများကို ချေးငွေလက်ခံရရှိသည်နှင့် အမြန်ဆုံးအကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ Emergency Housing Reconstruction Project အမည်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံများရေဘေးအန္တရာယ်ဖြင့် မရင်ဆိုင်ရရေးအတွက် ထိရောက်သောအတားအဆီးအဆောက်အအုံများ အမြန်ဆုံးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

"ဆင်းဟ်ပြည်နယ်ရဲ့ အခြေခံလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ဖို့ ADB ဘဏ်အနေနဲ့ စီမံချက်ပေါ်မူတည်ပြီး ပံ့ပိုးပေးနေပါတယ်။ ပါကစ္စတန် လူမှုအဖွဲ့အစည်းမှာ သဘာဝဘေးဒဏ်ကြောင့် ရင်ဆိုင်ခဲ့ရတဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ပြန်လည်ထူထောင်ပေးဖို့အတွက် ရည်မှန်းချက်တစ်ခုထားပြီး ချေးငွေတွေကိုလဲ ခွင့်ပြုပေးနေပါတယ်။ အဓိကကတော့ သဘာဝဘေးဒဏ်ကြောင့်ပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံတွေကို ပြန်လည်တည်ဆောက်ဖို့နဲ့ ရေဘေးအန္တရာယ်ကာကွယ်ရေးအတားအဆီးတွေ တည်ဆောက်သွားဖို့အတွက်လဲ ချေးငွေတွေ ခွင့်ပြုပေးလိုက်ပါတယ်"ဟု ADB ဘဏ်၏ အာရှအလယ်ပိုင်းနှင့် အနောက်ဘက်ပိုင်းဆိုင်ရာ ဒါရိုက်တာ ဇူကော့ဖ်က ပြောကြားသွားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဟင်းလေးချက်

အယ်ဟုန်သော်(မယ်လတ်)



"အမေ့နှယ် ဒီဆေးလိပ်ကြီးသောက်နေပြန်ပါကော။ ချောင်းက ဆိုးလှပါဘိနှယ်။ ချောင်းဆိုးတာလေးသက်သာခါမှ သောက်တော့လေ။ အခုနေတုန်းတော့ ဆေးလိပ်သောက်တာလေး လျှော့ပါအုံးလား"

တမာပင်အရိပ်အောက် ထန်းလက်ကုလားထိုင်ပေါ် ပြောင်းဖူးဖက်ဆေးလိပ်တိုကြီး ဖွာနေသည့် ဒေါ်ငွေမြိုင်ကို မိဝိုင်းက မီးဖိုချောင်ထရံပေါက်က ခေါင်းပြူကြည့်ရင်း ပြောနေသည်။

မိဝိုင်းပြောလိုက်မှ လက်ထဲက ပြောင်းဖူးဖက်ဆေးလိပ်တိုကြီးကို ကုလားထိုင်လက်တန်းနှင့်ထိုးခြေပြီး ဆေးလိပ်မီးသတ်လိုက်သည်။ မိဝိုင်းခမျာ အမေ့ကိုပြောရ၊ မိဝိုင်းအောက်က မောင်နှမအငယ်များကိုပြောရ၊ အစ်ကိုဖြစ်သူ ဖိုးမြ အိမ်ထောင်ကျသွားတော့ အိမ်တွင်ကျန်သည့် မောင်နှမများထဲတွင် မိဝိုင်းက အကြီးဆုံးပေါ့။ နို့ညှာကောင် ဖိုးသာနှင့် အငယ်ဆုံး ဖိုးလှက ရွာထဲရှိ အလယ်တန်းကျောင်းတွင် ကျောင်းတက် နေတုန်းအရွယ်များမို့ ကူဖော်လောင်ဖက်မရသေးပေ။ စိုက်ချိန်ပျိုးချိန်ရာသီဆိုရင်ဖြင့် အထက်အောက်ညီမဖြစ်သူ မိဇာနှင့်အတူ ကောက်စိုက်၊ ပျိုးနုတ် တောလုပ်တောကိုင်အလုပ်များကို မိဝိုင်းက ဦးစီးပြီး လုပ်ရသည်။

အစ်ကိုဖိုးမြက လာကူပါသည်ဆိုသော်လည်း သူ့အိမ်ထောင်နှင့်သူ ရုန်းကန်နေရသည်မို့ ရံဖန်ရံခါလောက်သာ ရောက်လာတတ်သည်။

အစ်မကြီးပီပီ မိဝိုင်းက အငယ်များကြိုက်တတ်သည့်ဟင်းလေးများကို ကိုယ်တိုင်ကိုယ်ကျချက်ကျွေးရမှ စိတ်ကျေနပ်သည်။ အမေ့အကြိုက်အတွက်ဆိုရှိတာလေးနှင့်ဖွယ်ဖွယ်ရာရာ အရသာရှိအောင် မိဝိုင်းချက်ပြုတ်နိုင်သည်။ သည်နေ့လည်း ရွာတောင်ပိုင်း အရီးသိန်းတို့အိမ်က ဝက်ပေါ်သည်ဆို၍ မိဝိုင်း ဝက်သား ၅၀ ကျပ်သား ဝယ်လိုက်သည်။ ဝက်သားခုတ်ထစ်ဆေးကြောနေရင်း-

"အမေ၊ ဝက်သားကို ဝက်သားနီအချိုချက်လေးချက်ပေးရမလား"

မိဝိုင်းအမေးကို ဒေါ်ငွေမြိုင် ချက်ချင်းမဖြေသေးဘဲ ဒန်ကရားထဲကနေ ရေနွေးကြမ်းပန်းကန်ထဲ ရေနွေးငှဲ့၊ နှစ်ချက်၊ သုံးချက်မျှတ်ကာ ရေနွေးတစ်ကျိုက်သောက်ပြီးမှ-

"ညည်းမောင်တွေ ကြိုက်သလိုချက်။ ဟိုရက်ဆီက အငယ်မမိဇာ လှန်းထားတဲ့ သရက်သီးခြောက်တွေရှိတယ်မှတ်တာပဲ။ ဟောဟိုထရံမှာချိတ်ထားတဲ့ ပုတ်တောင်းထဲမှာလဲ ဆီးဖြူသီးခြောက်နဲ့ ဖန်ခါးသီးခြောက်တွေလဲရှိတယ်။ ဟိုတစ်ခါ ရွာကိုလာတဲ့ မန္တလေးက ညည်းအဖေအမျိုးတွေချက်ပြတဲ့ အမရပူရ ဟင်းလေးချက် ချက်ချင်လဲချက်။ အမေက ဘယ်လိုချက်ချက်စားတတ်တယ်။ ညည်းသဘော"

ဒေါ်ငွေမြိုင်ကပြောပြီး ထုံးစံအတိုင်း ပြောင်းဖူးဖက်ဆေးလိပ်ကြီး မီးညှိပြီး ရဲခနဲရဲခနဲနေအောင်ဖွာနေတော့သည်။

ဆေးကြောထားသည့် ဝက်သားတုံးများထဲ ကြက်သွန်ဖြူထောင်းထည့်၊ ချင်းထောင်းထည့်၊ ကြက်သွန်နီထောင်းထည့်၊ ဆားထည့်နယ်ပြီး အရသာဝင်အောင် ခဏနှပ်ထားလိုက်သည်။ ဝက်သားခဏနှပ်ထားတုန်း မိဝိုင်းက သရက်သီးခြောက်၊ ဖန်ခါးသီးခြောက်နှင့် ဆီးဖြူသီးခြောက်တို့ကို ထည့်ပြုတ်လိုက်သည်။ မိဝိုင်း ဖိုခလောက်ထဲ ထင်းထပ်ထည့်ကာ မြေအိုးထဲကိုနှပ်ထားသည့်ဝက်သားများထဲ ငါးပိနည်းနည်းနဲ့ ဆီထည့်ကာ လုံးချက်လေးချက်လိုက်သည်။ ဝက်သားလေးများ အကြောတင်းလာမှ ပြုတ်ပြီးထောင်းထားသည့် သရက်သီးခြောက်၊ ဆီးဖြူသီးခြောက်၊ ဖန်ခါးသီးခြောက်အနှစ်လေး မိဝိုင်း ထည့်လိုက်သည်။ ခဏကြာတော့ရပါပြီ။ မိဝိုင်း၏ အမရပူရဝက်သားဟင်းလေးချက်။

ပဲရာဇာကို ကြာဆံလေးနှင့် အရည်သောက်ဟင်းချက်လိုက်သည်။ ဟင်းလေးချက်အိုးကို ကြောင်အိမ်ထဲထည့်ကာ နီးဆန်ခါတစ်လုံးယူပြီး အရွက်ကြော်တစ်ခွက်ချက်ရန် ခြံနောက်ကန်စွန်းခင်းထဲ မိဝိုင်းထွက်လာခဲ့သည်။ အိမ်ရှေ့စဉ့်အိုးထဲက ရေဖြင့် ကန်စွန်းရွက်များကို မိဝိုင်း သေချာဆေးလိုက်သည်။ ကြက်သွန်ဖြူနှင့် ခြံနောက်က တစ်ခါတည်းခူးလာသည့် ငရုတ်သီးစိမ်းဆီသပ်ပြီး ကန်စွန်းရွက်ကြော် တစ်ဒယ်ကြော်လိုက်သည်။ ဟင်းအားလုံးကျက်သွားတော့ မိဝိုင်း ခူးခပ်ပြီး ကြောင်အိမ်ထဲကဟင်းလေးချက်အိုးထုတ်လိုက်တော့ နည်းသွားသည်ဟု စိတ်ထဲထင်လိုက်မိသည်။ ထင်တာမဟုတ် နည်းကိုနည်းသွားသည်။

"ဟဲ့ ဖိုးသာနဲ့ ဖိုးလှ၊ နင်တို့ ကြောင်အိမ်ထဲက ဟင်းလေးချက်တွေ နှိုက်စားကြသေးလား"

"ဟာ မမမိဝိုင်းကလဲ ကျုပ်တို့မစားပါဘူးဗျာ။ စားချင်ရင် ပြောပြီးမှ စားမှာပေါ့"

"မိဇာ ညည်းရော နှိုက်စားသေးလား"

ဒေါ်ငွေမြိုင်ပန်းကန်ထဲ ဝက်သားသုံးထပ်သားတစ်တုံး လှမ်းဦးချနေရင်း မိဇာက မိဝိုင်းအမေးကို ပြန်ဖြေလိုက်သည်။

"အလိုတော် ကြံကြီးစည်ရာ။ အိုးစွပ်မစားခွက်စွပ်မစား။ လူကို သူခိုးယိုးရော့မယ် မမမိဝိုင်းနှယ်"

"မေးကြည့်ရတာပေါ့လို့။ ငါချက်ထားတာ များတယ်မှတ်တာ။ အခုနည်းသွားတယ်မှတ်လို့ပါအေ"

သည်နေ့ညနေ ထမင်းဝိုင်းကတော့ဖြင့် တော်တော့်ကို မြိန်ပါရဲ့။ ဟင်းလေးချက်တစ်အိုးလုံးကို ပြောင်တလင်းခါသွားသည်။ ပဲကြာဆံဟင်းချိုနှင့် ကန်စွန်းရွက်ကြော်ပင် သိပ်မတို့ကြ။

လက်ဆေးရေအင်တုံထဲလက်နှိုက်ဆေးပြီး ဖျင်လက်သုတ်ပဝါကြီးဖြင့်လက်သုတ်နေရင်း ဒေါ်ငွေမြိုင်က-

"ဖိုးသာနဲ့ဖိုးလှ မင်းတို့အစ်ကိုကြီးဖိုးမြအိမ်သွားပြီး အမေက ခေါ်ခိုင်းတယ်သွားပြောချေ။ ငါ့ခေါင်းအုံးအောက်က ဖျင်အိတ်ရှို့ထဲက တစ်ရာယူသွား။ အပြန်မမြအုန်းသမီးဆိုင်က ပြောင်းဖူးဖက်ဆေးလိပ်ဝယ်ခဲ့။

ပုဆိုးစုတ်တစ်ထည်ဖြင့် ထမင်းစားပွဲပေါ် သန့်ရှင်းရေးလုပ်နေသည့်မိဇာက ဒေါ်ငွေမြိုင်ကို-

"အမေ့နှယ် ကိုဖိုးမြကို ဘာလို့သွားခေါ်ခိုင်းရတာတုံး။ တော်ကြာ သူ့မိန်းမက ကျုပ်တို့အိမ် ဝင်ထွက်တာကြိုက်ချင်မှကြိုက်မှာ။ သောင်သောင်သာသာရှိတဲ့ သူ့မိန်းမ မရွှေဥက ကိုဖိုးမြက ကျုပ်တို့အိမ်ကို ခိုးပေးနိုး၊ ခိုးကျွေးနိုးထင်လိမ့်မယ်။ အခုသွားခေါ်ခိုင်းတာ ဘာရှိလို့တုံး"

"အိုအေ ငါ့သား ငါ့အိမ်လာတာ ဘာဖြစ်လဲအေ။ ဒင်းမကျေနပ်တော့ရော ငါက ဂရုစိုက်ရိုးလား။ အလုပ်ရှိမှ မိဘအိမ်ကို သားသမီးလာရရိုးလား။ ဒင်းက ရွှေဥဆို ငါကလဲ ငွေမြိုင်ပါအေ့"

မီးဖိုချောင်ထဲ အိုးခွက်ပန်းကန်ဆေးနေသည့် မိဝိုင်း ဘာမှဝင်မပြောဘဲ နေလိုက်သည်။

ဖိုးသာ၊ ဖိုးလှတို့နှင့်အတူတူ အစ်ကိုကြီးဖိုးမြ ပါလာသည်။ သူ့သားကြီးဖိုးမြကို မြင်သည်နှင့် ဒေါ်ငွေမြိုင်မျက်နှာကြီးက လပြည့်၏လမင်းပမာ ဝင်းပသွားတော့သည်။ သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို ချပြီး မီးဖိုချောင်ထဲရှိ မိဝိုင်းကို-

"မိဝိုင်း နင့်အစ်ကိုဖိုးမြ ပါလာတယ်။ ထမင်းခူးလိုက်ဟေ့။ လာ ဖိုးမြ မင်းနှမချက်ထားတဲ့ ဟင်းလေးချက်လေးနဲ့ အမေက ထမင်းစားစေချင်လို့ အခေါ်လွှတ်လိုက်တာ။ တခြားဘာမှမရှိဘူး"

ထမင်းခူးနေသည့် မိဝိုင်း လန့်သွားသည်။ ပဲနီလေးကြာဆံဟင်းနှင့် ကန်စွန်းရွက်ကြော်သာ ရှိတော့သည်။ ဟင်းလေးချက်က ခုနက မိသားစုလိုက် တစ်အိုးလုံး ပြောင်အောင် စားပြီးသွားပြီကိုး။

"အမေ့ ဟင်းလေးချက်က မရှိတော့ဘူးလေတော်။ စောစောကပဲ အမေနဲ့ ကျုပ်တို့မောင်နှမတွေစားတာ အိုးပြောင်ရောပဲလေ"

ဒေါ်ငွေမြိုင်လှမ်းအော်ပြောလိုက်သည်က-

"ထမင်းခူးမှာသာ ခူးခဲ့စမ်းပါအေ။ လျှာရှည်ပါဘိနှယ်။ ညည်း ကန်စွန်းရွက်သွားခူးနေတုန်း ကြောင်အိမ်ထဲက ဟင်းလေးချက်အိုးထဲက တစ်ပန်းကန်စာ ငါခပ်ထားတယ်။ ကြောင်အိမ်အောက်ဆုံးထပ်မှာဝှက်ထားတယ်။ နင့်အစ်ကိုဖိုးမြကို ကျွေးလိုက်။ ဟိုအိမ်မှာကျ ငါ့သားလေး အစားဆင်းရဲအနေဆင်းရဲရှာမှာ"

ဒေါ်ငွေမြိုင် ပြန်ပြောလိုက်သောစကားကြောင့် မိဝိုင်း ပါးစပ်အဟောင်းသားဖြစ်သွားရတော့သည်။

ဖိုးမြကတော့ ထမင်းနှင့် ဟင်းလေးချက်ကို လက်ခလယ်နှင့် လက်သန်းကြွယ်တွင်ဝတ်ထားသည့် ထူထူအိအိလက်စွပ်ကြီးများမြုပ်လုနီးပါး နယ်ကာနယ်ကာ အားရပါးရစားလေတော့သည်။

❖ ဆေးကြောထားသည့်ဝက်သားတုံးများထဲ ကြက်သွန်ဖြူထောင်းထည့်၊ ချင်းထောင်းထည့်၊ ကြက်သွန်နီထောင်းထည့်၊ ဆားထည့်နယ်ပြီး အရသာဝင်အောင် ခဏနှပ်ထားလိုက်သည်။ ဝက်သားခဏနှပ်ထားတုန်း မိဝိုင်းက သရက်သီးခြောက်၊ ဖန်ခါးသီးခြောက်နှင့် ဆီးဖြူသီးခြောက်တို့ကို ထည့်ပြုတ်လိုက်သည်။ မိဝိုင်း ဖိုခနောက်ထဲထင်းထပ်ထည့်ကာ မြေအိုးထဲကိုနှပ်ထားသည့်ဝက်သားများထဲ ငါးပိနည်းနည်းနဲ့ဆီထည့်ကာ လုံးချက်လေးချက်လိုက်သည်။ ဝက်သားလေးများအကြောတင်းလာမှ ပြုတ်ပြီးထောင်းထားသည့် သရက်သီးခြောက်၊ ဆီးဖြူသီးခြောက်၊ ဖန်ခါးသီးခြောက်အနှစ်လေး မိဝိုင်းထည့်လိုက်သည်။ ခဏကြာတော့ရပါပြီ။ မိဝိုင်း၏ အမရပူရဝက်သားဟင်းလေးချက်။ ❖

# အောင်ဗလ အပြာရောင် အပြာရောင်အောင်ဗလ

**မောင်သင်းထုံ(ကျောက်မဲ)**



အောင်ဗလက မင်းသမီးလိုကဖို့ ဝတ်စားဆင်ယင်တဲ့အခါ လုံချည်နဲ့ပဝါကို တစ်သွေးတည်းဝတ်တာ။ ပန်းကိုလုံချည်အရောင်နဲ့ လိုက်အောင်ပန်တာက အောင်ဗလက စခဲ့တာ။

အောင်ဗလက ပွဲကတော့မယ်ဆိုရင် သူကြိုက်တဲ့ အပြာရောင်ကို ခဏခဏဝတ်တာ။ အဲဒီမှာ ထဘီအပြာလေးနဲ့၊ ပဝါအပြာလေးနဲ့၊ ပန်းအပြာလေးနဲ့ စည်းကြိုးအပြာလေးနဲ့ အောင်ဗလက ဝတ်ဆင်တတ်တယ်။ နောက်တော့အပြာရောင်ဟာ အောင်ဗလရောင်ဆိုပြီး နာမည်ကြီးတော့တာပေါ့။ စက်ချုပ်ဆိုင်မှာ အထည်ရွေး၊ အရောင်ရွေးတော့မယ်ဆိုရင် အောင်ဗလရောင်ကလေးပေးပါလို့ဈေးဝယ်ကြတာတဲ့။ အောင်ဗလနာမည်ကြီးလာတော့ စီးပွားရေးသမားတွေက အောင်ဗလပုံကို စက္ကူအပြာပေါ်မှာ ရိုက်ရောင်းတာတို့။ စက္ကူပန်းအပြာတွေကိုလဲ အောင်ဗလအကြိုက် အပြာရောင်တွေကို အောင်ဗလအထိမ်းအမှတ်ရောင်းကြတာပေါ့။

အောင်ဗလ ခြောက်နှစ်သားအရွယ်မှာ ဖခင်ဖြစ်သူ ဦးလူကြီးကွယ်လွန်တော့ မိခင်ဖြစ်သူက ဆား၊ ငါးပိ စတဲ့ရောင်းဝယ်လုပ်ကိုင်ပြီး သားဖြစ်သူကို ကြီးပြင်းအောင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါတယ်။ သားငယ်အောင်ဗလကို အရွယ်ရောက်သော် ဘုန်းကြီးကျောင်းသို့ ပို့အပ်ပြီး စာပေသင်ကြားစေခဲ့ပါတယ်။ အောင်ဗလက အတီးအမှုတ်၊ အကအခုန် ဝါသနာပါတဲ့အလျောက် ကျောင်းသားဘဝကပင် ဂီတနဲ့သဘင်ပညာကို လိုက်စားခဲ့ပါတယ်။ ဦးလေးတော်သူ အရုပ်သားဦးထွန်းဝထံမှာ ဗုံရှည်နှစ်လုံးအတီးသင်၊ အကသင်ပြီး အရုပ်ယိမ်းတွေမှာ ပါဝင်ကပြလေ့ရှိပါတယ်။ ဆရာဘုန်းတော်ကြီး ဦးလက်ာထံမှာ အပြော၊ အဆို၊ အငိုကအစ လေ့လာသင်ကြားလိုက်စားခဲ့ပါတယ်။

၁၀ နှစ်သားအရွယ်လောက်ကစပြီး ဇာတ်သဘင်လောကသို့ဝင်ကာ မိခင်ကို လုပ်ကျွေးပြုစုခဲ့ပါတယ်။ ဆင်ဖြူကျွန်းမြို့တစ်ခွင် ကျေးရွာစဉ်တွေက ဘုရားပွဲ၊ နတ်ပွဲ၊ အလှူပွဲတွေမှာ အောင်ဗလမပါရင် ပွဲမဖြစ်သလောက်အောင် လူကြိုက်များခဲ့ပါတယ်။

အောင်ဗလကို မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာ တည်ရှိတဲ့ ဆင်ဖြူကျွန်းမြို့ မြောက်ပိုးတန်းရပ်ကွက်မှာ ၁၂၄၄ ခုနှစ် တပေါင်းလဆန်း ၁၃ ရက် တနင်္ဂနွေနေ့ နံနက်တစ်ချက်တီးအချိန်မှာ ဖွားမြင်ပါတယ်။ ဖခင်မှာ ကန်တော်ရွာသား ရုပ်သေးဆရာဦးလူကြီးဖြစ်ပြီး အမိမှာ ဒေါ်မယ်ပွင့်ဖြစ်ပါတယ်။ ဦးလူကြီးနဲ့ ဒေါ်မယ်ပွင့်တို့မှာ သားကြီး ကိုစံထွန်းဦး၊ သမီးမသင်းအုံ၊ မသင်းပုံတို့ကို ဖွားမြင်ပြီးနောက် သားငယ်အောင်ဗလတို့ကို ဖွားမြင်ခဲ့ပါတယ်။

လူပုံက လူလုံးလူဖန်သင့်တင့်။ အသားကမဖြူမညို၊ ဘဝပေးအခြေအနေအရ ဇာတ်ကရတော့ မင်းသမီးသာလုပ်ကရတာ။ လည်ပင်းမှာက စလုတ်ကြီးနဲ့၊ နောက်ပြီး ယောကျ်ားဆိုတော့ လည်ပင်းဟာလဲ မင်းသမီးတွေထက် တုတ်ခိုင်နေတော့တာပေါ့။ ဒါပေမဲ့ ဇာတ်ထဲမှာကတော့ ဘယ်လောက်များ သရုပ်ပါလိုက်သလဲဆိုရင် ပြောစမှတ်ကြီးကိုဖြစ်လို့ပါ။

တစ်ခါတော့ အောင်ဗလတို့ဇာတ်က ရွှေစက်တော်ဘုရားပွဲမှာကကြတယ်။ ပွဲကတော့ ပွဲကြပ်ဖို့တာဝန်ကျတဲ့ မြို့အုပ်မင်းဆိုတာ အောင်ဗလကို မိန်းကလေးတစ်ယောက်လိုမျိုး သိပ်ကိုသဘောကျတာတဲ့။ ဒီတော့ မြို့အုပ်မင်းက သူ့လူတွေကိုပြောပါသတဲ့။ ဒီကောင် မိန်းမ မဟုတ်လို့ပေါ့ကွာ။ မိန်းမသာဆိုရင် အိမ်ကမိန်းမကြီးကိုကွာပြီး ယူပါရဲ့လို့ပြောတာတဲ့။ ဒီလိုရာထူးရှိနဲ့ လူတစ်ယောက်က လူကြားသူကြားမှာ မချင့်မရဲနဲ့ ပြောပုံကိုထောက်ကြည့်တော့ အောင်ဗလဆိုတာဟာ တကယ်ပဲမိန်းမပုံပေါက်လို့နေမှာပါ။

ဒီလိုညတိုင်း သနပ်ခါးတွေလိမ်းရ။ ပန်းပန်၊ ထဘီဝတ်၊ ဆံထုံးထုံးပြီး ကန့်ကလျနဲ့ ကရပုံထောက်တော့ သေချာပါတယ်။ အောင်ဗလဆိုတာ အခြောက်စိတ်ပေါက်နေတဲ့သူကြီးပါလို့လဲ ထင်ကြေးပေးကြပေမဲ့ အောင်ဗလက မခြောက်ပါဘူး။ လမ်းလျှောက်ရင် ကန့်ကလျလျှောက်တတ်ပေမဲ့ အပြင်ကတကယ့်ဘဝမှာတော့ အောင်ဗလဆိုတာက ကျားကျားလျားလျားပါပဲလို့တဲ့ ပြောကြတယ်။

ပျဉ်းမနားမြို့မှာ ပွဲကန်ထရိုက်က အောင်ဗလဇာတ်ကို ရှံသွင်းကတော့ တောရောမြို့ပါ ပွဲကြည့်သူတွေကလဲ များလှသတဲ့။ ပွဲခင်းထဲမှာလဲ လူကပြည့်တော့ အဝေးကနေကြည့်ရှုတဲ့အခါ လူတွေက အောင်ဗလကို သဲသဲကွဲကွဲမကြည့်ရတော့ အားမရဘူးတဲ့။ ဒီတော့ ပွဲကန်ထရိုက်က နောက်တစ်နေ့ကျတော့ ပွဲကတာမဟုတ်ဘဲ အောင်ဗလကိုရှံသွင်းပြတာ။ အဲဒီခေတ်က တစ်ယောက်တစ်ပဲယူသတဲ့။ အောင်ဗလဆိုတာက ဘာမှမလုပ်ရပါဘူး။ မိန်းမလုံချည်ကလေးနဲ့၊ မိန်းမအင်္ကျီလေးဝတ်လို့၊ ဆံတောက်နဲ့ ဘီးဆံထုံးဆံမြိတ်ချလေးထုံးပြီး ကုလားထိုင်ပေါ်မှာ ထွက်ထိုင်ပြရတာပါပဲတဲ့။ ညပွဲကြည့်ရင်တော့ ရှံဝင်ခက တစ်ယောက် ၄ ပဲတဲ့။ အောင်ဗလဆိုတာ အဲဒီလိုဟိတ်ဟန်ကြီးခဲ့တဲ့သူပါ။

အောင်ဗလဆိုတာဟာ တကယ်တော့လူအနေနဲ့ ပြောရရင် အောင်ဗလဟာ အနေအထိုင် ကျစ်လျစ်သိပ်သည်းတယ်။ အင်မတန်ရိုးသားတယ်။ ဇာတ်စင်ပေါ်မှာသာ မိန်းကလေးတစ်ယောက်လိုတက်သာကနေတာ ရှက်တတ်တယ်။ သူတစ်ဖက်သားကို အားလဲနာတတ်တဲ့သူပါ။

အောင်ဗလဆိုတာဟာ တကယ်တော့ နိုင်ငံတစ်လွှားမှာ ပြိုင်စံရှားတဲ့ အနုပညာသည်တစ်ယောက်ပါ။ "အောင်ဗလတဲ့ဟေ့"ဆိုရင် ကြားရတဲ့သူတိုင်းက ရူတ်ရူတ်သဲသဲထကြည့်ချင်လောက်တဲ့ လူဖြစ်ပေမဲ့၊ တကယ်တမ်းကျတော့ အောင်ဗလဆိုတာက ဝင့်ဝင့်ဝါဝါ မောက်မောက်ကြွားကြွားမရှိဘူး။ ပွဲထဲမှာ သူ့မျက်နှာကချိုသာနေတယ်။ အပြင်ရောက်ရင်တော့ အောင်ဗလဟာ သူ့မျက်နှာလူမြင်မှာ အင်မတန်စိုးတာတဲ့။ ဒါပေမဲ့ အဲဒါကလဲ အကဲရောက်လို့စိုးတာမဟုတ်ဘူးနော်။ သူကရှက်တတ်လို့ လူကြည့်ခံရမှာကြောက်လို့ပါ။ အောင်ဗလဆိုတာ ဘယ်ထိအောင်များရှက်သလဲဆိုရင် သူ့မိန်းမ မသဲညွန့်နဲ့ တွဲထိုင်ရမှာကို ရှက်တာတဲ့လေး . . .။ ကဲ ကဲ။

လူတွေဟာ အောင်ဗလကိုပွဲထဲမှာ ကန့်ကလျနဲ့ မိန်းကလေးလိုရှိပေမဲ့ အပြင်ရောက်ရင် ဒီလူဘယ်လိုများနေပါလိမ့်မလဲဆိုတာ သိချင်ကြတာ။ ပွဲထဲကလို ကန့်ကလျများ နေလေမလား၊ ဒါမှမဟုတ် သူ့ပင်ကိုစရိုက် ကျားကျားလျားလျားများရှိလေမလားဆိုတာ၊ ပရိသတ်ကသိချင်ကြတာတဲ့။ ဒါကြောင့်မို့ ပွဲကဖို့လာရင် သူတည်းတဲ့အိမ်နားကလူတွေက လာချောင်းကြည့်ကြသတဲ့။ ဒါပေမဲ့ အောင်ဗလကတော့ အဲဒီအခါတွေမှာ လူကဲခတ်မခံဘူး။ သူ့ဘာသာ ခပ်ကွယ်ကွယ် ခပ်လျှိုးလျှိုးပဲ ပရိသတ်ကိုရှောင်တိမ်းနေတာတဲ့။

ဦးဘိုးစုံကတော့ ပြောသတဲ့။ အောင်ဗလကိုအပြင်မှာမြင်ရဖို့မလွယ်ဘူး။ လှည်းကြမ်းကြီးစီး၊ ပွဲကူးကရတဲ့အခါများဆို အောင်ဗလကပေါင်းမိုးထဲမှာ ဖန်းမော်တာဘက်ကြီးကာပြီး လှည်းစီးတာတဲ့။ နေ့မြင်လို့ ရိုးနေရင် ညကျတော့တန်ဖိုးကျမှာစိုးလို့နဲ့တူပါရဲ့။ တချို့ဇာတ်ထဲကလူတွေနဲ့များကွာပါ့။ တချို့သဘင်သည်တွေများ သူတို့အခန်းပြီးတာနဲ့ ပွဲခင်းထဲ ခေါက်တုံ့ခေါက်ပြန်နဲ့ လူလုံးပြတတ်ကြတာကပိုသေးသတဲ့။

❖ အောင်ဗလက ပွဲကတော့မယ်ဆိုရင် သူကြိုက်တဲ့ အပြာရောင်ကို ခဏခဏဝတ်တာ။ အဲဒီမှာ ထဘီအပြာလေးနဲ့၊ ပဝါအပြာလေးနဲ့၊ ပန်းအပြာလေးနဲ့ စည်းကြိုးအပြာလေးနဲ့ အောင်ဗလက ဝတ်ဆင်တတ်တယ်။ နောက်တော့အပြာရောင်ဟာ အောင်ဗလရောင်ဆိုပြီး နာမည်ကြီးတော့တာပေါ့။ စက်ချုပ်ဆိုင်မှာ အထည်ရွေး၊ အရောင်ရွေးတော့မယ်ဆိုရင် အောင်ဗလရောင်ကလေးပေးပါလို့ ဈေးဝယ်ကြတာတဲ့။ အောင်ဗလ နာမည်ကြီးလာတော့ စီးပွားရေးသမားတွေက အောင်ဗလပုံကို စက္ကူအပြာပေါ်မှာ ရိုက်ရောင်းတာတို့။ စက္ကူပန်းအပြာတွေကိုလဲ အောင်ဗလ အကြိုက် အပြာရောင်တွေကို အောင်ဗလအထိမ်းအမှတ်ရောင်းကြတာပေါ့။ ❖

အောင်ဗလဟာ ငွေကြေးကိုကိုင်ပြီးမှ သုံးတတ်တဲ့လူမျိုးမဟုတ်ဘူးတဲ့။ ဒီတော့သူက ငွေကြေးကိုလဲ မစုံမက်ဘူးပေါ့။ ငွေကြေးရဲ့တန်ဖိုးကို ဘာမှမသိတာ။ ငွေတစ်ကျပ်ရဲ့တန်ဖိုးက ဘယ်လောက်ရယ်လို့လဲမသိဘူးတဲ့။ သူ့ဆရာတွေဖြစ်တဲ့၊ မထွေးလေးတို့၊ လေဘာထီမမြရင်တို့ဆိုတာကလဲ အောင်ဗလလိုပဲလေ။ အောင်ဗလပေါ့။ တစ်ခါမတော့ မန္တလေးကနေ ရန်ကုန်ကို မီးရထားနဲ့ပြန်လာခဲ့တာ။ ဘူတာရောက်တော့ အိတ်ကပ်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိတာနဲ့ အဲဒါမကြံတတ်တော့ဘုန်းကြီးလမ်းက သူ့အိမ်ကိုဘူတာကနေ ခြေကျင်ပြန်လာခဲ့တာတဲ့။ ငွေကြေးနဲ့ပတ်သက်လာရင်အောင်ဗလဆိုတာ အဲဒီထိကို ရိုးတဲ့၊ အတဲ့သူဖြစ်တယ်။

အိမ်မှာနေရင်တော့ အောင်ဗလဆိုတာယောကျ်ားတစ်ယောက်လိုပဲနေတာပါ။ စကားပြောတော့လဲ ဒီလိုပဲ ခင်ဗျားနဲ့ကျွန်တော်နဲ့ပြောတာပဲ။ ယောကျ်ားလိုပဲ အမြဲဝတ်တယ်။ သူ့ကိုတပည့်တွေကလဲ ဆရာဗလလို့ခေါ်ကြတယ်။ ထိုင်တော့လဲ တင်ပျဉ်ခွေ ထိုင်တာပဲ။ သိပ်ပြီးတော့ ကြမ်းကြမ်းတမ်းတမ်းကြီးမရှိလှပါဘူး။ ယောကျ်ားဆိုရင် ကျားကျားလျားလျားရှိရမယ်လို့ အထက်တန်းနဲ့ အလယ်အလတ်တန်းစားတွေကို ကိုလိုနီတွေက ပညာပေးခဲ့လေတော့။ အဲဒီခေတ်က အောင်ဗလတို့ အနေအထိုင်ပျော့ပျောင်းတယ်။ သိမ်မွေ့တယ်ဆိုတာ ပုံမှန်ယောကျ်ားတစ်ယောက်ရဲ့မူပါပဲ။ အောင်ဗလဟာ မိန်းမလျာမဆန်ပါဘူး။

အောင်ဗလဟာ အပြင်မှာ စကားနည်းတဲ့သူ။ သူ့အိမ်ကို ဧည့်သည်လာရင် ဘာကစနှုတ်ဆက်ရမှန်းမသိဘူး။ ပွဲထဲမှာသာ သူ့နေရာနဲ့သူက အင်မတန်အပြောအဆို အထေ့အငေါ့တွေကောင်းနေလိုက်တာ အပြင်မှာကျတော့ စကားနည်းပြီး မေးထူးခေါ်ပြောပဲရှိတာလို့ အောင်ဗလရဲ့မရီးဖြစ်သူက ပြောပြတယ်။

ဘုရားတရားကြည်ညိုတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ အောင်ဗလဟာ သဘင်သည်တွေအပေါ် ဗိုလ်ကျတဲ့ လူမိုက်ခေါင်းဆောင်တွေကို အလိုက်အထိုက်ပေါင်းရင်းက အောင်ဗလဟာ အသောက်အစားတွေပါ ဖက်လာတော့သတဲ့။

ဆင်ဖြူကျွန်းမြို့ဟာ ယောကျ်ားမင်းသမီးထွက်တဲ့မြို့လို့ ပြောကြတယ်။ အောင်ဗလလိုပဲ အခြားယောကျ်ားမင်းသမီးတစ်ယောက်ရှိသေးတယ်။ နာမည်က "ကိုစိန်ဒိုင်"တဲ့။ ဒါပေမယ့် အောင်ဗလလောက်တော့ ဘယ်နာမည်ကျော်ပါ့မလဲ။ အောင်ဗလတို့ဟာ ငယ်စဉ်က မိသားစုဆင်းရဲတော့ ဈေးရောင်းစားရတယ်။ အဲဒီမှာ အောင်ဗလဟာ ငယ်ငယ်ကတည်းက မိန်းကလေးတစ်ယောက်လိုပဲ သူ့အမေဈေးရောင်းတာ၊ ချက်တာပြုတ်တာတွေကိုကူညီတတ်သတဲ့။ အောင်ဗလဟာ ဟင်းချက်ရင် မန်ကျည်းရွက်ချဉ်ရည်ဟင်း အမြဲချက်တော့ ဆင်ဖြူကျွန်းကလူတွေကတော့ အိမ်မှာမန်ကျည်းရွက်ချဉ်ရည်ဟင်းချက်တဲ့နေ့ ဘာဟင်းချက်သလဲဟေ့လို့မေးရင် "အောင်ဗလဟင်း"လို့ ပြောလေ့ရှိကြတာတဲ့၊ အောင်ဗလအပြာရောင် အပြာရောင်အောင်ဗလဟာ ၁၂၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်မှာ မန္တလေးမြို့မှာပဲ ကွယ်လွန်ခဲ့ပါတော့တယ်။

**ကိုးကား**

**- လူထုဒေါ်အမာ၏ အောင်ဗလဖိုးစိန်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၆၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၆၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၂၄၅၈ ဧကစိုက်ပျိုးရန် လျာထားပြီး မေလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါ ၂၄၅၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ တောင်သူတွေကို စိုက်ပျိုးရာသီအမှီ မျိုးကောင်းမျိုးသန့်တွေ လွယ်လွယ်ကူကူစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဝါစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူအတွက် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဝါစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်ခြင်းကြောင့် သီးနှံတစ်မျိုးမျိုးရရှိမည်ဖြစ်ပြီး ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

ဝါကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့တွင် အောင်မြင်စွာ စိုက်ပျိုးလျက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေ က ပြောပြ၍ သိရသည်။ (၂၀၆)

# လယ်ဝေးမြို့နယ် ရွှေကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတုန်းမျှောင်ကျေးရွာအုပ်စု ရွှေကျောင်းကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ရွှေကျောင်းကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေကျောင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၇၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**

# ဆင်ခြင်သုံးသပ်နိုင်ရန် စာဖတ်ပါ

ထက်အောင်လူ(နွံ့သာမြေ)

"ဆင်ခြင်"ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်က "ချင့်ချိန်သည်။ စဉ်းစားသည်။ သုံးသပ်သည်။"ဟု ဆို၏။ ထိုထက်မက ပိုင်းခြားရာ၌ "ဆင်"ကဲ့သို့ အကြီးဆုံးသတ္တဝါနှင့် "ခြင်"ကဲ့သို့ အသေးဆုံးသတ္တဝါတို့သည်ပင် အလေးနက်ထား အသိ၊ သတိနှင့်နေထိုင်နိုင်ရန်ဖြစ်ပေသည်။ ဆင်လောက်ကြီးသော သက်ရှိမှ ခြင်လောက်ငယ်သော သက်ရှိတိုင်းကို ဂရုပြုသင့်ကြောင်း မီးမောင်းထိုးပြထားပေသည်။ မိမိတို့ဘဝလမ်း၌အရာရာကို ဆင်ခြင်သုံးသပ်ပြုလုပ်ဆောင်ရွက်ပါမှ ကောင်းကျိုးများရရှိနိုင်သည်။

လူတို့သည် ဆင်ခြင်တုံတရားကင်းမဲ့ကာ ပြုလုပ်ကြပါလျှင် လောကသည် သာယာဖွယ်မရှိနိုင်ပေ။ အရာရာကို အသိ၊ သတိနှင့် သုံးသပ်လျှောက်လှမ်းကြရပေမည်။ အသိ၊ သတိ ဆင်ခြင်သုံးသပ်မှုမရှိပါလျှင် ဆင်ကန်းတောတိုးဖြစ်ပါ၍ ဒုက္ခအဆိုးဖြစ်တတ်သည်။ ဆင်ခြင်သုံးသပ်ရာ၌ "မျက်တောင်မွေးတစ်ဆုံးသာမကြည့်ရ၊ မျက်စိတစ်ဆုံးကြည့်ရမည်"ဟု လောကနီတိတွင် အဆိုရှိပေသည်။ တစ်ခါတစ်ရံ၌လည်း မျက်စိတစ်ဆုံးကြည့်ပါသော်လည်း မိုးသည် မြေကြီးနှင့် ထိစပ်နေသည်ဟုမြင်ရသကဲ့သို့ လမ်းဘေးခတ်တိုင်တို့သည်ပင် အဝေးရောက်လျှင် ပုငယ်သွားသည်ဟုမြင်ရပေသည်။ ထိုမျက်စိတစ်ဆုံးသည်ပင် ဆင်ခြင်သုံးသပ်မှုမပါလျှင် မှားယွင်းစွာကောက်ချက်ချတတ်ပေသည်။ ထို့ကြောင့် မိမိတို့ဘဝလမ်းခရီး၌ ဆင်ခြင်သုံးသပ်မှုသည် လွန်စွာအရေးကြီးလှပေသည်။

စာရေးသူ လက်ဖက်ရည်ဆိုင်ထိုင်နေစဉ် လူနှစ်ဦး လမ်းမဘေး၌ သုံးဘီးဆိုင်ကယ်ကို မရပ်မနား ခြေထောက်ဖြင့် တစ်လှည့်စီနှိုးနေပုံကြည့်၍ အရာရာကို ဆင်ခြင်သုံးသပ်ခြင်းအနုပညာ လိုအပ်ကြောင်း သတိအသိလင်းလက်ခဲ့ပေသည်။ အကြိမ်များစွာ ခြေဖြင့်နှိုးသော်လည်းမရခြင်းကို သတိမမူပါဘဲ စက်နှိုးရန်ကြိုးစားနေပေသည်။ စင်စစ် သုံးဘီးဆိုင်ကယ် စက်နှိုးမရခြင်းမှာ ဆီကုန်နေခြင်းသာဖြစ်သည်။ ကာယအားကို ကြိုးစားအားထုတ်ပါသော်လည်း လုပ်ဆောင်မှုလွဲနေပါလျှင် အကျိုးထူးကို မရနိုင်ပေ။ ထို့ကြောင့် "အကြောင်းသိခြင်းသည် ပညာဖြစ်၍ အကြောင်းကိုရှာဖွေရန်၊ အကြောင်းကိုသိရန် ဆင်ခြင်ဉာဏ်လိုအပ်လှပါပေ၏"ဟု စာရေးဆရာကြီး အောင်သင်းက ဆိုထားသည်။

ဘောလုံးပွဲတွင် ဘောလုံးကန်နေသူတို့သည် အာရုံကို ဖြန့်ကြက်တွေးတောရှုမြင်နိုင်စွမ်း ခက်ခဲပါသော်လည်း ပွဲကြည့်ပရိသတ်သည် ခြုံငုံသုံးသပ်နိုင်ပေသည်။ အင်္ဂလိပ်စကားပုံတစ်ခု၌ "**Before you working Double thinking** (မလုပ်ခင် နှစ်ကြိမ်စဉ်းစား)"ဟု အဆိုရှိသည်။ အလုပ်လုပ်ရန်အတွက် တစ်ကြိမ်စဉ်းစားရုံမက အဘယ်ကြောင့် နှစ်ကြိမ်စဉ်းစားခိုင်းပါသနည်း။ အဖန်ဖန်ဆင်ခြင်သုံးသပ်ခြင်းလုပ်နေမိသည်။ မြန်မာစကား၌လည်း "ပြောပြုတွေးလျှင်သတိယှဉ် ဆင်ခြင်ဉာဏ်ရှေ့သွား"ဟုဆိုကြသည်။ ကျွန်တော်တို့သည် သူတစ်ပါးအပါအဝင် မိမိကိုယ်ကို သုံးသပ်ဆင်ခြင်သင့်ပေသည်။ သူတစ်ပါးကို ဝေဖန်သုံးသပ်ခြင်းသည် အပြစ်တင်ပုတ်ခတ်ခြင်း အနုတ်လက္ခဏာမဆောင်ပါဘဲ တစ်ပါးသူ၏အမှားကို သင်ခန်းစာယူလျက် အမှန်ကိုမူ မိမိဘဝလမ်း၌စံထားကာ ပြုကျင့်နိုင်ရန်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်ဝေဖန်မှုသည် အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ဆင်ခြင်နိုင်ကာ မနေ့ကထက် ယနေ့ပိုတော်သောသူဖြစ်ရန် ကြိုးစားကြရပေမည်။

ဆင်ခြင်သုံးသပ်ခြင်းသည် လူ့ဘဝသက်တမ်းတစ်လျှောက်၌ ဆောင်ရန်၊ ရှောင်ရန်နှင့် ဘဝလမ်းဖြောင့်တန်းရန်ဖြစ်ပေသည်။ ဆင်ခြင်တတ်သူများသာ လောက၌ အသက်ရှင်နေရစ်ကြရစမြဲဖြစ်ပေ၏။ ဒိုင်နိုဆောသတ္တဝါတို့ မျိုးသုဉ်းပျောက်ကွယ်သွားရခြင်းမှာ ကာလဒေသတို့နှင့် လိုက်လျောညီထွေမှုရှိရန် သုံးသပ်ဆင်ခြင်ဉာဏ် မရှိကြခြင်းကြောင့်ပင်ဖြစ်ပေသည်။ သတ္တလောကထဲ၌ လေ့လာကြည့်ပါမူ ပညာသည်ကဗျာ၌ "တိမ်မှောင်ချဉ်း၍၊ မလင်းရောင်ဝါ၊ မှိုင်းအုပ်ကာလျှင်၊ ဘယ်ညာမလပ်၊ လောကဓာတ်သို့၊ တိုက်ခတ်တုန်ဟီ၊ လေပြင်းချီသော်၊ တွဲလီတွဲလောင်း၊ စာဘူးတောင်းလည်း၊ မညောင်းမကြောက်၊ သိုက်အိုးဆောက်သည်၊ အံ့လောက်ပညာသည်ပါတကား"ဟု ကဗျာဆရာမိုးစည်က ဆင်ခြင်ဉာဏ်ကြီးမားခြင်းကို ဖွဲ့ဆိုထားသည်။ စာငှက်ကလေးများသည် ၎င်းတို့၏ အသိုက်၊ စာဘူးတောင်းများကို မြွေတို့၏ အန္တရာယ်မှ ကင်းဝေးရန် သစ်ပင်သစ်ခက်အကိုင်းအဖျားတို့၌ အသိုက်ဆောက်နေထိုင်သော အသိဉာဏ်၊ ဆင်ခြင်ဉာဏ်ရှိကြသည်။ ထို့အတူ လင်းယုန်ငှက်တို့သည်လည်း အသက်ရှည်ရန် မိမိ၏နှုတ်သီးကို ရိုက်ချိုး၍ ဘဝအသစ်၊ အားအင်သစ်နှင့် ရှေ့ဆက်ရှင်သန်ခြင်းဟူသော ဆင်ခြင်ဉာဏ်ရှိကြပေသည်။

ဆရာကြီး မင်းသုဝဏ်ကမူ ပျဉ်းမငုတ်တိုကဗျာ၌ "ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်၊ စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလှုံလည်းတိုက်၊ လေပြင်းခိုက်လျက်၊ မငိုက်ဦးခေါင်း၊ နွေသစ်လောင်းသော်၊ ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍၊ လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်၊ အသင်ယောက်ျားကောင်းတကား"ဟု သစ်ပင်တို့ကို ဥပမာထား၍ လောကလူသားတို့ကို မီးမောင်းထိုးပြခဲ့ပေသည်။ သစ်ပင်တို့သည် မည်မျှလောကဓံကြုံရစေကာမူ မဖြုံစတမ်းနှင့် ကြိုးပမ်းရှင်သန်ကြပေသည်။ သစ်ပင်တို့ဆီမှ အတုယူစရာ၊ လေ့လာစရာများ များစွာရှိပေသည်။ လူတို့သည် အပူသောကလောကဓံတို့နှင့် ကြုံဆုံပါမူ လက်မြှောက်အလျှော့ပေးရန် မသင့်ကြောင်းကို ဆရာဒေါင်းနွယ်ဆွေက မာန်ကဗျာ၌ "အပွင့်ကို ခူး အဖူးငါ့မှာ ကျန်သေးတယ်။ အဖူးကို ဖျက် အခက်ငါ့မှာ ကျန်သေးတယ်။ အခက်ကို ချိုး အရိုးငါ့မှာ ကျန်သေးတယ်။ အရိုးကို နုတ် အငုတ်ငါ့မှာကျန်သေးတယ်။ အငုတ် ပယ်ရှေ့ မျိုးစေ့ငါ့မှာ ကျန်သေးတယ်။ မနက်ဖြန်ဆို၊ ငါ့ပင်ပျိုသည်၊ ဝေစည်စိမ်းလျက်၊ သီးပွင့်ရွက်နှင့်၊ ခက်လက်ဝေဆာ၊ မြေကမ္ဘာမှာ၊ သာယာဝင့်လန်း မေတ္တာဖျန်းပြီး၊ ငါ့လမ်းငါလျှောက် နေအုံးမယ်" ဟု သဘာဝတရား၏ ဆုံးရှုံးမှုများသည့်တိုင် လျှော့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်ကို အလင်းပြခဲ့သည်။

တိရစ္ဆာန်တို့၌ ဆင်ခြင်သုံးသပ်မှုအားကောင်းသော လေးစားစရာများရှိသကဲ့သို့ ဆင်ခြင်ဉာဏ်နည်းပါးသော သတ္တဝါများလည်း ရှိပေသည်။ ကျွန်တော်တို့ငယ်စဉ်က သင်ခဲ့ဖူးသော ဆင်သေနှင့်ကျီးမိုက်အကြောင်းတွင် မြစ်အတွင်းမျောလာသောဆင်သေတစ်ကောင်ပေါ်၌ ကျီးငှက်တစ်ကောင်သည် သက်သောင့်သက်သာဖြင့် တစ်သက်လုံးစားမကုန်ဟုဆင်ခြင်ဉာဏ်နည်းကာ ရေစုန်မျောလျက်လိုက်ပါနေရင်း သမုဒ္ဒရာအတွင်းရောက်ကာ မပျံနိုင်တော့ဘဲ ဒုက္ခရောက်ဘဝဆုံးရလေသည်။ ထို့အတူ ကျွန်တော်တို့သည်လည်း ဆင်ခြင်ဉာဏ်နည်းသောကျီးမိုက်ကဲ့သို့ ဘဝကို သက်သောင့်သက်သာဖြတ်သန်းလျက် ရေစုန်မျောပါမူ လောကဓံဝဲဂယက်အတွင်း ဒုက္ခရောက်ကာ ဆင်းရဲခြင်းနှင့်ကြုံရပေလိမ့်မည်။

ကျွန်တော်တို့သည် ခေတ်စနစ်ကို အပြစ်တင်ကာ ဆင်ခြင်သုံးသပ်မှုအားနည်းပါမူ လမ်းလွဲကာ ဆင်းရဲဒုက္ခနှင့်ကြုံကြရပေမည်။ "တိုးတက်သောလူမျိုးများ စာဖတ်ကြ၍ စာဖတ်သောလူမျိုးများသည် တိုးတက်ကြသည်"ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ဆိုထား၏။ စာဖတ်သူတိုင်း မအောင်မြင်သည့်တိုင် အောင်မြင်သူတိုင်း စာဖတ်ကြပါ၏။ ထိုသို့ ဆင်ခြင်သုံးသပ်မှုပြုသူတိုင်း မအောင်မြင်သည့်တိုင် အောင်မြင်သူတိုင်းသည် ဆင်ခြင်သုံးသပ်ဉာဏ်ကြီးမားကြပေသည်။ ဆင်ခြင်သုံးသပ်ဉာဏ်ရရှိရန် စာပေများများဖတ်ရှုရေးသည် အရေးကြီးသော အဓိကလုပ်ဆောင်မှုဖြစ်ပေသည်။

မိမိတို့ဘဝကို လေးလေးနက်နက်စဉ်းစားပါက ဘဝဟူသည် နေသလိုဖြစ်ပါ၍ ဖြစ်သလိုမနေသင့်ပေ။ အကယ်၍ ဖြစ်သလိုနေခဲ့ပါမူ ဖြိုသလိုဖြစ်ပေလိမ့်မည်။ လူ့လောကသဘာဝတရားအရ စားဝတ်နေရေး အဆင်ပြေရန် လောကီအကျိုးစီးပွားအတွက် ပြေလည်ရေးအစီအစဉ်ကို ရေးဆွဲကြရပေသည်။ လမ်းဟောင်းအတိုင်းသာသွားပါလျှင် ယခင်က တွေ့ဖူးကြုံဖူးသော အတွေ့အမြင်တို့သာ တွေ့မြင်ခံစားကြရပေမည်။ သို့တည်းမဟုတ် လမ်းသစ်ဖောက်ကာ သွားလာပါမူ လမ်းသစ်၏ အတွေ့အကြုံအသစ်၊ အမြင်အသစ်၊ ကြည်နူးခံစားမှုအသစ်တို့ တွေ့ကြုံရမည်မှာ ဓမ္မတာပင်။ ထို့ကြောင့် မိမိတို့ လက်ရှိခက်ခဲအကျပ်အတည်းမှ ကျော်ဖြတ်ရန်မှ လမ်းသစ်ဖောက်ခြင်းကို ကြိုးစားပြုလုပ်ကြရပေမည်။

လူကဗျာ၌ "ငှက်ကလေးတစ်ကောင်၊ သူ့အတောင်သူအားကိုးနဲ့ မိုးထိပျံ၏။ အတောင်မပါ ယောင်ချာချာ သည်လူထူးမှာ စိတ်ကူးတွေ အတောင်ပေါက် မိုးဖောက်နိုင်ဘိ"ဟု လူသားတို့၏အသိတရား၊ ဆင်ခြင်တွေးတောမှုကိုဖော်ပြထားသည်။ လူဆိုသည်မှာ ငှက်များကဲ့သို့ အလိုရှိရာအရပ်ရောက်ရန် လေဟုန်ခွင်းခြင်းအတွက် တောင်ပံမပါခဲ့ကြပေ။ သို့သော် သတ္တဝါများထဲတွင် လူသည် အသိဉာဏ်အမြင့်မားဆုံးဖြစ်၍ ငှက်တို့ထက်ပင် လေဟုန်စီးပစ္စည်းဖြင့် ပျံသန်းနိုင်ပေသည်။ လူတို့သည် စိတ်ဖြင့် ကမ္ဘာအနှံ့ ခြေဆန့်နိုင်ကြသည်။ လူသားတို့၏စိတ်ကူးမှု၊ ကြံဆမှုတို့ကြောင့် အထွတ်အထိပ်ရောက်ခဲ့ကြရပေသည်။ လူလုပ်လျှင် ဘာမဆိုဖြစ်တတ်သော လောကနိယာမတရားလည်း ရှိသည်။ အဓိကမှာ စိတ်ဆန္ဒဖြစ်ပြီး ဘုရားဟောသော ဆန္ဒာဓိပတိပင်ဖြစ်သည်။ တွေးတောဆင်ခြင်မှု ဦးဆောင်လမ်းကြောင်းပါက အရာရာဖြစ်နိုင်ကြောင်းကိုမူ ကျွန်တော်တို့ငယ်စဉ်ကတည်းကပင် လူဟူသော ဒွေးချိုးကဗျာလေးဖြင့် ဆရာကြီးတင်မိုးက မီးမောင်းထိုးပြခဲ့သည်။ အလွန်အဖိုးတန်သောကဗျာဖြစ်လျက် အားအင်တစ်ခုရရှိကာ ဘဝလမ်းကို အသုံးချကြရပေမည်။

မိမိတို့သည် ရောက်ရှိသောနေရာ၊ ရရှိသောအခွင့်ရေးတို့ကို ဖမ်းဆုပ်တတ်ကြရပေမည်။ မရှိရှိရာနှင့် မိမိ၏အကျိုးစီးပွားကို ရှေးရှုရမည်။ ဆရာကြီး အောင်သင်းသည် အခြေအနေအရ ထောင်ကျနေသည့်တိုင် ထောင်အတွင်း၌ အင်္ဂလိပ်စာကို သင်ယူခဲ့သည်ဟု လူတိုင်းသိကြသည်။ အခြေအနေတစ်ခုအရ ဘဝနိမ့်ကျနေသော်လည်း အလျှော့ပေးအားငယ်သော ရှုထောင့်မှမကြည့်ဘဲ လက်ရှိနေရာမှ ကိုယ့်အတွက် ဘာအကျိုးမြတ်ရှိနိုင်မည်ကို ဝိဇ္ဇာဟူသောသိခြင်း၊ သိခြင်းနောက်၌ စရဏဟူသောအကျင့် ကျင့်ကြံကြိုးကုတ်ခြင်းကြောင့် ဘဝ၌ အထွတ်အထိပ်နေရာတစ်ခုရရှိခဲ့ပေသည်။ ဘဝ၏အချိန်များတွင် ညည်းညူနေ၍ မပြီးနိုင်ကြောင်းကို ဆရာကြီးမင်းသုဝဏ်က "ညည်းလို့မပြီး ညူမပြီးဘူး အပြီးတယ်လုပ်နိုင်ပါမှ တော်ရာကျလိမ့်"ဟု ဆိုပါသည်။

စာရေးဆရာကြီး လယ်တွင်းသားစောချစ်သည်လည်း "ဆယ်တန်းစာမေးပွဲကို တစ်သက်လုံးဖြေမအောင်တော့ပါဘူး"ဟု မှားယွင်းသော သုံးသပ်မှုကြောင့် ခြောက်နှစ်တိုင်တိုင် လမ်းပျောက်လမ်းမှားကာ အချိန်ဖြုန်းမိခဲ့လေသည်။ ထို့နောက် ဆရာကြီး ပီမိုးနင်း၏ အောင်စိတ် အစရှိသောစာကောင်းပေမွန်တို့ကြောင့် ရှုထောင့်ပြောင်းလဲလာကာ အောင်မြင်မှုတံခါးတို့ကို အဆင့်ဆင့်ခေါက်ခဲ့ကြောင်း လူအများသိကြပေသည်။ ထို့ကြောင့် မိမိတွင် ကျိုးကြောင်းပညာရှိရန် ဗဟုသုတရရေးအစဉ်တွေးလျက် စာအုပ်စာပေတို့ကို အမြဲမပြတ်ဆည်းပူးကြရပေမည်။ "တတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ" ဆိုသကဲ့သို့ အတွေးအမြင်ကျယ်ပြန့်ကာ သုတကုံလုံမှသာ ဘဝခရီး၌ အဆင်ပြေချောမွေ့စွာ ရှင်သန်နိုင်ပေမည်။

အချုပ်ဆိုရပါသော် အချိန်၊ နာရီ၊ နေ့၊ ရက်တို့သည်လည်း နေဝင်မိုးချုပ် သူ့အလုပ်သူ လုပ်နေပါလိမ့်မည်။ ကျွန်တော်တို့ဘဝကို လမ်းပြဦးဆောင်ပေးသည်မှာ စာပေများဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်ပညာကြီးမားရန်၊ အမှား၊ အမှန်ကို ဆင်ခြင်သုံးသပ်နိုင်ရန်၊ သုတကုံလုံကာ ဘဝလမ်းခရီး၌ ကြုံတွေ့ကြရသော ဆူးငြောင့်ခလုတ်များကို ကျော်လွှားနိုင်ရန် စာအုပ်စာပေများကို ဖတ်မှတ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

❖ ကျွန်တော်တို့သည် သူတစ်ပါးအပါအဝင် မိမိကိုယ်ကို သုံးသပ်ဆင်ခြင်သင့်ပေသည်။ သူတစ်ပါးကို ဝေဖန်သုံးသပ်ခြင်းသည် အပြစ်တင်ပုတ်ခတ်ခြင်း အနုတ်လက္ခဏာမဆောင်ပါဘဲ တစ်ပါးသူ၏အမှားကို သင်ခန်းစာယူလျက် အမှန်ကိုမူ မိမိဘဝလမ်း၌စံထားကာ ပြုကျင့်နိုင်ရန်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်ဝေဖန်မှုသည် အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကိုဆင်ခြင်နိုင်ကာ မနေ့ကထက် ယနေ့ပိုတော်သောသူဖြစ်ရန် ကြိုးစားကြရပေမည်။ ဆင်ခြင်သုံးသပ်ခြင်းသည် လူ့ဘဝသက်တမ်းတစ်လျှောက်၌ ဆောင်ရန်၊ ရှောင်ရန်နှင့် ဘဝလမ်းဖြောင့်တန်းရန်ဖြစ်ပေသည်။ ဆင်ခြင်တတ်သူများသာ လောက၌ အသက်ရှင်နေရစ်ကြရစမြဲဖြစ်ပေ၏။ ❖

**ကိုးကား**

- **ပညာသည်ကဗျာ(မိုးစည်)**
- **ပျဉ်းမငုတ်တို၊ မြန်မာကဗျာ(မင်းသုဝဏ်)**
- **မာန်ကဗျာ(ဒေါင်းနွယ်ဆွေ)**
- **ထိပ်ဆုံးသို့ကဗျာ(ငွေတာရီ)**
- **ဓမ္မပဒ**

# မိုးရာသီစာ ဆေးဖက်ဝင် နာနတ်သီးအကြောင်း သိကောင်းစရာ

**ပေါက်ပေါက်**

ယနေ့ ကမ္ဘာပေါ်တွင် လူသားတို့စားသုံးနိုင်သည့် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ အမျိုးအစားပေါင်း မြောက်မြားစွာရှိသော်လည်း ပစ္စုပ္ပန်ကာလထိ စားသုံး၍ရသည့် **Bromeliad** နွယ်ဝင် ရှားပါးရုက္ခမျိုးနွယ် သစ်သီးတစ်မျိုးတည်းသာရှိသည်။ ၎င်းမှာ နာနတ်သီးဖြစ်သည်။ ပူနွေးစွတ်စိုသောဒေသတွင် ကောင်းစွာရှင်သန်နိုင်ပြီး မြန်မာနိုင်ငံ၏ မိုးရာသီစာသီးနှံဖြစ်ပါသည်။

နာနတ်ပင်တို့ မြစ်ဖျားခံရာဒေသမှာ တောင်အမေရိကတိုက်၏ အပူပိုင်းဇုန်ဖြစ်သည့် ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့ ဖြစ်ကြသည်။

ကမ္ဘာပေါ်တွင် နာနတ်သီးမျိုးကွဲပေါင်း ၂၀၀၀ ကျော်ရှိသည်။ စရိတ်အနည်းငယ်ဖြင့် စိုက်ပျိုးနိုင်သော အပင်ဖြစ်ပြီး အပင်ပေါက်ပုံက ထူးဆန်းသည်ဟုဆိုရမည်။ နာနတ်သီးတစ်လုံးမှ နှစ်ပေခန့်ရှည်သောအရွက်အရွယ်အစားမျိုးစုံ တစ်ဒါဇင်ခန့်ထွက်ရှိသည်။ ဆူးပါသောအခွံများက လုံခြုံစွာဖုံးအုပ်ထားကြသည်။ ထိုဆူးများကို မျက်လုံးဟုခေါ်ကြသည်။ အသီးသည် ထုထည်ပုံသဏ္ဍာန်ရှိတတ်ပြီး ရံဖန်ရံခါ မျိုးရိုးဗီဇဖောက်ပြန်ကာ အသီးတစ်လုံးတည်းတွင် အမွှာပူးသဏ္ဍာန် ထူးထူးခြားခြားပုံစံများကိုလည်း တွေ့ရသည်။ ၎င်းကိုဒေသခံများက ယပ်တောင်နာနတ်သီး ဟုခေါ်ကြသည်။ အခွံ၏အောက်ဘက်တွင် အဝါရောင်သန်းသော အသားများဖြင့် ပြည့်နှက်နေသည်။ အသီးမှည့်လေ အရည်ရွှမ်းပြီး အရသာပိုချိုလေဖြစ်သည်။ အထဲတွင် အတန်ငယ်မာသောအူတိုင်ပါရှိပြီး ၎င်းကိုလည်း စား၍ရပါသည်။

**နာနတ်သီးစားဖွယ်စုံ**

နာနတ်သီးကို အများအားဖြင့် သရေစာအချိုပွဲသုံးဆောင်လေ့ရှိပြီး ဖျော်ရည်အဖြစ်တစ်ဖုံ၊ ယိုအဖြစ်တစ်မျိုး စားသုံးကြသည်။ ဒိုမီနို၊ ကျောက်ကျော၊ ဂျယ်လီ၊ သကြားလုံး၊ ပီကေ စသည်တို့အပြင် တာရှည်အထားခံရန် အရည်ညှစ်ကာ သစ်သီးခြောက်လုပ်၍လည်းကောင်း၊ စည်သွတ်ဘူးဖြင့်လည်းကောင်း သိုလှောင်စားသုံးကြသည်။ ထို့ပြင် ထမင်းကြော်၊ အသုပ်၊ နာနတ်သီးဆော့စ်သာမက ဟင်းလျာများတွင်လည်း အရသာထူးကဲစေရန် နာနတ်သီးကို အမျိုးမျိုးအဖုံဖုံ ထည့်သွင်းသုံးဆောင်ကြသည်။

**ဆေးဖက်ဝင် နာနတ်သီး**

နာနတ်သီးသည် ကိုလက်စထရောပါဝင်မှုနည်းပါးပြီး လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့်သတ္တုဓာတ်တို့စုဝေးရာ အရင်းအမြစ်ဖြစ်သည်။ ၁၀၀ ဂရမ် အလေးချိန်ရှိသော လတ်ဆတ်သည့် နာနတ်သီးတစ်လုံးတွင် ကယ်လိုရီ ၅၀မီလီဂရမ်၊ ကယ်လ်စီယမ် ၁၃ မီလီဂရမ်၊ ပိုတက်ဆီယမ် ၁၁၀ မီလီဂရမ်၊ သံဓာတ် သုည ဒသမ ၂၉ မီလီဂရမ်၊ ဖော့စဖရပ် ၁၀ မီလီဂရမ်၊ ဇင့် သုည ဒသမ ၂၂ မီလီဂရမ်၊ ကစီဓာတ် ၁၃ ဒသမ ၂ ဂရမ်၊ ပရိုတင်း သုည ဒသမ ၅၄ ဂရမ်၊ အဆီ သုည ဒသမ ၁၂ ဂရမ်၊ ဗီတာမင်စီ ၃၇ ဒသမ ၂၀ မီလီဂရမ်၊ ဗီတာမင်ဘီဝမ်း သုည ဒသမ ၀၇၉ မီလီဂရမ်၊ ဗီတာမင်ဘီတူး သုည ဒသမ ၀၇၉ မီလီဂရမ်၊ ဗီတာမင် ဘီသရီး သုည ဒသမ ၄၉၅ မီလီဂရမ်၊ ဗီတာမင်ဘီဖိုက် သုည ဒသမ ၂၀၅ မီလီဂရမ်၊ ဗီတာမင်ဘီစစ် သုည ဒသမ ၁၁၁ မီလီဂရမ်၊ ဗီတာမင်အီး သုည ဒသမ ၆၂ မီလီဂရမ်၊ သကြား ၉ ဒသမ ၅ ဂရမ်နှင့် ခြေဖျက်လွယ်သောအမျှင်ဓာတ် ၁ ဒသမ ၄ ဂရမ်တို့ အသီးသီးပါရှိနေကြသည်။

နာနတ်သီးသည် **Bromelain** ဟုခေါ်သော အင်ဇိုင်းတစ်မျိုးပါဝင်သည့် တစ်ခုတည်းသောအသီးဖြစ်သည်။ အထူးသဖြင့် အသီး၏အလယ်အူတိုင်ထဲရှိ **Bromelain** ဓာတ်က အောက်ပါအတိုင်း ကျန်းမာရေးအတွက် ကောင်းကျိုးပြုသည်။

- အကိုက်အခဲပျောက်ဆေး (NSAID)များထက် ပိုပြီးအားကောင်းသည့် အစွမ်းသတ္တိရှိခြင်းကြောင့် ကြွက်သားများနာကျင်ခြင်းနှင့် အရိုးအဆစ်လွဲပြီးနောက် ဖြစ်တတ်သော ရောင်ရမ်းနာကျင်မှုတို့ကို ထိထိရောက်ရောက် သက်သာစေသည်။
- သွေးခဲခြင်းကြောင့် သွေးကြောပိတ်ဆို့ခြင်းနှင့် ဆက်စပ်သော နှလုံးရောဂါများကို ကာကွယ်ဟန့်တားပေးနိုင်သည်။
- သွေးလည်ပတ်စီးဆင်းမှုကို တိုးတက်ကောင်းမွန်စေသည်။
- ဓမ္မတာရာသီလာစဉ် ကိုက်ခဲမှုကို သက်သာစေသည်။



- ဂေါက်ရောဂါ၊ အအေးမိ၊ နှာစေးရောဂါများအပြင် လေပွန်ရောင်ခြင်း၊ ထိပ်ကပ်နာရောဂါနှင့်ဆက်စပ်နေသော ဝေဒနာများကိုသက်သာစေသည်။
- ခွဲစိတ်ခန်းဝင်ပြီးနောက် အနာမြန်မြန်ကျက်စေရန်အတွက် နာနတ်သီး စားပေးသင့်ကြောင်း ဂျာမနီဆေးသုတေသီများက တိုက်တွန်းထားကြသည်။
- အရိုးပွခြင်းကြောင့် ဒူးနာဝေဒနာခံစားနေရသောလူနာများ နာနတ်သီးစားခြင်းဖြင့် ရောဂါသက်သာပျောက်ကင်းနိုင်သည်။

နာနတ်သီးသည် အစာအိမ်မှထွက်ရှိသောအရည်နှင့် လွန်စွာဆင်တူသည့်အတွက် အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေပြီး ဝမ်းဖောဝမ်းရောင်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာအိမ်နာနှင့် လေပူထိုးခြင်းတို့ကို သက်သာစေနိုင်သည်။ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးသည်။ ပန်းနာရင်ကျပ်ကိုသက်သာပြေလျော့ပေးသည်။ ချွဲသလိပ်ကြေစေသည်။

နာနတ်သီးက အရေပြားကင်ဆာအတွက် ဖြေဆေးတစ်ခွက်ဖြစ်ကြောင်း အမေရိကန် ကင်ဆာဂျာနယ်ဆေးဆောင်းပါးများတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ အိန္ဒိယဆေးသုတေသီများကလည်း **Bromelain** အင်ဇိုင်းဖြင့် ကြွက်များကိုစမ်းသပ်ခဲ့ရာ ၃၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သဖြင့် လူသားများအတွက်လည်း အလားတူ ကောင်းကျိုးသက်ရောက်မှုဖြစ်စေမည်ဟု အခိုင်အမာ အတည်ပြုထားသည်။

နာနတ်သီးအူတိုင်ကို ပျားရည်ဖြင့်စိမ်၍ ကလေးများကိုကျွေးပါက သန်ကောင်ကျစေသည်။ နာနတ်သီးသည် လိမ္မော်သီးကဲ့သို့ပင် ဗီတာမင်စီပါဝင်မှုမြင့်မားသဖြင့် အအေးမိ၊နှာစေး၊ချောင်းဆိုးခြင်းကို တိုက်ထုတ်ပေးသည်။ ထူးခြားချက်မှာ နာနတ်သီးထဲတွင် **Bromelain** ဓာတ်ပါရှိနေသည့်အတွက် လိမ္မော်သီးထက် ပိုမိုအစွမ်းထက်မြက်စေသည်။

နာနတ်သီးထဲတွင် **Beta-carotene** အမြောက်အမြားပါရှိသည့်အတွက် အမြင်အာရုံကောင်းမွန်စေသည်။ နေ့စဉ် နာနတ်သီးစားပေးခြင်းဖြင့် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းရောက်သောအခါ အမြင်လွှာယိုယွင်းမှုဖြစ်နိုင်ခြေ ၃၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။ သဘာဝဆီးရှင်ဆေးအဖြစ် နာနတ်သီးကို စားသုံးရသည်။ ထို့ပြင် သုတေသနမှတ်တမ်းများအရ ဆီးလမ်းကြောင်းပိုးဝင်ပါက ပဋိဇီဝပိုးသတ်ဆေးကို ဆေးပတ်လည်အောင်သောက်ရင်း နာနတ်သီးကိုပါ တွဲဖက်စားပေးခြင်းဖြင့် ကူးစက်ပိုးများမှ အချိန်တိုအတွင်း ကင်းဝေးစေနိုင်သည်။

ကုသရန်ခက်ခဲသော ကြွက်နို့များအတွက် နာနတ်သီးအရည်ကို ကြွက်နို့ပေါ်လိမ်းပြီး ရေမဆေးဘဲ သည်အတိုင်းထားပါ။ ဤသို့ နေ့စဉ်မှန်မှန်လုပ်ပေးခြင်းဖြင့် ရက်အနည်းငယ်အတွင်းမှာပင် ပျောက်ကင်းနိုင်သည်။ ထို့ပြင် အသားမာများအတွက်ကိုလည်း နာနတ်သီးအရည်သုံးနိုင်ပါသည်။

နာနတ်သီးသည် သွေးပေါင်ချိန်ကျဆင်းစေသည့်အပြင် သွေးအတွင်း ကိုလက်စထရောများ လျော့ကျစေနိုင်သောကြောင့် သွေးတိုးရောဂါမဖြစ်စေနိုင်ပါ။ နာနတ်သီးကို ပုံမှန်စားသုံးလေ့ရှိသူ ဦးရေ ၂၀၀၀ ကို အချိန်ကာလ သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ထိုသူတို့တွင် သွေးတိုးရောဂါဖြစ်ပွားမှု ၁၈ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရသည်ဟု စပိန်သုတေသီများကဆိုသည်။

နာနတ်သီးကို သီတင်းတစ်ပတ်လျှင်နှစ်ကြိမ်ခန့် စားသုံးပေးသူများသည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ပွားမှု အလွန်နည်းပါးသည်။ နာနတ်သီးတွင် မဂ္ဂနီးစ်သတ္တုဓာတ် ကြွယ်ဝစွာ ပါရှိခြင်းကြောင့် အရိုးများကို ကျန်းမာကြံ့ခိုင်စေပြီး အရိုးနှင့်ဆက်စပ်သော တစ်ရှူး၊ အရွတ်၊ အကြောတို့ကိုပါ သန်စွမ်းအားကောင်းစေသည်။ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများအတွက် အရိုးသန်စွမ်းကြီးထွားမှု မြန်ဆန်စေပြီး လူကြီးပိုင်းများအတွက် အရိုးခိုင်မာစေသည့်အတွက် အရွယ်သုံးပါးမရွေး နာနတ်သီးဖျော်ရည်တစ်ခွက်ကို နေ့စဉ်သောက်သုံးပေးသင့်သည်။ ထိုသို့သောက်သုံးခြင်းဖြင့် လူတစ်ဦးအတွက် တစ်နေ့တာလိုအပ်နေသော မဂ္ဂနီးစ်သတ္တုဓာတ် ၇၃ ရာခိုင်နှုန်းထိ ရရှိစေနိုင်ပါသည်။

နာနတ်သီးသည် အသက်အရွယ်ကြောင့်ဖြစ်သော မျက်စိအမြင်ဝေဝါးခြင်းများကိုလည်း ကာကွယ်ပေးသည်။ ထို့ကြောင့် မျက်စိကျန်းမာရေးအတွက် နာနတ်သီးကို များများစားနိုင်လေ အကျိုးရှိလေဖြစ်သည်။ ခန္ဓာကိုယ်အပူရှိန်နှင့် အဖျားကျရန်အတွက် နာနတ်ရည်ကို ကဇော်ဖောက်ပြီး သောက်သုံးနိုင်သည်။ ဗီတာမင်စီကြွယ်ဝသည့် နာနတ်သီးစားသုံးပေးခြင်းဖြင့် သွားဖုံးရောင်ခြင်းနှင့် သွားဖုံးရောဂါအမျိုးမျိုးတို့ကို မဖြစ်ပေါ်စေဘဲ နှစ်ရှည်လများ သွားဖုံးခိုင်ခံ့ကောင်းမွန်စေသည်။

နာနတ်သီးကို ပန်းသီး သို့မဟုတ် ဖရဲသီးတို့ဖြင့် တွဲစားပါက ခန္ဓာကိုယ်ထဲရှိ မလိုအပ်သော အငန်ဓာတ်များကို ဖယ်ရှားပေးပြီး ကျောက်ကပ်နှင့် သည်းခြေတို့ကို အားဖြစ်စေသည်။ ခန္ဓာကိုယ်ထဲရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည့်အပြင် ကျောက်ကပ်ကိုလည်း သန့်ရှင်းစေနိုင်သည်။ နာနတ်သီးဖျော်ရည်ကို သခော်သီး၊ နွားနို့တို့နှင့်တွဲသောက်ပါက ဗီတာမင်စီ၊ ဗီတာမင်အီးနှင့်သံဓာတ်တို့ ကြွယ်ဝစွာရရှိစေသည့်အတွက် ဇီဝကမ္မဖြစ်စဉ်ကို ကောင်းစွာအထောက်အကူပြုပါသည်။ ဇရာကိုအန်တုမည့် ဖျော်ရည်အဖြစ် သောက်သုံးနိုင်သည်။

နာနတ်သီးဖျော်ရည်ကို ငှက်ပျောသီး၊ နွားနို့တို့ဖြင့် တွဲသောက်ပါက ဝမ်းချုပ်ခြင်းကို တားဆီးပေးနိုင်သည်။ ထို့ပြင် ဗီတာမင်နှင့်အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည့်အတွက် အသားအရေလှပမှုကို ကောင်းစွာပံ့ပိုးပေးသည်။ ဗီတာမင်စီကြွယ်ဝသော နာနတ်သီးနှင့် အူတိုင်အားလုံးကို စားခြင်းအားဖြင့် ခရီးဝေးသွားပြီးနောက် ပင်ပန်းနွမ်းနယ်ပြီး အားအင်များကုန်ခန်းသွားခြင်းကို ပြန်လည်အားဖြည့်ပေးစေကြောင်း၊ ရုပ်ပျိုအရွယ်တင်စေကြောင်း ကျန်းမာရေးသုတေသီ ဒေါက်တာ **Glenville** ကဆိုသည်။

နာနတ်သီးက အချိန်တိုအတွင်းမှာပင် ကိုယ်အလေးချိန်မတက်အောင် ထိန်းသိမ်းပေးနိုင်သည်။ ကျန်းမာနုပျိုသောခန္ဓာကိုယ်ကို ပိုင်ဆိုင်လိုသူများအတွက် နာနတ်သီးက အားထားလောက်ပေသည်။ နံနက်အိပ်ရာထ မအီမသာဖြစ်ခြင်းအတွက် နာနတ်သီးဖျော်ရည် သောက်ပေးသင့်သည်။

နာနတ်သီးထဲတွင်ပါရှိသော **Goiter** ဓာတ်တစ်မျိုးက သိုင်းရွိုက်အကျိတ်ကို ပုံမှန်ဖြစ်စေသည်။ ထို့ပြင် လည်ချောင်းနာခြင်း၊ လေပွန်ရောင်ခြင်းတို့ကိုလည်း သက်သာစေနိုင်သည်။ နာနတ်သီးထဲတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါရှိခြင်းကြောင့် ခန္ဓာကိုယ်အတွက် အကျိုးယုတ်စေသော **Free-radicals** များအန္တရာယ်မှ ကာကွယ်ပေးသည်။ ပန်းနာရင်ကျပ်ရောဂါနှင့်အူမကြီးကင်ဆာတို့ကို ကာကွယ်နိုင်သည်။ မှတ်ဉာဏ်စွမ်းအားကိုလည်း တိုးတက်မြင့်မားစေသည်။

နာနတ်သီးက လူသားတို့ကျန်းမာရေးကို များစွာအထောက်အကူပြုပေးရုံသာမက အသားအရေကျန်းမာလှပရေးအတွက်လည်း အကျိုးပြုသဖြင့် အသားအရေတွဲခြင်း၊ တွန့်ခြင်းမဖြစ်စေရန် နာနတ်သီးဖြင့် ပေါင်းတင်နိုင်ပါသည်။

အချုပ်ဆိုရသော် ကျန်းမာရေးကိုအထောက်အကူပေးသော နာနတ်သီးကို ဖြည့်စွက်စာအဖြစ် စားပေးကြရန် ဆရာဝန်များက တိုက်တွန်းကြသည်။ ထို့ကြောင့် မိုးရာသီစာ ဆေးဖက်ဝင်နာနတ်သီးကို ကျန်းမာရေးအတွက် အကျိုးများသဖြင့် စားသုံးပေးသင့်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်း လျှောက်လွှာများအား ၁၇-၆-၂၀၂၄ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၈-၂၀၂၄** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင် ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၅၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၅၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ဧက ၂၉၈၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၅၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပြောင်း ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်း ၅၂၂၃ ဧက၊ ကနီမြို့နယ်တွင် ဖူးစားပြောင်း ၂၅၆၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၃၀၊ ပုလဲမြို့နယ်တွင် ဖူးစားပြောင်း ၄၆၀၂ ဧက စုစုပေါင်း ၁၂၅၁၈ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၁၅၀၀၊ ကနီမြို့နယ်တွင် ဖူးစားပြောင်း ၂၉၆၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဖူးစားပြောင်း ၂၁၅၆ ဧက၊ ပုလဲမြို့နယ်တွင် ဖူးစားပြောင်း ၁၃၁၈၂ ဧက စုစုပေါင်း ဧက ၂၉၈၀၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ရေအိုးစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေအိုးစင်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ရေအိုးစင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာ စိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရေအိုးစင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေအိုးစင်ကျေးရွာရှိ နေကြာအပါအဝင် မြေပဲ၊ နှမ်းစိုက်ပျိုးသောတောင်သူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

**TBB,TBR,PCR** တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား **တာယာ** မှာ

**TRISTAR**

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ
အထူးစီမံ ထုတ်လုပ်ထားပါသည်။







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရန်နိုင်ရပ်ကွက်နေ ဒေါ်မီမီထက် (ခ) မိမိထက် (ဘ) ဦးမြင့်ဝေ (၇/ကတခ(နိုင်)၁၉၉၄၀၇) ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မသည် စဉ့်ကိုင်မြို့၊ ရန်နိုင်ရပ်ကွက်တွင် မိသားစုနှင့်အတူနေထိုင်ပြီး ကောင်းရောင်းကောင်းဝယ်ဖြင့် လုပ်ကိုင်စားသောက်နေသူဖြစ်ပါသည်။ (၈-၇-၂၀၂၄)ရက်နေ့တွင် ဆက်သွယ်ရေးကွန်ရက်အားအသုံးပြု၍ စဉ့်ကိုင်မြို့နယ် သတင်းပေါင်းစုံ Groupမှတစ်ဆင့် အမည်မဖော်သောပါဝင်သူ အမည်ဖြင့် Facebook အကောင့်မှ ကျွန်မနှင့် ကျွန်မမိသားစု၊ ကျွန်မ၏မိတ်ဆွေ ဒေါ်နုနုငယ် တို့နှင့်ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းနစ်နာစေရန် ရည်ရွယ်ကြံစည်ကာ မဟုတ်မမှန်သတင်းတင်ခြင်း၊ စွပ်စွဲရေးသားခြင်းများပြုလုပ်ခဲ့သဖြင့် ကျွန်မတို့တွင် ဂုဏ်သရေညှိုးနွမ်းထိခိုက်နစ်နာခြင်းများ ဖြစ်ခဲ့ရပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ စဉ့်ကိုင်မြို့မရဲစခန်းတွင် အမှုဖွင့်လှစ် တိုင်တန်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မတို့နှင့်ပတ်သက်၍ မဟုတ်မမှန်သတင်းများရေးတင်ခြင်း၊ ဖြန့်ဝေရေးသားခြင်းများ ထပ်မံမပြုလုပ်ကြရန်နှင့် ဆက်လက်၍ မဟုတ်မမှန်သတင်းများအား Online ပေါ်တွင်သာမက အပြင်လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းများထိ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ အခြားမည်သည့်နည်းနှင့်မျှ ကျွန်မတို့၏ဂုဏ်သိက္ခာကျဆင်းကာ စိတ်ညှိုးနွမ်းခြင်း၊ စိတ်ပြိုငြင်မှုများဖြစ်စေရန်အတွက် အသုံးပြုဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ကျွန်မတွင် ထပ်မံထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မီမီထက် (ခ) မိမိထက် (၇/ကတခ(နိုင်)၁၉၉၄၀၇)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိက ကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သော (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲတွင် ချီဆိုရာက ဂျိုးဂျွင်းစီကို ဒိုင်အမှတ်ဖြင့် အနိုင်ရရှိ




**ဂရင်းဝစ်ချ် ဇူလိုင် ၂၈**

ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား ချီဆိုရာနှင့် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းယာယီချန်ပီယံဟောင်း ဗြိတိန်လက်ဝှေ့သမား ဂျိုးဂျွင်းစီတို့ အင်္ဂလန်နိုင်ငံ ဂရင်းဝစ်ချ်မြို့၌ ဇူလိုင် ၂၇ ရက်က ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ချီဆိုရာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၄ ❖

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများ လွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

### ထူးခြားသည့် နေ့အပူချိန်များ

(၂၈-၇-၂၀၂၄)

| | |
|---|---|
| မန္တလေး၊ | ၃၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး၊ | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး၊ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ရေဦး၊ | ၃၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| ခဲ့ကိုင်း၊ | ၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |

## အောင်မြေသာစံမြို့နယ်၊ ပိတ္တီလာမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၈**

အောင်မြေသာစံမြို့နယ်၊ မိတ္ထီလာမြို့နှင့်တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် အောင်မြေသာစံမြို့နယ် သီရိမာလာ(အရှေ့)ရပ်ကွက် ၂၃ (C)လမ်း၊ ၈၉ လမ်းထောင့်ရှိကားဂိတ်တွင် ပလတ်စတစ်ထိုင်ခုံများ လာရောက်ပို့ဆောင်သူ မညီညီလွင်ကို စစ်ဆေးရှာဖွေရာ

စာမျက်နှာ ၂၂ ကော်လံ ၁ ○





သက်ဖြိုးအောင်(ခ)သာလိကာ၊ အောင်ဇေယျာဖြိုး(ခ)ကြက်တူရွေးနှင့် သီဟဇင်တို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း Ammonium Nitrate များနှင့်အတူ တွေ့ရစဉ်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်အား မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563